
www.burmeseclassic.com

ကလေးများအတွက်

# ဂဏန်းပန်းခြင်း

ရုပ်စုံမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

မောင်ခေတ်ထွန်း
စီစဉ်သည်

# ဂုဏ်ရည်ပန်းခိုင်

ရုပ်စုံ မဂ္ဂဇင်း



အတွဲ ၁၅၊ အမှတ် ၄၊ ဇွန်လ၊ ၂၀၁၀ ပြည့်နှစ်


အုပ်ချုပ်ရေးမှူး

ဒေါ်မြင့်မြင့်ရီ

အယ်ဒီတာချုပ်

မောင်ခေတ်ထွန်း
B.A. (Psy.), D.B.L, D.I.L,
Dip. in Global English, Cert, in B.D.S
D.L.P, WIPO (Switzerland)

အယ်ဒီတာအဖွဲ့

၈၀(အေ)၊ အပေါ်ဆုံးထပ်၊ ၁၂၄-လမ်း၊
သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၂၉၉၉၄၂၊ ၀၉ ၅၁ ၇၄၅၂၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၄၀၄၅၆၀၅၁၀

ထုတ်ဝေသူ

ဦးဝင်းမောင် (၃၆၅၅)
ရတနာဝပန်းခိုင်ရုပ်စုံမဂ္ဂဇင်း
၈၀ (အေ)၊ အပေါ်ဆုံးထပ်၊ ၁၂၄-လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ

ဦးဝင်းအောင် (၀၅၁၃၁)
သန်းထိုက်ရတနာပုံနှိပ်တိုက်
၈၄/၈၆၊ လမ်း-၅၀၊ ၁-ရပ်ကွက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးရိုက်

ဒေါ်ရွှေ (၀၂၀၇၉)၊ သုခပုံနှိပ်တိုက်
၁၂၈၊ ၄၆-လမ်း၊ ရန်ကုန်။
တန်ဖိုး - ၁၁၀ ကျပ်
ခုပ်ရေ - ၅၀၀


## ကဗျာ


| | | |
|---|---|---|
| မိုးအဖွင့် | နန္ဒာမိုးကြယ် | ၅ |
| အကြိုတော် | ညွန့်အေး(အင်းဝ) | ၈ |
| ခရေရွှေမှုန်းမှုန်းကောက်စို့လေး | သိပ္ပံမိုးမြင့်နိုင် | ၂၄ |
| ရွှေပဟာသ် | ကိုရင်ဂျာဝိုင်း | ၄၈ |
| ခေါင်းမူးသူ (အင်္ဂလိပ်-မြန်မာ) | မောင်သာလင်း | ၅၈ |
| စကားနှုတ်ချို | စကာ့ခွေသစ် | ၆၅ |
| နံနက်ခင်းဓါးအားမာန် | သုဝဏ္ဏလှိုင်(ဝင်းဇာ) | ၁၄၀ |


BURMESE CLASSIC

## သုတနှင့် ဉာဏ်စမ်းပဟေဠိ


| | | |
|---|---|---|
| ကလေးတို့မျက်စိဘယ်လောက်လျင်သလဲ | ဒေါ်လေးမြင့်မြင့်ရီ | ၆ |
| | သရုပ်ဖော်ပန်းချီမိုးကျော် | |
| ဒါတွေသိပါသလား | ကျော်စည်ငြိမ်း | ၁၈ |
| အဖြေညှိကြည့်လိုက်ပါလား | ဦးဦးပဟေဠိ | ၂၀ |
| ပုံတူကူးဆွဲပါ | | ၂၁ |
| ကလေးတို့တွက်တာသုတအဖြာဖြာ | မောင်ခေတ်ထွန်း | ၂၂ |
| ဂဏန်းအားလုံး မပေါင်းရသေးခင်အဖြေထုတ်ပြကစားနည်း | | ၃၃ |
| ကလေးတို့တွက်တာဗဟုသုတအတိုအထွာ | ကျော်မြင့် | ၄၂ |
| ချန်ပီယံတိရစ္ဆာန်များ | မောင်ခေတ်ထွန်း | ၅၇ |
| မျက်လှည့်ပြတမ်းကစားရအောင် | ဦးဦးဖက်တီး | ၆၃ |
| မတူတဲ့မုန့်လာဥနီတစ်လုံးကိုရွေးပါ | | ၇၂ |
| လုပ်တတ်ရင်လွယ်လွယ်လေး | မှတ်စုမောင် | ၈၂ |
| အံ့ဖွယ်ကမ္ဘာ့စံချိန်တင်မှတ်တမ်းများ | | ၁၀၃ |
| မတူတဲ့အချက် (၁၀)ချက်ကိုရှာပါ | | ၁၁၂ |
| ကျန်းမာရေးအသိကြွယ်ဝစေဖို့ | ဒေါက်တာရေချမ်း(Family) | ၁၁၃ |
| ဘာတွေများနေပါသလဲ | | ၁၁၅ |
| တူတဲ့ပုံ ၂ပုံရွေးပေးပါ | | ၁၁၅ |
| ဘာတွေယူဆောင်သွားသလဲ | | ၁၂၄ |
| တီထွင်မှုများသမိုင်း | မောင်ခေတ်ထွန်း | ၁၄၉ |


www.burmeseclassic.com

www.burmeseclassic.com


## ■ ကလေးများအတွက်အင်္ဂလိပ်စာ

Paragraph Writing
Daw Khin Aye Hlaing ၃၄

ဖြစ်သမျှအကြောင်းအကောင်းချည်းသာ(အင်္ဂလိပ်-မြန်မာ)
ကျော်မြင့်အေး ၄၄

Essays for young Students
ရွှေရည်ဝင်းသန်း ၄၇

Letter Writing Uncle Nyein ၈၈

English Speaking For The Young
Uncle Nyein ၁၁၆

## ■ ရုပ်ပြ

စိန်မျောက်မျောက် ကာတွန်းမြေဇာ ၉
မောင်တီတွင်နှင့်မောင်ပုညာ ကာတွန်းသစ်တွတ်း ၂၅
ရုပ်ဆိုးလေးရဲ့အလှ ကာတွန်းဆန်းထွန်း ၄၉
လှလေး ကာတွန်းလှကြီး
ဇာတ်လမ်း-သီရိ PTU ၇၃
ဖိုးသျှားနှင့်ဖိုးသား ကာတွန်းဆန်းထွန်း ၉၇
နှင်းကျား သရုပ်ဖော်အောင်ဖေ ၁၄၅

## ■ ကလေးရုပ်ရှင်နှင့် ဗီဒီယို

Alvin + The Chipmunks ဝေရက် ၈၅

## ■ ကလေးဟာသ

ကလေးဟာသများ ကျော်မြင့်အေး ၁၆
ကလေးဟာသများ ၁၃၁

## ■ ပြိုင်ပွဲ

ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၁) ၄၃
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၂) ၈၄
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၃) ၁၁၈
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၄) ၄၆
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၅) ၁၃၀
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲအဖြေများနှင့် ၁၅၀
အဖြေမှန်သူများစာရင်း
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၆) ၁၅၅

## ■ ဇာတ်နိပါတ်တော်နှင့်မြန်မာ့ရိုးရာပုံပြင်

သူ့အကျိုးဆောင်ကိုယ့်အကျိုးအောင်
ဝင်ပင်း(ဥသာမြေ) ၂၉
တန်ခိုးရှင် တင်မကြွနိုင်ဘူး ချောင်းဆုံအုန်းသွင် ၆၆
အဖွားချစ်နှင့်သူ့ဓါးသား မောင်ရဲကြည် ၈၉

## ■ ဂန္ထဝင်ပုံပြင်

သူ့ရှင်တကာရှာတိမ် ရှုလွှန် ၃၅

## ■ ပဟေဠိပုံပြင်

ဦးမှန်တိနှင့်မောင်ရှုပ်ကောက် ဦးသိန်းဇံ ၇၀






www.burmeseclassic.com

www.burmeseclassic.com

## ■ ပင်ကိုယ်ရေးပုံပြင်



| | | |
|---|---|---|
| သစ္စာသည်သာ | ရန်ကြီးအောင်(လှိုင်သာယာ) | ၆၀ |
| ရွှေငါးမယ်ခုနစ်ဖော် | မြတ်စန္ဒီသင်းဇော်(မကွေးတက္ကသိုလ်) | ၁၄၁ |


## ■ နိုင်ငံတကာပုံပြင်များ


| | | |
|---|---|---|
| တော်လိုက်တဲ့တပည့် (ကိုရီးယား) | အောင်စည်ချမ်းသာ | ၁၃ |
| ကမ္ဘာကျော်တရုတ်နီတိပုံပြင်များ | | ၉၆ |
| လျှောကျမာနမြေပေါ်ခ (အနောက်တိုင်း) | ပဲခူးမျိုးသွင် | ၁၀၅ |
| အရှုံးပါးတို့ပျော်စံရာ (အင်္ဂလိပ်) | မျိုးဟံသာ | ၁၂၅ |
| ဘွတ်ဖိနပ်နှင့်ကြောင်ကလေး | မောင်ခေတ်ထွန်း | ၁၃၃ |


## ■ ကလေးဝတ္ထုတိုများ


| | | |
|---|---|---|
| အမြတ်ခုံးဂုဏ် | ဒေါင်နန္ဒာ(ဆင်ဖြူကျွန်း) | ၇၇ |
| အတွေ့အကြုံတစ်ခု | ရဲဘော်မြသိန်း(ဟိုပုန်း) | ၁၁၉ |


**ပန်းချီကာတွန်းပညာရှင်များ**

အောင်ရှိန်၊ သော်က၊ ဆန်းထွန်း၊ မြေဟ၊
သစ်ထွဋ်၊ အအောင်၊ ဝလုံး၊ မေသစ်တည်၊
ရွှေဥဒေါင်း၊ ထက်မိုး၊ မိုးကျော် (C.U)၊
အေကာ၊ နိုင်လင်း၊ မောင်သီဟ၊
ဝင်းကိုး၊ ပေါ်က

**မျက်နှာဖုံးဒီဇိုင်း**

ကျော်စည်ငြိမ်း

**မျက်နှာဖုံးကာလာခွဲ**

Alpha

**အတွင်းဘလင်**

ဦးထွန်းဆိုင်

**ကွန်ပျူတာစာစီ**

Glory

**ဒီဇိုင်းအပြင်အဆင်**

ကျော်စည်ငြိမ်း

**ဖြန့်ချိရေး**

နေလစာပေ၊ အမှတ် ၂၁၆၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၀၃၈၂၃၊ ၅၇၁၁၆၁ (အိမ်)







www.burmeseclassic.com

www.burmeseclassic.com


# မိုးအာမွှင့်

နန္ဒမိုးကြယ်

* မိုးတိမ်အုံ့ဆိုင်း သိုင်းဖွဲခြုံ
ရာသီ လနယုန်၊
ပျံ့မွှေးသင်းထုံ စံပယ်မွှေး
မြရောင် မြက်သားမွေ့။
* အုံးအင်ဟစ်ကြွေး ညီးညီးညံ
ခွန်းကြူ ဖားတေးသံ၊
နားဝင်ပီယံ ရိုက်ခတ်မြူး
ရာသီ မှတ်သုံဦး။
* မြေသားနူးညံ့ လယ်ကွင်းပြင်
ထွန်တုံး ခြေတော်တင်၊
ခိုင်ဖြိုးဝေလွင် ကောက်နှံများ
ဖြိုးမောက်ကြစေသား။
* ခေါင်းလောင်းသံများ ချိုလွင်စာ
ကျောင်းကြီးဖွင့်တော့မှာ၊
ရွှေအနာဂတ် ထုဆစ်သွန်း
ပညာ့ ဂုဏ်ရောင်ရွှန်း။
* သံချိုခွန်းသွဲ့ ငှက်မိုးစွေ
မိုးစက် တမန်စေ၊
တို့တိုင်းမြန်ပြေ (ပြည်) ငြိမ်းအေးချမ်း
မိုးစက်သွန်းကာ・・・ဖျန်းတယ်လေး ။ ။

□





www.burmeseclassic.com

www.burmeseclassic.com


# ကလေးတို့ မျက်စိ ဘယ်လောက်လျင်သလဲ

## CAN YOU FIND THESE HIDDEN PICTURE

ကလေးတို့ရေ

ကလေးတို့ မျက်စိ ဘယ်လောက်လျင်သလဲဆိုတာ သိရအောင် တစ်ဖက်မှာ ဖော်ပြထားတဲ့ ပုံကြီးထဲက ကလေးတို့နဲ့ ယဉ်ပါးနေပြီဖြစ်တဲ့ ငရုတ်သီးတောင့် Chili ၊ ကြက်သွန်ဖြူ Garlic ၊ ပုလင်း Bottle ၊ တင်းနစ်ရိုက်တံ Tennis Racket ၊ ဓား Knife ၊ ငှက်မွေး Feather ၊ ကက်ဦးထုပ် Cap ၊ သစ်ရွက် Leaf ၊ လက်စွပ် Ring၊ လေးကိုင်း Bow ၊ ပန်းကန်ပြား Plate ၊ ဦးထုပ်အပျော့ Beret ၊ လက်ဝှေ့အိတ် Boxing Glove ၊ ကြယ်သီး Button ၊ ဓားရှည် Sword စတဲ့ ရုပ်ပုံ (၁၅)ခုကို ရှာလို့မလွယ်အောင် မြှုပ်ဆွဲထားပါတယ်။ အဲဒီပစ္စည်းတွေကို ရှာလို့ ရအောင်လည်း ပုံကြီးထဲမှာ မြှုပ်ဆွဲထားတဲ့ ပုံသဏ္ဌာန်အရွယ်အစားအတိုင်း အမျိုးအမည် ၁၅ မျိုးစလုံးကို စုပေါင်း ဖော်ပြပေး ထားပါတယ်။ ကလေးတို့က စိတ်ရှည်ရှည်၊ မျက်စိလျင်လျင်ထားပြီး ရှာဖို့သာလိုပါတယ်။ အဲဒီလိုရှာတဲ့ နေရာမှာလည်း တစ်ဦးတစ်ယောက် တည်းရှာတာထက် နှစ်ဦး၊ သုံးဦး ဝိုင်းရှာတာက ပိုပြီး ပျော်စရာ ကောင်းပါလိမ့်မယ်။ ကဲ စမ်းကြည့်ကြပေါ့ကွယ်။


ဒေါ်လေးမြင့်မြင့်ရီ
သရုပ်ဖော်ပန်းချီ မိုးကျော်






www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## အကြိုတော်

ဖိုးလမင်းကြီး အချိန်တန်
အနောက်ခွင်သို့ သူ့အိမ်ပြန်။

အရှေ့ခွင်မှာ အရုဏ်ကျင်း
နေခြည် ရွှေရည်ဝင်း။

ဖိုးလမင်းကြီး နားချိန်မှာ
နေမင်း ရောက်လို့လာ။

တာဝန်ထမ်းရွက် တစ်နေ့လုံး
နေခြည် ရွှင်ချိုပြုံး။

နေလုံးနီကြီး အနောက်ခွင်
နားဖို့ပြင်လေလျှင်။

အရှေ့ခွင်မှာ ကြယ်ဖွဲ့ကြီး
ဖိုးလမင်းကို ကြိုနေပြီး
ဝင်းတောက်လေ သတည်း။ ။


ညွန့်အေး (အင်းဝ)





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကိုရီးယားပုံပြင်

## တော်လိုက်တဲ့ တပည့်



ကိုရီးယားမှာ လခကောင်းကောင်းပေးရတဲ့ အလွတ်ပညာသင်ကျောင်းတစ်ကျောင်းရှိတယ်ကွဲ့။ အဲဒီမှာ ကျောင်းသားတွေကို တရုတ်စာအရေးအဖတ် သင်ပေးတယ်။ သူတို့ရဲ့ဆရာကြီးကို ကျောင်းသားတွေအားလုံးက ကြောက်ရွံ့ရိုသေကြတယ်။ ဆရာကြီးက သက်ကြီးရွယ်အိုပိုင်းရောက်နေပါပြီ။ ကျောင်းစာမလုပ်နိုင်တဲ့ တပည့်ဆိုရင် ဆရာကြီးက အမြဲလိုလို စိတ်ဆိုးဒေါသထွက်တယ်ကွဲ့။

တပည့်တွေကို သင်ကြားနေရင်း အတန်းထဲမှာ စာလုပ်ခိုင်းလေ့ရှိတယ်။ ကျောင်းသားတွေစာလုပ်တာ စောင့်ကြည့်ဖို့ ဗိုက်ဆာလာတဲ့အခါ ဆရာကြီးဟာ သူ့နားရှိ ခြင်းတောင်းလေးထဲက တစ်ခုခုကို နှိုက်ယူစားလေ့ရှိသတဲ့။


တစ်နေ့ သူ့တပည့်ငယ်လေးတစ်ယောက်က သိချင်တာနဲ့ မေးတယ်။

"ဆရာကြီးစားတာ ဘာလဲခင်ဗျာ့"

"အို . . ဒါဟာ ငါ့ရဲ့ လျှို့ဝှက်ချက်တစ်ခုကွဲ့။ လူကြီးတွေနဲ့ သင့်တဲ့ခေးပါ။ ကလေးတွေစားရင် အဆိပ်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ခဲဟော့"

ဒီလိုနဲ့ တစ်မနက်မှာ ဆရာကြီးဟာ အနီးဆုံး မြို့လေးကိုသွားစရာကိစ္စပေါ်လာရင်း ကျောင်းသားတွေသို့ မသွားခင်မှာခဲ့တယ်။

"ငါမရှိတဲ့အချိန် တစ်မနက်လုံး စာဖတ်ကြ၊ ရေးစရာရှိတာရေးကြ"

ဆရာကြီးထွက်သွားပြီး တစ်နာရီ လောက်ကြာတော့ ကျောင်းသားတွေဟာ ရေးရဖတ်ရတာကို ညီးငွေ့လာကြတယ်။

"ဆရာကြီးတောင်းလေးထဲ ဘာရှိသလဲကြည့်ရအောင်။ သူလျှို့ဝှက်ချက်သိချင်လို့ပါ"

ကျောင်းသားငယ်လေးက သူ့ဆန္ဒကို ထုတ်ပြောတယ်။

"အေး .. ငါလည်း သိချင်တယ်"

သူ့သူငယ်ချင်းတစ်ယောက်က ထောက်ခံတယ်။

သူတို့ဟာ ဆရာကြီးရဲ့ ခြင်းတောင်းလေးကို ဖွင့်ကြည့်တယ်။ အထဲမှာ သစ်သီးခြောက်တွေ အများကြီး တွေ့တယ်။

"ဟင် .. ဒါတွေက ဘယ်ကလာအဆိပ် ဟုတ်ရမှာလဲ"

ကျောင်းသားကြီးတစ်ဦးက ဝင်ပြောတယ်။

"မိုက်တောင်ဆာလာပြီ"

ကျောင်းသားငယ်လေးက ပြောပြောဆိုဆို ခြင်းတောင်းလေးထဲက သစ်သီးခြောက်တချို့ကို နှိုက်စားလိုက်တယ်။ ကျန်တဲ့ကျောင်းသားတွေကလည်း ဝိုင်းယူစားလိုက်ကြတာ အားလုံးကုန်ပါလေရော။

"ဟာ ဒုက္ခပါပဲ။ ဆရာ့ခြင်းတောင်းလေး ပြောင်သွားပြီ။ တို့ ဘာလုပ်ကြမလဲ။ ဆရာကြီးက ဒေါသတကြီးနဲ့ ကြိမ်းတော့မှာပဲ"

တစ်တန်းလုံး တိတ်ဆိတ်သွားတယ်။ နောက်တော့ ကောင်လေးအသံကြားရတယ်။

"အကြံတစ်ခုရပြီ။ သူငယ်ချင်းတို့ ကိုယ်ပြောတာ လိုက်လုပ်မလား"

အားလုံးက သူ့စကားအတိုင်း လိုက်လုပ်ကြတယ်။ ဆရာကြီးရဲ့ စားပွဲကို ကျွမ်းထိုးမှောက်ခုန်ဖြစ်အောင် လုပ်တယ်။ ကြမ်းပြင်တစ်ခုလုံးကို မင်နက်တွေ ဖျန်းလိုက်တယ်။ ဆရာကြီးရဲ့ မင်ထည့်တဲ့ ကျောက်တုံးလှလှကိုလည်း တစ်ဝက်တစ်ပျက် ချိုးဖျက်လိုက်တယ်။

"ကဲ .. အားလုံး ကြမ်းပေါ်မှာ လှဲအိပ်လိုက်ကြပါ"

ကောင်လေးရဲ့စကားအတိုင်း ကျောင်းသားအားလုံး လိုက်လုပ်ကြတယ်။ နေ့ခင်းမှာ မြို့က ဆရာကြီး ပြန်ရောက်လာခဲ့တယ်။ အတန်းထဲဝင်လိုက်တာနဲ့ ဆရာကြီးရဲ့ ဒေါသသံကြီးက ချက်ခြင်း ဟိန်းထွက်လာတယ်။

"ဒါ ဘာဖြစ်နေကြတာလဲဟေ့၊ ကြမ်းပေါ်မှာ မင်းတို့အားလုံး ဘာကြောင့် ပိုးလိုးပက်လက်ဖြစ်နေကြတာလဲ"

ကျောင်းသားကောင်လေးက ထရပ်ပြီး ဆရာကြီးကို ဖြေတယ်။

"ဆရာကြီးခင်ဗျာ။ မနက်က ဆရာကြီးခိုင်းတဲ့အတိုင်း ကျွန်တော်တို့ စာရေးစာဖတ်လုပ်ကြပါတယ်။ မောလွန်းလို့ ခဏတဖြုတ်နားပြီး အခန်းထဲမှာ ဆော့ကြပါတယ်။ ပြေးလွှားကစားရင်းက ဆရာကြီးစားပွဲကို တိုက်မိလို့ စားပွဲကြီး ကြမ်းပေါ်ဝုန်းကနဲ လဲကျပါတယ်။ မင်ထည့်တဲ့ မင်ခွက်ကျောက်တုံးလည်း ကျိုးပဲ့သွားတယ်။ တစ်တန်းလုံး စိတ်ထိခိုက်သွားပြီး သေချင်စော်နံသွားတာပါပဲ ဆရာကြီးရယ်။ ဒါနဲ့ ကျွန်တော်တို့အားလုံး ဆရာကြီးရဲ့ ခြင်းတောင်းလေးထဲက အဆိပ်တွေကို ယူစားပစ်ကြတယ်။ အခု ကျွန်တော်တို့အားလုံး သေမယ့်အချိန်ကို စောင့်နေကြတာပါ။ တပည့်တို့ အကြီးအကျယ် စိတ်သောက ဖြစ်ကြပါတယ်"

ပြောဆိုပြီး သူက ကြမ်းပြင်ပေါ် အများနည်းတူ ပြန် လဲလျောင်းနေလိုက်တယ်။

သူ့စကားကိုနားထောင်ပြီး ဆရာကြီးဆီက ဘာသံမှ ထွက်မလာပါဘူး။ သူဟာ အတန်းထဲကထွက် ဥယျာဉ်ထဲဆင်းပြီး စဉ်းစားခန်းဝင်ရင်း လမ်းလျှောက်နေတယ်။ တစ်အောင့်လောက်ကြာမှ ဆရာကြီးက သူ့ကိုယ်သူ အပြုံးနဲ့ ပြောလိုက်တယ်။

"အဟင်း .. ဒီကောင်တွေ ဒါမျိုးကျတတ်လိုက်ကြတာ မြန်ပ"

**[Joyce Hannam ၏ The Teacher's Secret]**


**အောင်စည်ချမ်းသာ**

❑



www.burmeseclassic.com

www.burmeseclassic.com




## ဘောလုံးပွဲကြိုက်တဲ့ဆရာဝန်

သွားဆရာဝန်က လူနာကို တောင်းဆိုနေသည်။

"ခင်ဗျား ကျွန်တော့်ကို ကူညီနိုင်မလား။ ခင်ဗျား နည်းနည်းလောက် အသံကိုကျယ်ပြီး နာကျင်တဲ့ ပုံစံနဲ့ အော်ပေးနိုင်မလား"

"ဘာဖြစ်လို့လဲ။ ဒီတစ်ခါသွားနှုတ်တာ မနာပါဘူး"

"အခု ဆေးကုဖို့လာတဲ့လူတွေက အများကြီးပဲ။ ကျွန်တော် လေးနာရီမှာကန်မယ့် ဘောလုံးပွဲကို လက်မလွှတ်ချင်လို့ဗျ"

---

## မူးတာက ကောင်းတယ်

အရက်မူးလွန်နေတဲ့လူတစ်ယောက် လမ်းပခုံးနဲ့ မြောင်းကြားထဲကို ခြေတစ်ဖက်ကျသွားတယ်။ ရဲသားတစ်ယောက်က အချိန်မီ သူ့ကို ဆွဲလိုက်နိုင်ပြီး –

"ကျွန်တော် ခင်ဗျားကို ဆွဲလို့ရလို့နော် သူငယ်ချင်း။ ခင်ဗျား တော်တော်မူးနေပြီ"လို့ ပြောလိုက်တယ်။

ထိုလူက "အရာရှိခင်ဗျား ကျွန်တော်မူးနေတာ တကယ်လားဟင်"လို့ မေးလိုက်တယ်။

"တကယ်ပေါ့ဗျာ၊ သေချာပါတယ်"လို့ ရဲသားက ဖြေရင်း "သွားကြစို့ဗျာ"လို့ ပြောလိုက်တယ်။

အမူးသမားဟာ သက်ပြင်းချလိုက်ပြီး

"ဘုရားမ,လို့ဗျာ။ ကျွန်တော်က ခြေထောက်ကျိုးနေတယ်လို့ ထင်နေတာ"လို့ ပြန်ပြောလိုက်ပါတယ်။

## အားပေးစကား

မေရီသည် အလွန်စိတ်ညစ်နေ၏။ သူမကို လူတွေက သဘောကျစေချင်၊ သနားစေချင်ကြ၏။ ထို့ကြောင့် သူမ၏အမေနှင့်အစ်ကိုကို ပြောပါသည်။

"သမီးကို ဘယ်သူမှ မချစ်ကြဘူး။ တစ်လောကလုံးက မုန်းနေကြတယ်"

သူမ၏အစ်ကိုသည် ကစားနေရာက သူမကို မကြည့်ချင်ကြည့်ချင်ကြည့်ပြီး အားပေးစကားပြောလိုက်သည်။

"အဲဒါမမှန်ဘူးမေရီရဲ့။ တချို့လူတွေက နင့်ကို သိတောင်မသိကြဘူး"

---

## သွားနှုတ်ခ

"ဝမ်းနည်းပါတယ် အမေကြီးခင်ဗျာ။ ခင်ဗျား ကလေးရဲ့သွားကို နှုတ်တာ ဒေါ်လာတစ်ရာတော့ ယူရလိမ့်မယ်"

"ဒေါ်လာတစ်ရာ ဟုတ်လား။ ကျွန်မသိတာက ဆရာဟာ ဒီလိုသွားနှုတ်ရင် ဒေါ်လာနှစ်ဆယ်ပဲယူတာလေ"

"ဟုတ်ပါတယ်ဗျာ" ဟု သွားဆရာဝန်က ပြော၏။ "ဒါပေမယ့် ဒီကလေးက ကြောက်စရာကောင်းအောင်အော်လိုက်လို့ လူနာလေးယောက်ပြေးသွားကြပြီဗျ"

www.burmeseclassic.com

www.burmeseclassic.com

## မီးလောင်တဲ့နေရာ

စိတ်လှုပ်ရှားနေတဲ့လူတစ်ယောက်ဟာ မီးသတ်ဌာနကို ဖုန်းဆက်လိုက်တယ်။

"ကယ်ပါဦးဗျာ၊ ကျွန်တော့်အိမ် မီးလောင်နေတယ်"

မီးသတ်သမားက "ခင်ဗျား ဘယ်မှာနေတာလဲ"

လို့ မေးလိုက်တယ်။ ထိုလူကပြန်ပြောတယ်။

"ကျွန်တော် အရမ်းစိတ်လှုပ်ရှားနေတယ်။ လိပ်စာအတိအကျကိုတောင် ပြောလို့မရဘူး"

မီးသတ်သမားက မေးတယ်။

"မင်းက ငါတို့ အဲဒီနေရာကိုရောက်လာဖို့ ဘယ်လို မျှော်လင့်မလဲကွ"

ထိုအခါ ထိုလူက ပြန်ပြောလိုက်တယ်။

"ဘယ်လိုမျှော်လင့်ရမလဲဆိုတာ ဘာကိုပြောတာလဲ။ အဲဒီနေရာက အနီရောင်ကုန်တင်ကားကြီးဗျ"

## အကျင့်ဖျောက်ပေးပုံက

အဘွားအိုနှစ်ယောက်သည် သူတို့လင်ယောကျ်ားများ၏ လက်ဖက်ရည်သောက်ကျင့်နှင့် ပတ်သက်၍ ဆွေးနွေးပြောဆိုနေကြ၏။

"ကျွန်မကတော့ ကျွန်မယောကျ်ား အယ်လ်မာကိုယ့်ကိုယ်ကိုယ် သေကြောင်းမကြံချင်ဘူး။ သူ့ကြောင့် ကျွန်မ အရမ်းတုန်လှုပ်နေတယ်"

"ကျွန်မယောကျ်ား ဘီလီလည်း ဒီလိုပါပဲ၊ ဒါပေမဲ့ ကျွန်မကတော့ သူ့အကျင့်ကို ဖျောက်ပေးလိုက်တယ်"

ဟု ဒုတိယအဘွားအိုက ပြန်ပြောလိုက်၏။

"ဘယ်လိုလုပ်လိုက်သလဲ"

"သူ့သွားတွေကို ဖွက်ထားလိုက်တယ်လေ"

## အခမဲ့လုပ်ပေးခြင်း

တစ်နေ့မနက်စောစောအချိန်မှာ အလုပ်ရှင်က အလုပ်ကိုရောက်လာတော့ သူ့ရဲ့မန်နေဂျာက သူ့ရဲ့ အတွင်းရေးမှူးမကို နမ်းနေတာကို တွေ့သွားတယ်။

သူက အော်ပြီးပြောလိုက်တယ်။

"ငါမင်းကို ဒီအတွက်လစာပေးထားလို့လား"

မန်နေဂျာက ပြန်ဖြေပါတယ်။

"မပေးပါဘူး ခင်ဗျာ။ ဒါက ကျွန်တော် အခမဲ့လုပ်ပေးတာပါ"

## ကြိုတင်သတိပေးခြင်း

လူတစ်ယောက်ဟာ မီးသတ်ဌာနကို ဖုန်းဆက်ပြီးပြောပါတယ်။

"ဟုတ်ကဲ့ ခင်ဗျာ။ ကျွန်တော့်အိမ်ရှေ့မှာ သဘာဝမြက်ခင်းပြင်ရှိတယ်။ လှပသာယာတဲ့ ပန်းခင်းတစ်ခုကိုလည်း ပိုင်ဆိုင်ထားတယ်။ ရေပန်းနဲ့ငါးမွေးမြူရေးကန်သစ်တစ်ကန် ပြီးတော့ နှင်းဆီပန်းဥယျာဉ်သစ်တစ်ခုလည်း ရှိပါတယ်"

"သိပ်ကောင်းတာပေါ့ဗျာ။ အဲ .. ဒါတွေက ကျွန်တော်တို့ မီးသတ်ဌာနနဲ့ ဘာဆိုင်လို့လဲဗျ" ဟု မီးသတ်သမားက ပြောလိုက်တယ်။

ထိုလူက "ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော့်အိမ်နားမှာ မီးလောင်နေလို့ ခင်ဗျားတို့ရောက်လာရင် ကျွန်တော့်အိမ်ရှေ့က မြက်ခင်းကို မနင်းမိစေချင်လို့ပါဗျာ"

လို့ ပြန်ပြောလိုက်ပါတယ်။

## မေ့ဆေးပြယ်သွားတဲ့အခါ

လူနာတစ်ယောက်သည် ခွဲစိတ်ပြီးနောက် မေ့ဆေးပြယ်ရာမှ သတိရလာသည်။ သူ၏ဇနီးက သူ့အနားမှာထိုင်နေ၏။ သူ့မျက်လုံးများက ပုတ်ခတ်ပုတ်ခတ် ပွင့်လာပြီး "မင်းက သိပ်လှတာပဲ"ဟု ပြောပြီးနောက် အိပ်ပျော်သွားပြန်သည်။

သူ၏ဇနီးမှာ ထိုစကားမျိုး တစ်ကြိမ်တစ်ခါမျှ မကြားဖူး၍ သူ၏အနားတွင်ဆက်ရှိနေ၏။ မိနစ်များစွာကြာပြီးနောက် သူ၏မျက်လုံးများမှာ ပုတ်ခတ်ပုတ်ခတ် လွင့်လာပြီး "မင်းကသိပ်လိမ္မာတာပဲ"ဟု ပြောလိုက်သည်။

သူ၏ဇနီးမှာ 'လှတာပဲ'ဟု အပြောခံရမည့်အစား 'လိမ္မာတာပဲ'ဟု အပြောခံရသည့်အတွက် စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။

သူမက "လှတာပဲလို့ ဘာလို့မပြောတော့တာလဲ"ဟု မေးလိုက်သည်။

ထိုအခါ သူက "မေ့ဆေးက ပြယ်သွားပြီလေ" ဟု ပြန်ပြောလိုက်လေသည်။

***Source:Intern***

ကျော်မြင့်အေး




www.burmeseclassic.com

www.burmeseclassic.com


# ဒါတွေသိပါသလား

ကျော်စည်ငြိမ်း



### အလွန်ပြင်းထန်သော မီးတောင်ပေါက်ကွဲမှုစွမ်းအား

အမေရိကန်ပြည်ထောင်စုနိုင်ငံ၊ ဝါရှင်တန်မြို့ရှိ စိန့်ဟယ်လင်မီးတောင်သည် ၁၉၈၀ ပြည့်နှစ် မေလက အကြိမ် ၅၀၀ တိုင် ပေါက်ကွဲခဲ့ရာ အဆိုပါမီးတောင် ပေါက်ကွဲမှုစွမ်းအားသည် ဒုတိယကမ္ဘာစစ်အတွင်းက ဟီရိုရှီးမားမြို့ကို အနုမြူဗုံးကျဲချစဉ်ကထက် ပေါက်ကွဲမှုစွမ်းအား ပိုများခဲ့သည်ဟု ဆိုသည်။



### ခြ၏ ဥနိုင်စွမ်းအား

ခြဘုရင်မတစ်ကောင်သည် တစ်နေ့တွင် ဥပေါင်း ၃၀,၀၀၀ ဥကာ သူ့ဘဝတာအတွင်း ဥပေါင်း သန်း ၅၀၀ အထိ ဥနိုင်ကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com

## လေပူပေါင်းကို အမြင့်ဆုံးစီးပြခဲ့သူ

၁၉၈၀ ပြည့်နှစ်က ဗြိတိန်နိုင်ငံသား ဂျူလီယန် နော့သည် လေပူပေါင်းကို အမြင့်ပေ ၅၆၁၀၀ ပေ (၁၁ မိုင်ခန့်) ထိရောက်အောင် စီးပြကာ စံချိန်တင်နိုင်ခဲ့သည် ဟု ဆိုသည်။





## မုန်တိုင်းကို ကြိုတင်သိသည့်ဂဏန်း

'တယောထိုးဂဏန်း' Fiddler Crabs ဟု အမည်တွင်သည့် အဆိုပါဂဏန်းသည် မုန်တိုင်းမဝင်မီ နှစ်ရက်အလိုတွင် တွင်းအောင်းရန် တွင်းတူးကြသည်ဟု ဆိုသည်။



## နှစ်၅၀ကြာ တင်ဆက်ရသည့် အရှည်အကြာဆုံး ပြဇာတ်ကြီး

အင်္ဂလိပ်ဆာခရစ်စတီးရေးသားသည့် 'ကြွက်ထောင်ချောက်' Mousetrap သည် ကမ္ဘာ့အရှည်လျားဆုံး ပြဇာတ်ရှည်ကြီးဖြစ်ပြီး နှစ်ပေါင်း ၅၀ ကြာသည့်အထိ စဉ်ဆက်မပြတ်တင်ဆက်ကပြရသည့် ပြဇာတ်ဖြစ်သည်။ အဆိုပါပြဇာတ်တွင် အဓိကသရုပ်ဆောင်ဖြစ်သူ ဒေးဗစ်ရာဗင် David Raven သည် ပြဇာတ်အခန်း ၄၅၇၅ ခန်းတွင် သရုပ်ဆောင်ခဲ့ရသည့် အချိန်အကြာဆုံး သရုပ်ဆောင်ရသူအဖြစ် မှတ်တမ်းတင်ခံခဲ့ရသည်။

(Ashwani Bhardwaj ၏ 1000 Freaky Facts စာအုပ်မှ)

ကျော်စည်ငြိမ်း

❑



www.burmeseclassic.com

www.burmeseclassic.com


# အဖြေသိကြည့်လိုက်ပါလား

ဦးဦးပဟောဋ္ဌိ

ကလေးတို့ရေ . .

သည်တစ်လမှာတော့ ကလေးတို့ရဲ့ ဗဟုသုတဉာဏ်ရည်တွေ ဘယ်ရွေ့ဘယ်မျှလောက် ထက်မြက်တယ်၊ လေ့လာမှုအား ဘယ်လောက်ကောင်းတယ်ဆိုတာ ဆန်းစစ်ကြည့်တဲ့အနေနဲ့ ဦးပဟောဋ္ဌိမေးထားတဲ့ အလျားလိုက်၊ ထောင့်လိုက် ဆက်စပ်မှုလေးတွေ ဖြေကြည့်ရတာ ပျော်စရာလည်း ကောင်းပါတယ်ကွယ်။

ကိုင်း . . ဖြေကြည့်ကြပါစို့လား။ **အဖြေကိုစာမျက်နှာ ၁၆၀တွင် ဖော်ပြပေးထားပါသည်။**



**အလျားလိုက်**

၁။ ဘတ်တော်ကြီးဆယ်ဘွဲ့မှ ဘွဲ့တစ်ဘွဲ့အမည်

၂။ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ရှေ့မှ လမ်းအမည်။

၃။ နတ်ပြည်ခြောက်ထပ်မှ အထပ်တစ်ထပ်၏အမည်။

၄။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ ပေါင်းစပ်ထားသော အခေါ်အဝေါ်။

၅။ ရခိုင်ပြည်နယ်အတွင်းရှိ လေဆိပ်တစ်ခု၏အမည်။

၆။ ဆီမီးဟူ၍ အဓိပ္ပါယ်ရသော ဝေါဟာရ။

၇။ 'ထုံးစံ' ဆိုသောစကားလုံးနှင့်တွဲသုံးသောဝေါဟာရ။

၈။ အိန္ဒိယပြည်မှ ကဗျာစာဆိုကြီး ရာဘင်ဒြာနာ့သ်တဂိုး၏ နာမည်ကျော်ကြားထင်ရှားသော ကဗျာစုတစ်ခု၏ ခေါင်းစဉ်။

၉။ တက်ကြွခြင်းဟု အဓိပ္ပါယ်ရသော ဝေါဟာရ။



www.burmeseclassic.com

www.burmeseclassic.com

၁၀။ လေမှုတ်ဂီတတူရိယာသုံးမျိုး၏အမည်။
၁၁။ ကုန်းဘောင်ခေတ်က ထင်ရှားကျော်ကြားသော ပတ်ပျိုးတစ်ပုဒ်၏အမည်။
၁၂။ ပွဲပြီးလျှင် ဆိုင်းအဖွဲ့မှ လုပ်ဆောင်ရသောအလုပ်။
၁၃။ - ငါးချဉ်၊ ပုစွန်ချဉ်တို့သုပ်စားရာ၌ အသုံးပြုသောဟင်းရွက်အမည်။

**ထောင်လိုက်**


၁။ အိန္ဒိယနိုင်ငံ၏ထင်ရှားသောခေါင်းဆောင်ကြီး၏အမည်။
၂။ တောင်ငူခေတ်၊ နတ်သျှင်နောင်စွဲလမ်းခဲ့သော မင်းသမီးအမည်။
၃။ သကြံန်ကျသောလကို မည်သို့ ခေါ်ပါသနည်း။
၄။ မင်းကွန်းဆရာတော်ကြီးရရှိခဲ့သောဘွဲ့အမည်။
၅။ သနပ်ခါးပင်နှင့် မှားယွင်းလေ့ရှိသည့် အပင်တစ်မျိုး၏အမည်။
၆။ 'လှံ့လ' ဆိုသည့်စကားလုံးနှင့်တွဲ၍သုံးသောဝေါဟာရ။
၇။ စာရင်းဇယားကိုခေါ်သောအမည်။
၈။ ရောဂါနှင့်တွဲ၍သုံးသည့်ဝေါဟာရ။
၉။ အအေးဆိုင်၌ရနိုင်သော ဖျော်ရည်တစ်မျိုး။
၁၀။ သာသနာတော်သုံးရပ်အနက်မှ တစ်ရပ်၏အမည်။
၁၁။ စား၍လည်းရ၊ အစေ့မှ အဆီထုတ်၍လည်းရသော ဆေးဖက်ဝင်အပင်တစ်မျိုး၏အမည်။
၁၂။ တစ်ချက်တည်းအနိုင်ယူလိုက်ခြင်းကို တင်စားသုံးနှုန်းသောဝေါဟာရ။

[အဖြေကို စာမျက်နှာ ၁၆၀ တွင် ဖော်ပြပေးထားပါသည်]

## ပုံတူကူးဆွဲပါ

ကလေးတို့ရေ

သကြားချောင်းစားနေတဲ့လူကလေးပုံကို ဇယားကွက်အလွတ်တွေထဲမှာ ကူးဆွဲပေး ရမယ်။ သူ့ဇယားကွက်အတိုင်းကူးဆွဲရင် အလွယ်တကူဆွဲလို့ရမှာဖြစ်ပါတယ်။




www.burmeseclassic.com

## ကမ္ဘာပေါ်တွင် ငါးများ မည်သည့်အချိန်က စတင်ပေါ်ပေါက်လာကြသနည်း

လွန်ခဲ့သည့် နှစ်သန်းပေါင်း ၅၀၀ ခန့်ကစတင်၍ ကမ္ဘာပေါ်တွင် ပထမဆုံး ကျောရိုးရှိသတ္တဝါ Vertebrates (Backboned animals) များ တရွေ့ရွေ့ဖြစ်စဉ်ဖြင့် ဖြစ်ပေါ်လာခဲ့ကြသည်။ မေးရိုးမဲ့ငါးများ Jawless fishes သို့မဟုတ် ခရုခွံကောင် Ostracoderms (shell skins) များဖြစ်ကြသည်။

သို့သော် ပထမဆုံးကျောရိုးရှိသတ္တဝါများ မည်သို့ တရွေ့ရွေ့ဖြစ်ပေါ်လာသည်ဆိုသည်ကိုမူ မသိရှိကြပေ။ သို့သော် 'အီချင်နိုဒမ်' Echinoderms သတ္တဝါအုပ်စုမှ စတင်ဖြစ်ပေါ်လာနိုင်သည်ဟု ယူဆကြသည်။ ဩစတရာကိုဒမ် Ostracoderms အများစုသည် ၅၀ စင်တီမီတာခန့်ပင် မရှည်လျားကြပေ။ သူတို့၏ ပါးစပ်တွင် ရေကို စုပ်ယူနိုင်ရန်နှင့် အစားအစာ အသေးအမွှား အစိတ်အပိုင်းများကို စားသောက်ရန် အပေါက်ကလေးများ၊ အစင်း ကြောင်းကလေးများ holes or slits တို့ပါရှိကြလေသည်။




ကလေးတို့တွက်တာ

# သုတအဖြာဖြာ

မောင်ခေတ်ထွန်း



## ကိုမိုဒိုနဂါးဆိုသည်မှာ အဘယ်နည်း

ကိုမိုဒိုနဂါး Komodo dragon သည် ပုတ်သင်မျိုးတွင် အကြီးဆုံးသတ္တဝါဖြစ်သည်။ ကုန်းမြေပေါ်ရှိ အကြီးဆုံး ပုတ်သင်မျိုးဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။

ကိုမိုဒိုနဂါးများသည် ဖွတ်မျိုးနွယ်ဝင်များဖြစ်ပြီး အများစုက ကြီးမားသည့်သတ္တဝါများဖြစ်ကြသည်။ နိုင်းလ်ဖွတ် Nile monitors သည် ၂ မီတာကျော်ရှည်လျားပြီး ကိုမိုဒိုနဂါးက ၃ မီတာကျော်ရှည်လျားသည်။ ကိုမိုဒိုပုတ်သင်မျိုး Komodo Lizards များသို့ ကိုမိုဒိုကျွန်းပေါ်တွင်တွေ့ရှိနိုင်သည်။ အင်ဒိုနီးရှားကျွန်းများပေါ်တွင်လည်း အနည်းငယ်တွေ့ရသည်။


www.burmeseclassic.com


www.burmeseclassic.com

## ရေညှိပင်သည်မည်သည့်အပင်အမျိုးအစားဖြစ်သနည်း

ရေညှိပင် Mosses သည် အမြစ်မရှိသည့် အပင်ပုကလေးများဖြစ်ကြသည်။ ရေညှိပင်များပေါက်ရောက်သည့်နေရာတွင် ပန်းပင်များပေါက်ရောက်ရန် မလွယ်ကူပေ။

ရေညှိပင်တွင် အရွက်ရှိုးရှိုးတွယ်ကပ်နေသည့် ပါးလွှာသော ပင်စည်ရှိုးတံလေးရှိသည်။ အမြစ်မရှိပေ။ သို့သော် 'ရိုင်ဇိုး' Rhizold ဟူ၍ ခေါ်ဆိုသည့် အမြစ်ကဲ့သို့ အမျှင်လေးများ Root-like threads ဖြင့် မြေကြီးကို ကုပ်ထားကြသည်။ အကြီးမားဆုံး ဥရောပရေညှိမျိုးမှာ အမွေးများရှိသော ရေညှိပင်မျိုး Hair moss (Polytrichum commune) ဖြစ်သည်။





## ပထမဆုံးပင်လယ်တွင်ကျက်စားသည့် တွားသွားသတ္တဝါများ မည်သည့်အချိန်က စတင်ပေါ်ပေါက်လာကြသနည်း

ပထမဆုံး ပင်လယ်ပြင်ဆီပြန်သွားသည့် ပထမဆုံးတွားသွားသတ္တဝါ First reptile မှာ ပါမီယမ် ပုတ်သင်မျိုးနှင့်တူသည့် မက်ဆိုဆောရပ်စ် Permian Lizard-like animal Mesosaurus များဖြစ်ကြသည်။ အလျား ၇၀ စင်တီမီတာရှည်၍ အမြီးမှာ ငါးရှဉ့်အကြီးကဲ့သို့ရှိကာ ရေကူးနိုင်ရန် ခြေဖဝါးရေယက်ပြား Webbed feet များရှိသည်။

အစောပိုင်းကာလ ပင်လယ်တွားသွားသတ္တဝါများတွင် ထူးခြားဆန်းကြယ်ဆုံးသတ္တဝါမှာ 'တာနီစတရိုဖီးရပ်စ်' Tanystropheus တွားသွားသတ္တဝါဖြစ်သည်။ သူ့တွင် မာကြောသည့် လည်ပင်းရှည်ကြီးရှိသည်။ ရေတိမ်တွင်နေထိုင်ပြီး ရေထဲခေါင်းငုံ့မြုပ်ထားကာ ပြည်ကြီးငါး squid နှင့် ငါးများကို ရှာဖွေဖမ်းယူ စားသောက်ကြလေသည်။

( **Know About Plants and Animals** စာအုပ်မှ )

**မောင်ခေမာထွန်း**

www.burmeseclassic.com

# ခရေမွှေးမွှေး ကောက်စို့လေး

* မိုးသောက်ချိန်လေး လေအေးအေး
ညီထွေးငယ်ငယ်၊ မအေးရယ်
ခရေပန်းကောက် သွားကြတယ်။


* နံနက်ချိန်အေး မိုးသောက်တေး
ငှက်လေးငယ်ငယ် စိုးစီတယ်
ချိုကြည်သာယာ ငြိမ့်ပြောင်းတယ်။

* ခရေပန်းမွှေး ဖြူဖွေးဖွေး
လေအေးတိုက်ဝယ် ကြွေကျတယ်
ညီထွေး၊ မအေး ကောက်လိုက်တယ်။

* လေပြည်ချိုမွှေး ပန်းသေးသေး
ဗန်းလေးပြည့်ကွယ် ရကြတယ်
ညီထွေး၊ မအေး ပြန်ခဲ့တယ်။

* အိမ်ရောက်တော့ကွယ် သီကာကုံး
မအေး တပြုံးပြုံး
ညီထွေးရယ် ကူပါဦး
ပန်းတွေ သီမဆုံး
ဘုရားတင်ပြီး ဝေပါဦး
ဆရာမဖို့ ချန်ထားဦး။ ။

သိပ္ပံစိုးမြင့်နိုင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ကိုးရုပ်ပြင်

# သူ့အကျိုးဆောင် ကိုယ့်အကျိုးဆောင်

ဇော်ဟိန်း(ဥာဏမြေ)






www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက လယ်သမားတစ်ယောက်မှာ သားနှစ်ယောက်ရှိသတဲ့။ အကြီးကောင်ဟာ အသုံးအဖြုန်းကြီးပြီး ကိုယ်ကျိုးသာကြည့်သူဖြစ်သလို အငယ်ကောင်ကတော့ ရိုးသားပြီး သူတစ်ပါးအကျိုးကို ဆောင်ရွက်လိုသူဖြစ်တယ်။

သူတို့ရွာနဲ့ အတော်ကလေးဝေးတဲ့တစ်နေရာမှာ မြို့ကြီးတစ်မြို့ရှိတယ်။ ကောက်ပဲသီးနှံတွေ ရိတ်သိမ်းပြီးချိန်ရောက်တိုင်း အဲဒီမြို့ကြီးမှာ ကြီးကျယ်ခမ်းနားတဲ့ ဘုရားပွဲတစ်ပွဲလုပ်လေ့ရှိတယ်။ ညီအစ်ကိုနှစ်ယောက်ဟာ ဒီဘုရားပွဲကို တစ်ခါမှမရောက်ဖူးကြလို့ ဒီနှစ်ဘုရားပွဲကို သွားရောက်ခွင့်ပြုဖို့ သူတို့အဖေဆီမှာ ခွင့်တောင်းထားကြတယ်။

"ဘုရားပွဲသွားတာတော့ သွားကြပေါ့။ နို့ပေမယ့် သားတို့သုံးဖို့စွဲဖို့ ဖေဖေ့မှာ ပေးစရာ ပိုက်ဆံမရှိဘူးကွယ့်၊ ဖေဖေပေးနိုင်တာက တစ်ယောက်ကို ကောက်ညှင်းထုပ်ကြီးကြီးတစ်ထုပ်စီပဲ။ အဲဒါပဲ ယူသွား"

အချိန်တန်တော့ ညီအစ်ကိုနှစ်ယောက် ကောက်ညှင်းထုပ်ကိုယ်စီဆွဲပြီး ဘုရားပွဲသွားကြတယ်။ သူတို့သိပ်ဝေးဝေးမရောက်သေးခင်မှာပဲ လမ်းပေါ်မှာ ကြိုးအတိုတစ်ချောင်းတွေ့ရတယ်။ ကြိုးက တစ်တောင်ကျော်ကျော်ပဲရှည်တာပါ။ ဒါကို ညီငယ်ကောက်ယူလိုက်တယ်။

"ဟေ့ကောင် မင်းရူးနေလား။ ဒီကြိုးအတိုအစကဘာ အသုံးဝင်မှာမို့လို့တုန်း"

"တစ်နေ့နေ့၊ တစ်နေရာရာမှာ အသုံးဝင်ချင်ဝင်မှာပေါ့ အစ်ကိုရာ"

ခရီးအတော်ကလေးရောက်ပြီးတဲ့အခါ အစ်ကိုက လမ်းပေါ်မှာ အပ်တစ်ချောင်းတွေ့လို့ ကောက်ယူကြည့်တယ်။ အပ်နဖားကျိုးနေတာမြင်ရတော့ လွှင့်ပစ်ဖို့ ဟန်ပြင်တယ်။

"အပ်ကျိုးဆိုတော့ ဘာမှ အသုံးဝင်မှာ မဟုတ်ပါဘူးကွာ"လို့ ပြောရင်းဆိုရင်း အပ်ကို လွှင့်ပစ်တယ်။

ဒါကိုမြင်ရတဲ့ ညီငယ်က အပ်ကို ပြန်ကောက်ယူပြီးမှ –

"အဲဒီလို မပြောနဲ့လေ။ အပ်ကျိုးလည်း သူ့နေရာနဲ့သူ အသုံးဝင်ချင်ဝင်မှာပေါ့ဗျာ"

ဒီလိုနဲ့ သူတို့နှစ်ယောက် ခရီးဆက်ထွက်ကြပြန်တယ်။ ခဏကြာတော့ အစ်ကိုက ခုလိုပြောတယ်။

"ငါ ကောက်ညှင်းထုပ်မစားရတာ အတော်ကြာပြီကွာ၊ ဘယ်လောက်အရသာရှိသလဲ သိရအောင် စားကြည့်ဦးမှ"

သူ ကောက်ညှင်းထုပ်ဖြည်နေတုန်းမှာ ညီလေးက ခုလိုပြန်ပြောတယ်။

"အစ်ကိုကလည်းဗျာ၊ ဗိုက်မဆာသေးဘဲနဲ့ ကောက်ညှင်းထုပ်စားတော့မလို့လား။ တကယ်ဗိုက်ဆာလာတဲ့အခါ စားစရာမရှိပဲ ဖြစ်နေပါဦးမယ်"

"ငါ့ဘာသာ ငါ စားချင်လို့စားတာ မင့်အပူတစ်ရွေးသားမှ မပါပါဘူးဟာ။ ငါ ဗိုက်ဆာလာရင်လည်း မင်းဆီက ကောက်ညှင်းထုပ် တောင်းမစားဘူး၊ စိတ်ချ စိတ်ချ"

'အစ်ကို'က အဲဒီလိုပြောပြီး ကောက်ညှင်းထုပ်တစ်ကိုက်ကိုက်စားကြည့်တယ်။ အရသာတွေ့သွားတာနဲ့ တစ်ထုပ်လုံးကုန်အောင် စားပစ်တယ်။

သူတို့ခရီးဆက်ပြန်လို့ တစ်နေရာရောက်တဲ့အခါ ဝတ်ကောင်းစားလှဝတ်ပြီး လမ်းဘေးမှာထိုင်နေတဲ့ လူငယ်တစ်ယောက်မြင်ကြရတယ်။ သူ့ကိုကြည့်ရတာ အတော်ကလေး ပင်ပန်းနွမ်းနယ်နေပုံရတယ်။ သူတို့ကိုမြင်ရတော့ လူငယ်က –

"ကျွန်တော်မြို့ကိုပြန်ဖို့ ခရီးထွက်လာတာပါ။ လမ်းမှာ ကျွန်တော့်မြင်းက ဘာစိတ်ရူးပေါက်သွားမှန်းမသိပဲ။ ကျွန်တော့်ကို ခါချပြီး ထွက်ပြေးသွားလို့ ကျွန်တော် တစ်နေကုန်ခြေလျင်လျှောက်ခဲ့ရတာ။ အခု ဗိုက်ဆာလွန်းပြီး ဆက်မလျှောက်နိုင်အောင် အားအင်ကုန်ခမ်းနေလို့ ခင်ဗျားတို့မှာ စားစရာများပါလာရင် ကျွန်တော့်ကို နည်းနည်းမျှပါလားဗျာ"

'ညီလေး'က သူ့ကောက်ညှင်းထုပ်ကို လူငယ့်လက်ထဲ ထည့်ပြီး ခုလိုပြောတယ်။

"ရော့ ..ဒီ ကောက်ညှင်းထုပ်စားလိုက်ဗျာ။ ကျွန်တော့်မှာ စားစရာဆိုလို့ ဒီဟာပဲ ရှိတယ်။ ခင်ဗျားအားပြန်ပြည့်ပါလိမ့်မယ်"

လူငယ်က ကောက်ညှင်းထုပ်ကို အားပါးတရစားပြီးတဲ့အခါမှာ တကယ်ပဲ အားပြန်ပြည့်လို့ မတ်တတ်ထလိုက်တယ်။ သူ့လွယ်အိတ်ထဲကနေ အဝတ်အိတ်ကလေးတစ်အိတ်ကို နှိုက်ယူပြီး 'ညီလေး'လက်ထဲကို ထည့်လိုက်ပြီးမှ –

www.burmeseclassic.com

"ကျွန်တော့်ကို အခုလိုကူညီတဲ့အတွက် ကျေးဇူး အများကြီးတင်တယ်ဗျာ။ ဒီဥစ္စာယူလိုက်၊ အထဲမှာ ရွှေဒင်္ဂါး တွေပါတယ်။ မြို့ပေါ်က ကျွန်တော့်အိမ်ကို တစ်ခါတည်း လိုက်ခဲ့ဗျာ။ ဟိုရောက်ရင် ကျွန်တော့်ဖေဖေက အခု ပေးတာထက် ဆယ်ဆမက ခင်ဗျားကို ဆုချပါလိမ့်မယ်"

'အစ်ကို'က 'ညီလေး' လတ်တလော ကောင်းစား သွားတာမြင်ရတော့ မနာလိုအူတိုဖြစ်သွားတာပေါ့။ ဒါ သူ့ကာသိုလ်ကံပဲလေ။

သူတို့သုံးယောက် ခရီးဆက်လာကြရင်း ရွာတစ်ရွာ ထဲ ဖြတ်မိတဲ့အခါ ရေတွင်းတစ်တွင်းနားမှာ လူစုလူဝေး တစ်အုပ် ရှုတ်ရှုတ်သဲသဲဖြစ်နေတာမြင်ကြရတယ်။ အကြောင်းရင်းသိချင်လို့ မေးလိုက်တော့ လူတစ်ယောက် က –

"ဩော် .. ရေတွင်းထဲ လူတစ်ယောက် ခြေချော် ကျသွားလို့ဗျာ။ ကျုပ်တို့က သူ့ကိုကယ်ဖို့ ကြိုးတစ်ချောင်း ချကြည့်ပေမယ့် မမီပါဘူးဗျာ။ အရှည်တစ်တောင်နီးနီး လိုနေတယ်။ အဲဒါကြောင့် အကြံအိုက်နေကြလို့ပါ"

"ဒီလိုလား။ ဒါဆို ကျွန်တော်ကူပါရစေလား။ ရှော ပောဒ်ကြိုးနဲ့ ခင်ဗျားတို့ကြိုးကို ဆက်လိုက်ရင် အဆင်ပြေ သွားပါလိမ့်မယ်"

ရွာသားတွေက ကြိုးနှစ်ချောင်းကို ဆက်ချည်ပြီး ရေတွင်းထဲ ချလိုက်တဲ့အခါမှာ အရှည်မီလို့ ရေတွင်းထဲက လူကို အပေါ်ဆွဲတင်နိုင်ကြတယ်။

သူတို့ ဆယ်တင်လိုက်တဲ့လူဟာ ဟိုဘက်ရွာက 'ရွာသူကြီး'ဆိုတာကို အပေါ်ရောက်မှ သူတို့သိကြတယ်။ သူ့ကျေးဇူးရှင်ကို ရွာသားတွေက ညွှန်ပြလိုက်တဲ့အခါမှာ–

"ကျုပ်အသက်ကို ကယ်ဆယ်တဲ့အတွက် လူ ကလေးကို ကျေးဇူးဆပ်ပါရစေကွယ်။ မောင်ရင် ထွန်ယက် လုပ်ကိုင်စားသောက်ဖို့ ကျုပ်တို့ရွာက မြေဆီညြဇာကောင်း တဲ့ လယ်တစ်ကွက် ဆုချမယ်ကွာ။ ကျုပ်တို့ရွာကို အချိန် မရွေးလာခဲ့ပါ။ မောင်ရင်ကြိုက်တဲ့ မြေကွက်ကိုသာပြော၊ မောင်ရင့်အတွက်ဖြစ်ရစေ့မယ်"

ဟိုဘက်ရွာက ရွာသူကြီးကို နှုတ်ဆက်စကား ပြောပြီးတဲ့နောက် လူငယ်သုံးယောက် ခရီးဆက်ကြပြန် တယ်။ 'အစ်ကို'ဟာ 'ညီလေး'အပေါ် သဝန်တိုစိတ် ရှိနေသူပီပီ အခုလို ခနဲ့တဲ့တဲ့ ပြောလိုက်တယ်။

"မင့် ကောက်ညှင်းထုပ်နဲ့ ကြိုးစကတော့ မင်းကို ကောင်းကောင်းအကျိုးပေးလိုက်ပြီပေါ့။ နို့ပေမယ့် မင့် 'အပ်ကျိုး'က ခုထက်ထိ အကျိုးမပေးသေးပါလား။ လွှင့် ပစ်လိုက်ပါတော့ကွာ"

'အစ်ကို' ဘာပဲပြောပြော 'ညီလေး'က အရေး မစိုက်တာမို့ 'အပ်ကျိုး'ကို လွှင့်မပစ်ဘူးတဲ့လေ။ သူတို့ဟာ မြို့ကြီးကိုမရောက်ခင် တောအုပ်တစ်အုပ်ကို ဖြတ်ရတယ်။ တောအုပ်ထဲမှာ မိန်းမချောတစ်ယောက် ထိုင်ငိုနေတာ တွေ့ရလို့ 'သူဌေးသား'က သူ့အနားရောက်အောင် အပြေး ကလေးသွားလိုက်တယ်။

"နှမကလေး၊ ဘာဖြစ်လို့ ငိုနေရတာတုန်း။ အစ်ကို တို့ ဘာလုပ်ပေးရမလဲဟင်"

"ကျွန်မတို့ သူငယ်ချင်းတစ်သိုက် ဒီတောအုပ်ထဲ မှာ တောပန်းလှလှကလေးတွေ အရှာထွက်လာကြတာပါ။ အဲဒီလိုရှာရင်း လူစုကွဲသွားလို့ ကျွန်မတစ်ယောက်တည်း ဒီနေရာရောက်နေတာပါ။ သူငယ်ချင်းတွေကို ရှာမတွေ့တဲ့ အထဲ ခြေထောက်ကို စူးဆူးမိလို့ ထိုင်ငိုနေတာပါ"

'ညီလေး'က –


"မပူပါနဲ့ဗျာ။ ကျွန်တော့်မှာ အပ်ပါလာတယ်။ ခင်ဗျားဆူးကို ထွင်ပေးပါရစေလားဗျာ"

'ညီလေး'ဟာ ပြောပြောဆိုဆိုနဲ့ သူ့ 'အပ်ကျိုး'ကို ဆွဲထုတ်ပြီး 'မိန်းကလေး'ရဲ့ ခြေထောက်မှာ စူးနေတဲ့ ဆူးကို ထွင်ပေးလိုက်တယ်။

ခုမှ နေသာထိုင်သာရှိသွားလို့ မိန်းကလေးလည်း စိတ်သက်သာရာရပြီး 'ညီလေး'ကို ကျေးဇူးတင်စကား ပြောတယ်။ 'ညီလေး'ရဲ့မျက်နှာကို ကြည့်လိုက်တဲ့အခါ ရိုးသားပြီး ဥပဓိရုပ်ကောင်းတာ သတိပြုမိလို့ 'မိန်းကလေး' လည်း သူ့ကို တစ်ခဏချင်းပဲ မေတ္တာသက်ဝင်သွားတယ်။

သူတို့လေးယောက် ခရီးဆက်ပြီး မြို့ကြီးကို ရောက်ကြတဲ့အခါ မိန်းကလေးကို သူ့မိဘဆီ အရင် ပို့ကြတယ်။ မိန်းကလေးက သူ့ 'ညီလေး'ကို မေတ္တာ သက်ဝင်နေကြောင်း သူ့မိဘသိအောင်ပြောပြတော့ သူ့မိဘက 'ညီလေး'ကို လူတော်လူကောင်းမှန်း အကဲခတ် မိလို့ လက်ထပ်ပေးဖို့ သဘောတူကြတယ်။ ဒီလို သဘောတူတဲ့နေရာမှာ 'သူဌေးသား'က လမ်းမှာ 'ညီလေး' ဟာ သူ့အပါအဝင် တခြားသူတွေကို ဘယ်လို ကူညီခဲ့ ကြောင်း ထောက်ခံပြောဆိုတာတွေကြောင့်လည်း ပါတာ ပေါ့လေ။

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အဲဒီနောက် သူတို့လူသိုက် 'သူဌေးသား'ရဲ့အိမ်ကို ဆက်သွားကြတယ်။ 'သူဌေးသား'ရဲ့ မိဘတွေက ညည်းသည်တွေကို သူတို့အိမ်မှာ ပျော်သလောက် တည်းခိုခွင့်ပေးပြီး အပြန်မှာ လက်ဆောင်တွေအများကြီး ထည့်ပေးလိုက်တယ်။

'ညီလေး'ရဲ့ အိမ်ပြန်ခရီးမှာ 'သူဌေးသမီးဇနီးချော' နဲ့ လက်ဆောင်ပစ္စည်းတွေ ပါလာတဲ့အပြင် သူ့ရေတွင်းထဲက ကယ်ဆယ်ထားခဲ့တဲ့ ရွာသူကြီးရဲ့ ရွာရောက်တော့ အဖိုးတန်လယ်မြေတစ်ကွက်ကို လွှဲပြောင်းပေးတဲ့ စာချုပ်စာတမ်းပါ အဆစ်ပါလာတာမို့ သူ့ဇာတိရွာ ရောက်တဲ့အခါ အလွန် မျက်နှာပွင့်တယ်လို့ သိရတယ်။

( **Stories With A Lesson** စာအုပ်မှ မြန်မာနိုင်ငံပုံပြင် **The Broken Needle** )

**ဇင်ဟိန်း(ဥသာမြေ)**

❑

## ဂဏန်းအားလုံးမပေါင်းရသေးခင် အဖြေထုတ်ပြကစားနည်း

အပေါင်းပုစ္ဆာတစ်ခုကို ပေါင်းမည်ဆိုပါက တစ်တန်းချင်း အတန်းလိုက် ပြည့်စုံစွာရေးပြီးမှ ပေါင်းရမည် ဖြစ်ပါသည်။ သို့မှသာ မှန်ကန်သောအဖြေကို ရပါမည်။ ယခု ဖော်ပြမည့်နည်းမှာ ဂဏန်း (၅)ကြောင်းပေါင်းရန် ဖြစ်သော်လည်း နောက်ထပ် (၄) တန်းမရေးမီ ပထမ (၁)ကြောင်းရေးပြီးရုံမျှနှင့် အားလုံးပေါင်းလို့ရလာမည့် အဖြေကို ကြိုတင်ရေးထုတ်ပြထားသော အဖြေထုတ်နည်းဖြစ်ပါသည်။

တွက်နည်း –

- သင့်သူငယ်ချင်းကို ပထမတစ်ကြောင်းစတင်ရေးခိုင်းလိုက်ပါ။ သင့်သူငယ်ချင်းက ၂၃၀၇၈ ဟု ရေးသည်ဆိုပါစို့။
- သင်က ၂၂၃၀၇၆ ဟု အဖြေကို ချက်ချင်းထုတ်ပြီး အခြားတစ်နေရာတွင် ရေးထားလိုက်ပါ။
- သင့်သူငယ်ချင်းကို ဒုတိယ တစ်ကြောင်း ဆက်ရေးခိုင်းပါ။
- သင်က တတိယအကြောင်းကို ဖြည့်စွက်ရေးပါ။
- သင့်သူငယ်ချင်းကို စတုတ္ထတစ်ကြောင်းဆက်ရေးခိုင်းပါ။
- သင်က ပဥ္စမအကြောင်းကို ဖြည့်စွက်ရေးပါ။

ပြီးလျှင် ထို (၅)ကြောင်းကို ပေါင်းခိုင်းပါ။ ရသောအဖြေသည် စောစောက သင်ထုတ်ထားသောအဖြေ ဖြစ်နေပါလိမ့်မယ်။ အဖြေထုတ်ရာတွင် လျှို့ဝှက်ချက်မှာ –

စတင်ရေးလိုက်သောဂဏန်းမှ (၂) ကို နုတ်ပြီး ရှေ့တွင် (၂)တစ်လုံးတိုးလိုက်ပါ။ ၂၃၀၇၈ သည် ၂၂၃၀၇၆ ဖြစ်သွားပါမည်။ ၂၃၀၀၀ ဆိုလျှင် ၂၂၂၉၉၈ ဖြစ်သွားပါမည်။ အဖြေထုတ်ရာတွင် (၀) ဆုံးနေလျှင် သတိထားပါ။

ဖြည့်စွက်ဂဏန်းရေးသွင်းရန် –

ဒုတိယဂဏန်း (အတန်း)ကို ၅၀၄၂၁ ဟု ရေးသည်ဆိုပါက

တတိယအတန်းကို သင်က ၄၉၅၇၈ ဟု ဖြည့်ရေးပါ။

ထက် အောက်ပေါင်းလျှင် (၉) ဖြစ်နေပါစေ။

စတုတ္ထဂဏန်း (အတန်း)ကို ၆၃၅၄၀ ဟု ရေးလျှင်

ပဥ္စမအတန်းကို သင်က ၃၆၄၅၉ ဟု ဖြည့်ရေးပါ။

ထက်အောက်ပေါင်းလျှင် (၉) ဖြစ်အောင် ဖြည့်စွက်ရေးရမည်ဖြစ်ပါသည်။ အတန်း (၅)ခုရေးသွင်းပြီး ပေါင်းခိုင်းပါက ကြိုတင်ရေးထုတ်ထားသောအဖြေ ဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။

**ဦးစိန်မြင့်**



www.burmeseclassic.com

www.burmeseclassic.com

# PARAGRAPH WRITING

**D**aw **K**hin **A**ye **H**laing

မေးခွန်း – **Write a Paragraph on 'My Daily Life'**
**'ကျွန်ုပ်၏ ဘဝတစ်နေ့တာ'**

## My Daily Life

People young and old have their own daily lives. They vary with their different ages too. While those of young ages have to go to school and have to do their simple routines, the grown ups have to go to work.

I get up from bed at six in the morning and have our brakfast after seven. After breakfast, I study my school lessons until it is time to go to school. At 8:15 am., I leave home for school. At school, I have to study about five and a half hours. I listen to my teachers attentively while they are teaching classes. Sometimes I take down notes and sometimes I watch television. When my exam is drawing near, I stop watching television and study my school lessons. Then I made obeisance to Lord buddha, say prayers and go to bed. I am glad that I am able to enjoy such a simple and peaceful life. I am also much thankful to my parents for keeping me happy and endeavoring me to be successful in my life.

*Daw Kin Aye Hlaing*

**မှတ်ချက်** – အခြေခံပညာအလယ်တန်းအဆင့်ရဲ့အထက် ကျောင်းသူ ကျောင်းသားများအတွက် Essay ရေးပြီဆိုရင် Essay ဆိုတဲ့ စကားလုံးမသုံးတော့ဘဲ Paragraph လို့သာ သုံးကြရပါတယ်။ Paragraph ဆိုတဲ့စကားဟာ 'a paragraph' လို့ ဆိုထားသလိုပဲ။ a နဲ့တွဲပြီး တစ်ခု၊ တစ်ပိုဒ်၊ စာပိုဒ်တစ်ပိုဒ်လို့ ဆိုလာပါတယ်။ ဒါကြောင့် ရေးဖြေတဲ့အခါ စာစီစာကုံးတစ်ပိုဒ်လုံး အစအဆုံးကို စာပိုဒ်တစ်ပိုဒ်တည်းသာရေးဖြေသင့်ပါတယ်။

### Glossary

1. People young and old = လူငယ်တွေရော၊ လူကြီးတွေပါ
2. vary with their different ages too = သူတို့၏အသက်အရွယ်ကိုလိုက်ပြီး မတူခြားနားကြပါတယ်။
3. have to do their simple routines = နေ့စဉ်လုပ်နေကျသာမန်အလုပ်ကလေးများကို လုပ်ကြရန်။
4. until it is time to go to school = ကျောင်းသွားချိန်မတိုင်မချင်း
5. I leave home for school = အိမ်ကနေ ကျောင်းသို့ထွက်ခွာသွားပါသည်။
6. Listen to my teachers attentively = ကျွန်ုပ်၏ဆရာများပြောသမျှကို ဂရုတစိုက်နားထောင်ပါသည်။
7. made obeisance to Lord Buddha = ဗုဒ္ဓမြတ်စွာဘုရားကို ရှိခိုးကန်တော့ပါသည်။
8. say prayers = ဆုတောင်းမေတ္တာပို့သပါသည်။
9. go to bed = အိပ်ရာဝင်ပါသည်။
10. for keeping me happy = ကျွန်ုပ်ကို ပျော်ရွှင်မြူးစွာနေထိုင်စားသောက်စေမှုအတွက်
11. endeavoring me to be successful in life = ကျွန်တော့်ဘဝပျော်ရွှင်အောင်ကြိုးပမ်းအားထုတ်ကြသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com

မြင်းဆယ်စီးရောက်လာသည်။ ရှေ့ဆုံးမှ လက်အုပ်ချီလျက် ဝင်လာသူမှာ ဘုရင်ရာဇာဖြစ်ပေ၏။

"သူ့လူကိုတွေ့ရင် မတိုက်နဲ့ဦး။ သူလာအောင် စောင့်ရ မယ်လို့ မင်းတရားကြီးအမိန့်တော်ရှိလိုက် ကြောင်းပါ"

"ဘုန်းတော်ကြောင့်အောင်မြင်ပြီးပြီလို့ လျှောက် လိုက်ပေတော့"

ဘုရင်ရာဇာနှင့်မြင်းဆယ်စီး ပြန်လည်ထွက်ခွာသွားလျှင် အမတ်တစ်ယောက်က ချဉ်းကပ်လာ၏။ ကျွန်တော်မိုင်းရဲဖြစ်၏။

"ကျွန်တော်တို့ သူတို့မအောင်မြင်သေးဘဲနဲ့ အောင်မြင်ပြီလျှောက်လိုက်တော့ မတော်တဆ အရပ် အနေမသင့်လို့ မအောင်မြင်ရင် အပြစ်တော်တင်တာခံ ရတော့မှာပေါ့အရှင်"

ကျော်ထင်နော်ရတာသည် မထီတရီပြုံး၏။ သည် အပြုံးကို ကျွန်တော်မိုင်းရဲအလွန်ကြောက်၏။

ဤသည်ကို စစ်သူကြီး ကျော်ထင်နော်ရထာ သိသည်။

"အစ်ကိုတို့ စစ်ရဲ့သဘောဟာ အင်အားနည်း တာ များတာ ပမာနမဟုတ်ဘူး။ လုပ်ရည်ကြံရည်ပေါ် မှာမူတည်တယ်။ ရဲစွမ်းသတ္တိပေါ်မှာလည်း တည်တယ်။ ကျေးဇူးတော်ရှင်ဘဝရှင်မင်းတရားကြီးရဲ့ ကျေးဇူးသစ္စာ တော်ကို အသက်စွန့်ပြီး ဆပ်ကြပေတော့"

စစ်သူကြီး ကျော်ထင်နော်ရတာသည် ထိုသို့ ပြောအပြီးတွင် တော်မိုင်းရဲနှင့် ဆင်စီးအမတ်တစ်ကျိပ်ငါး ကို လက်ျာကြောင်းခွဲလိုက်သည်။ ထိုလက်ျာစစ်ကြောင်း၌ မြင်းနှစ်ရာ၊ စစ်သည်သူရဲသုံးထောင်သာပါသည်။

ထိုနည်းတူပင် လက်ဝဲစစ်ကြောင်းမှာလည်း ဆင်စီးအမတ် တစ်ကျိပ်ငါးနှင့် မြင်းနှစ်ရာစစ်သည် သူရဲ သုံးထောင်သာပါသည်။ စစ်ကြောင်းကို ကွပ်ကဲသူမှာ ဘယသကြံ့နိုဖြစ်၏။

အလယ်စစ်ကြောင်းကို ကိုယ်တိုင်ဦးစီးသည်။

ဂန္ထဝင်ပုံပြင်များ (၄၆)

# သုရှင်တကာရွတ်ပိ

လူလွန်

"ဟေ့ မိုင်းရဲရဲ့ သည်စစ်ကို ငါတို့အောင်မြင် ရင် အသက်ရှည်မယ်။ သည်စစ်ကို ငါတို့မအောင်မြင် ရင် အသက်မရှည်ဘူး။ သေပြီးသူကို ဘယ်သူက အပြစ် တင်မှာတုန်း။

ကျွန်တော်မိုင်းရဲ ဟာခနဲဖြစ်သွား၏။

စစ်သူကြီး ကျော်ထင်နော်ရတာ၏ စကားက ရှင်းသည်။ သည်စစ်ကိုမအောင်လျှင် မုချသေရမည်။ အောင်မှသာ အသက်ရှင်နေရမည်။ မည်သို့မျှ စိတ်နှစ်ခွ ရှိရန်မလို။ မသေချင်လျှင် နိုင်အောင်တိုက်။

သို့စဉ်တွင် သုရှင်တကာရွတ်ပိ၏ အမတ် ဗညားဒလနှင့် မင်းရဲအောင်နိုင်တို့၏ တပ်ကြီးများချီလာပြီ။ စစ်တံခွန်တလွှားလွှား၊ စစ်စည်စစ်မောင်းသံ တညံ့ညံ့ဖြင့် ချီတက်လာသော ဟံသာဝတီတပ်ကား၊ ထောင်ငွေတပ်ထက် အင်အားများကြောင်း သိသာ၏။ သို့ကြောင့် ဟံသာဝတီတပ်သည် ရဲရင့်စွာချီလာ၏။

ဆင်စီးအမတ်နှစ်ကျိပ်မြင်းတစ်ရာ၊ စစ်သည် သူရဲလေးသောင်းပါသည်။ စွယ်လမန်အမည်ရှိသည့် ဆင်ကိုစီးသည်။

ကျော်ထင်နော်ရထာ၏တပ်မှာ ဟံသာဝတီ တပ်နှင့် စာသော်အင်အားနည်း၏။ သို့ရာတွင် စစ်နိုင်မှ အသက်ရှင်မည်ဟု နားလည်သောကြောင့် မတွန့်မဆုတ် တိုက်ခိုက်ရာ ဟံသာဝတီတပ်အရေးနိမ့်သည်။ မင်းရဲ အောင်နိုင်မှာ ထင်ပေါ်တွင်ကျဆုံးရာ ဗညားဒလလည်း ဆင်မှမြင်းသို့ပြောင်းပြီး ဆုတ်ခွာ၏။ ဟံသာဝတီတပ် လေးစုကွဲ၏။ ကျော်ထင်နော်ရတာ၏တပ်များက အသက်ရှူခွင့်မပေးဘဲ ဖိနှင်းတိုက်ခိုက်၏။ သို့ကြောင့် ဆင်မြင်းသုံးပန်းအများ ကျော်ထင်နော်ရထာ၏ တပ်များ က ရလိုက်၏။

ဟံသာဝတီပြည့်ရှင် သုရှင်တကာရွတ်ပိသည် နောင်ရိုးတပ်အပျက်တွင် "ပန်းမထီးဝ" သို့ ဆုတ်ခွာ

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တော်မူ၏။ သို့ရာတွင် အချိန်မရွေး ရန်သူ့တပ်ရောက်လာနိုင်သဖြင့် ပြည့်ဘုရင် နရပတိနှင့်ပေါင်းရန် ပြည်မြို့သို့ ဆန်တော်မူခဲ့၏။ သူရှင်တကာရွှတ်ပိတွင် ဆင်မြင်းစစ်သည်ဗိုလ်ပါအများ ပါသော်ငြား အိမ်ရှင်ပြည်မင်း နရပတိ စိတ်အနှောက်အရှက် မဖြစ်စေရန် အင်္ဂပူရ၌ ထားခဲ့သည်။ ကိုယ်တော်နှင့်အတူ မိဖုရားနှင့်သားတော်သမီးတော်များသာပါသည်။ သို့ဖြစ်သောကြောင့် ပြည်ဘုရင်နရပတိသည် ဝမ်းသာအားရ ခင်မင်ချစ်ကြည်စွာဖြင့် ထွက်ခွာကြိုဆိုတော်မူ၏။

ရန်သူအချိန်မရွေး ရောက်လာနိုင်သောကြောင့် ပန်းမထီးဝမှာပင် မနေရဲသော သူရှင်တကာရွှတ်ပိမှာ စိတ်သက်သာရာ ရနေသည်။ အကြောင်းသော်ကား အင်းဝတပ်တွေ အလုံးအရင်းဖြင့် စစ်ကူရောက်လာကြသည်။ တဖန် စော်ဘွားတပ်များလည်း ရေအား ကြည်းအားဖြင့် ရောက်လာကြသည်။

ထိုအချိန်တွင် မင်းတရားရွှေထီးသည် နောင်ရိုးသို့ရောက်လာ၏။ ဆင်မြင်းသုံးပန်းနှင့် လက်နက်များ သာရသဖြင့် မကျေနပ်။

"ငါ့ကို မငဲ့ဘဲ တိုက်နှင့်တာဟာ ငါ့ပွဲကိုဖျက်တာပဲ"

"သည်ပွဲဟာ မင်းကြေရဇာနဲ့ မထိုက်တန်ပါဘူး၊ ကျွန်တွေနဲ့ပဲ တန်ပါသေးတယ်။ ရှေ့မှာ အရှင်နဲ့ ထိုက်တန်တဲ့ပွဲတွေ အများကြီး ရှိပါဦးမှာသေးတယ်ဘုရား"

သည်တစ်ခွန်းဖြင့်ပင် ဘုရင်မင်းမြတ် အမျက်ပြေကာ လက်တော်နှစ်ဖက်ရှိ ပတ္တမြားလက်ကောက် လက်စွပ်များကို ဆုတော်အဖြစ် ပေးသနားတော်မူ၏။

"လှိုင်မြို့ကို ကံကျေးခံစေ။ ဘုရင့်နောင်အမည်ကိုလည်းခံစေ"

ဘုရင်မင်းမြတ်သည် ယောက်ဖတော်အား ချီးမြှင့်ပြီးနောက် ဗိုလ်မှူး၊ တပ်မှူးနှင့် သူရဲသူခက်များကိုလည်း အထိုက်အလျောက် အဆောင်အယောင်နှင့် စားကျေးစားလက်များ ပေးတော်မူသည်။ ထို့နောက် 'အင်းပြော' ကျွန်းတွင် တပ်ခိုင်တပ်လုံတည်ထားသည်။ ကြည်းတပ်ရော ရေတပ်ပါ ပူးတွဲတပ်ခွဲထားကြသည်။

မင်းတရားရွှေထီးသည် သုံးရက်အကြာတွင် စစ်သူကြီးကျော်ထင်နော်ရထာကို ရှေ့တော်သို့ခေါ်တော်မူ၏။

"ပြည်မြို့ထဲကလည်း ငါတို့ကိုထွက်မတိုက်ဘူး။ ငါတို့တိုက်ရင်လည်း မြို့စီးပြစီးတွေထူထပ်တယ်၊ ဘယ်လိုလုပ်မတုန်း"

"ဉာဏ်ကူရပါမယ်အရှင်"

ထိုသို့အစချီကာ ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ပြည်ရေတပ်ဦးကျိုးအောင်လုပ်နည်းကို တင်လျှောက်၏။ မင်းတရားရွှေထီး နှစ်ခြိုက်တော်မူသဖြင့် "သည်အတိုင်းစီရင်ပေတော့"ဟု စစ်သူကြီးဘုရင့်နောင်ကျော်ထင်နော်ရထာသို့ လွှဲအပ်တော်မူ၏။

စစ်သူကြီးသည် တိုက်လှေများတွင် စိန်ပြောင်းမြတပူတင်ခိုင်းသည်။ ထိုလှေများကို မြစ်ကမ်းနားတစ်လျှောက်၌ အသင့်ထားသည်။ ထိုသို့ရှိကြောင်းကို မင်းတရားရွှေထီးထံ သံတော်ဦးတင်သည်။

မင်းတရားသည် ရွှေလှော်ကား နှစ်စင်းတွင် ပုံမောင်းနှဲခရာများတင်စေသော် တီးခွင့်မပေးဘဲ လရောင်ပိုးဝင်းတွင် ကိုယ်တော်တိုင်ပြည်မြို့အခြေသို့ ကပ်လာတော်မူ၏။ အင်းဝရေတပ်၊ ပြည့်ရေတပ်နှင့် ဟံသာဝတီရေတပ်၊ ရေတပ်သုံးတပ်ပေါင်း အင်အားကား ကြီးမားချေ၏။ သို့ရာတွင် ရေတပ်ကြီးသည် လရောင်အောက်၌ငြိမ်သက်နေ၏။

နှဲသံ၊ ပုံသံ စည်မောင်းသံများ ရုတ်ချည်းပေါ်လာ၏။

"မင်းတရားရွှေထီး ချီတော်မူလာပြီ"

သုံးတပ်ပေါင်း ရေတပ်ကြီး ပွက်လောရိုက်သွား၏။

"ဖမ်းဟ ဆီးဟ မလွတ်စေနဲ့"

မီးစည်း မီးတိုက်များ ချက်ချင်းလင်းလက် လာ၏။ လှော်ကားနှစ်စင်းတည်းပါတကား။ တိုက်လှေ ဟူ၍ တစ်စင်းမျှမပါပါတကား။

"လိုက်ဟေ့ လိုက်ဟ၊ မလွတ်စေနဲ့"

အင်းဝဘုရင်၏ လက်ရုံး ကန္တီစားနော်ရထာ၊ ပေါင်းတည်စား ပျံချီတို့၏လှေများက ရှေ့ဆုံးကဖြစ်သည်။ မီးရောင်တလက်လက်၊ ဓားလှံတဝင့်ဝင့်။ ဤလှေများနှင့်ရင်ပေါင်တန်းလျက် ပြည်ဘုရင်လက်ရုံးများဖြစ်သော ပန်းတောင်းစားနှင့် ကျွန်းဆုံစားတို့၏ လှေများ။ ထို့ပြင် ဗညားနှင့်ဖိုတ်ကမြင်တို့၏လှေများ

ငြိမ်သက်နေခဲ့သောမြစ်ပြင်တွင် ပြည်ရေတပ်က လှေများပြည့်နေ၏။ မင်းတရားရွှေထီးသည် ပေါင်းတည်ပြီးလိုက်လာသော လှေ ၆ စင်းနှင့် အင်းဝကြီး



www.burmeseclassic.com

www.burmeseclassic.com

ကွာအောင် မလုပ်ပေ။ မထိတထိဖြစ်စေရန် မဗိုတမိ နေရာမှ ပြေးသည်။

"မလွတ်စေနဲ့ဟေ့၊ လိုက် လိုက်"

စစ်ရေးငင်သော မင်းတရားရွှေထီး၏ လှော်ကားနှစ်စင်းသည် အင်းပြောကျွန်းဘက်သို့နီးကပ်လာပြီ။ ရေတပ်သုံးတပ်ပေါင်း တိုက်လှေပေါင်း ၂၀၀ ကျော်သည့် ငါးများချိပ်ကိုမမြင်ဘဲ ငါးစာနောက်သို့ သဲကြီးမဲကြီး လိုက်လာရာ အသင့်စောင့်နေသော တိုက်လှေများ၏ မြတ်ပွဲစိန်ပြောင်းဖြင့် အပစ်ခံရသည်။ အတိုက်ခံရသည်။

သုံးတပ်ပေါင်း ရေတပ် အငိုက်မိသည်။

"ထောင်ချောက်ဟေ့ ထောင်ချောက်"

ကေတုမတီတပ်၏ ထောင်ချောက်ဟု ရိပ်မိချိန်၌ ပြည်တိုက်လှေများမှာ ကျွံဝင်နေပြီ။ အသင့်စောင့်နေသော တိုက်လှေများပြုသမျှခံရကာ ခေါင်းတည့်ချလိုက်လာသော လှေကြီး ၆ စင်းမှာ လှေစီးအမတ်များနှင့်တကွ အဖမ်းခံရသည်။ တိုက်လှေအစင်း ၂၀၀ ကျော်နှင့် မွန်မြန်မာ၊ ရှမ်းသုံ့ပန်းငါးထောင်ကျော်ကို မင်းတရား ရွှေထီးရတော်မူသည်။

သုံးတပ်ပေါင်း ပြည်တပ်မှာ အထိနာလှ၏။ ကုန်းပေါ်သို့တက်ပြေးသော ရဲမက်များမှာလည်း အသင့်စောင့်နေသော ကြည်းတပ်၏ လက်တွင်းရောက်ရ၏။ သို့ရာတွင် မင်းတရားရွှေထီးမှာ အင်းပြောကျွန်းတွင် ဆက်လက်စံနေတော်မမူနိုင်။ ဟံသာဝတီမှာအနေအအထားမကျသေးသဖြင့် အလျင်အမြန်ပြန်ခဲ့ရလေ၏။

မင်းတရားရွှေထီး ဆုတ်ခွာသွားသော်လည်း သုံးတပ်ပေါင်း တပ်ကြီးသည် အနိုင့်အထက်လိုက်လံမတိုက်နိုင်ပေ။ အကြောင်းသော်ကား သုရှင်တကာရွှတ်ပိမင်း နတ်ရွာစံတော်မူသောကြောင့်ဖြစ်၏။

သုရှင်တကာရွှတ်ပိသည် အင်ပူရသို့ ပြန်လာစဉ် 'ဆင်ကောင်းပေါ်သည်' ကြားသဖြင့် ထိုက် ဆင်ရစ်သည့်သူရဲတစ်ထောင်ခေါ်ပြီး 'သိမ်း'တောသို့ ထွက်တော်မူလာ၏။ ကြားရသောဆင်မှာ ကြန့်အင်လက္ခဏာကောင်းမွန်စေကာမူ အကျော့မခံပေ။ ကျော့လာသူများကိုရန်မူပြီး ထွက်ပြေး၏။

ဘုရင်မင်းမြတ်သည် စီးတော်မူသော ဆင်နှင့် ထက်ကြပ်မကွာလိုက်တော်မူသည်။ သိမ်းတောအလွန်တွင် ဆိုင်တစ်ခုကိုမြင်သဖြင့် ဆင်ပေါ်မှဆင်းတော်မူရာ အဝတ်မပါသော နတ်သမီးတစ်ယောက် ဘွားခနဲပေါ်လာ၏။ ဘုရင်မင်းမြတ်မှာ ဆင်ကောင်းတစ်စီး ထပ်မံရရှိရေးသာ အာရုံရှိငြား နတ်သမီး၏လှည့်ဖြားခံရကာ သင့်မြတ်ကြ၏။

သို့ရာတွင် နတ်သမီးနှင့်သင့်မြတ်အပြီးတွင် ဘုရင်မင်းမြတ်၏ စိတ်နေစိတ်ထားမမှန် ကန်တော့ပေ။ အင်ပူရတပ်သို့ ပြန်ရောက်လျှင် ရောက်ချင်း ဘုရင်မင်းမြတ်မကျန်းမာပြီ။ သမားတော်များ အလုပ်အကျွေးများ ကြိုးစားပမ်းစားပြုစုကုသငြား သုရှင်တကာရွှတ်ပိမင်းမှာ အရုဏ်မတက်မီ နတ်ရွာစံလေ၏။

"သုရှင်တကာရွှတ်ပိ ဘုရင်မင်းမြတ်၊ လူ့ပြည်ညီးလို့နတ်ထီးခိုလှုံသွားတော်မူကြောင်းပါဘုရား"

ပြည်ဘုရင် နရပတိနှင့် အင်းဝဘုရင် သိုဟန်ဘွားတို့မှာ မယုံကြည်ချင်၍မရ။ အင်ပူရသို့ ကြွချီလာကြရ၏။ သုရှင်တကာရွှတ်ပိ၏ အလောင်းတော်ကို သင်္ဂြိုဟ်ကြရ၏။ အမိမဲ့သား ရေနည်းငါးဖြစ်နေသော ဆင်မြင်းလူသူတို့ကို သိမ်းယူကြ၏။ အင်းဝဘုရင်သိုဟန်ဘွားကား သုရှင်တကာရွှတ်ပိ၏ သားနှင့်သမီးကိုပါ သိမ်းယူ၏။

"သားတော်နဲ့ သမီးတော်တို့ရေ၊ ငါ့မှာ သားသမီးမရှိတဲ့အတွက် မင်းတို့ကို အမွေစားအမွေခံ သားသမီးအဖြစ် မွေးပါရစေ"

ဤသို့လျှင် မင်းတရားရွှေထီးအား အင်ကြီးအားကြီးဖြင့် ဆန့်ကျင်တိုက်ခိုက်မည့် သုရှင်တကာရွှတ်ပိမင်းကွယ်လွန်သွားပြီး မကြာမီ၊ ပြည်ဘုရင် နရပတိလည်း နတ်ရွာစံတော်မူ၏။ နရပတိနတ်ရွာလားချိန်မှာ သက္ကရာဇ် ၉၀၀ ပြည့်နှစ်ဖြစ်ကာ ဝမ်းနှင့်စပ်လျဉ်း သောရောဂါရပြီး ကွယ်လွန်ခြင်းဖြစ်၏။

နရပတိဘုရင် နတ်ရွာစံလျှင် ညီတော်ရှင်သရက်သည် 'မင်းခေါင်း' အမည်ဖြင့် နန်းတက်သည်။ မိဖုရားခေါင်ကြီးမှာ မရီးတော်သီရိဘုန်းထွတ်ဖြစ်သည်။ ပြည်မင်းခေါင်သည် အရေးကိစ္စပေါ်ပေါက်ပါက အကူအညီရစေရန်အတွက် ရခိုင်ဘုရင်ကို မဟာမိတ်ပြုသောအားဖြင့် နမတော်ပဲခူးမိဖုရားကို ရခိုင်ဘုရင်သို့ ဆက်သ၏။ ထိုမင်းသမီးမှာ ရခိုင်ဘုရင် မိဖုရားဖြစ်မှ 'တန်ဆောင်းမိဖုရား' ဟူ၍ အမည်သစ်တွင်လျက် ထင်ရှားလာ၏။

www.burmeseclassic.com



www.burmeseclassic.com

ဘုရင်မင်းမြတ် သုရှင်တကာရွတ်ပိ နတ်ရွာစံပြီးနောက်တွင် ပြည်ဘုရင်နှင့်အင်းဝဘုရင်တို့ သိမ်းယူနိုင်သော ဆင်မြင်းလူသူမှာ အနည်းစုဖြစ်သည်။ အများစုမှူးမတ်သေနာပတိများမှ ဟံသာဝတီသို့ စုန်ဆင်းလာကြ၏။ ဟံသာဝတီကို လက်တွေ့အုပ်စိုးနေသော မင်းတရားရွှေထီးထံ သစ္စာခံကြ၏။

မင်းတရားရွှေထီးသည် ကျွန်တော်ခံလာသမျှ အမှုထမ်းဟောင်းများကို မရွတ်မချလက်ခံပြီး သစ္စာပေးတော်မူသည် ဤသို့ဖြင့် အနောက်တစ်လွှား ပုသိမ် ၃၂ မြို့သည် မင်းတရားရွှေထီး၏ သစ္စာတော်ကို ခံယူပြီးဖြစ်လေ၏။

သက္ကရာဇ် ၉၀၁ ခုနှစ်တွင် မင်းတရားရွှေထီးသည် ရွှေမော်ဓောဘုရား၏ အနောက်ဘက်မှပတ်ပြီး မြို့တည်တော်မူ၏။ ယောက်ဖတော် ဘုရင့်နောင်ကျော်ထင်နော်ရထာကိုလည်း အစီရင်ခန့်တော်မူ၏။ ထိုမှတစ်ပါး ယောက်ဖတော်၏ ခမည်းတော် 'မင်းရဲသိခ်သူ' ကို သက္ကရာဇ် ၉၀၂ ခုနှစ်တွင် မင်းမြောက်တန်ဆာငါးပါးနှင့် ကေတုမတီပြည်ကိုပေးသည်။ ခမည်းတော်အဖြစ်လည်း သတ်မှတ်တော်မူသည်။

ထိုအချိန်တွင် မုတ္တမမြို့မှာ ဟံသာဝတီ၏ လက်အောက်သို့ရောက်မလာသေးပေ။ စောဗညားအမည်ရှိသူ အုပ်ချုပ်နေ၏။ သူကား သုရှင်တကာရွတ်ပိ၏ နှမတော်အကြီး တလာကမူ၏ခင်ပွန်းဖြစ်သည်။ မင်းတရားရွှေထီးက စောဗညားကို အရေးအရာ စေပါးတော်မူငြား၊ စောဗညားက လက်မခံပေ။

မုတ္တမမြို့သည် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်၏။ နိုင်ငံခြားသားကုလားစစ်သည်များလည်း အမှုထမ်းအဖြစ်ရှိနေသောကြောင့် မုတ္တမ ၃၂ မြို့သည် ဟံသာဝတီကို ထောင်ထားခြားနား၏။ သို့ဖြစ်သောကြောင့် မုတ္တမကို ချီတက်တိုက်ခိုက်ရန် ဘုရင့်နောင်ကျော်ထင်နော်ရထာ စီမံခန့်ခွဲလေ၏။

မုတ္တမသို့ မင်းတရား ရွှေထီးချီတော်မူမည့် အစီအစဉ်မှာ ဤသို့ဖြစ်၏။

စစ်တုရင်သူ အင်းယည်းတုရင် ဇေယတမန်တို့၏ မြင်းတပ်မသုံးတပ်က ရှေ့ဆုံးမှချီရသည်။ ထို့နောက် နန္ဒကျော်သူ၊ ဘယ နန္ဒသူ၊ ဗညားပရှု၊ နန္ဒယောဇ၊ သီရိဇေယျကျော်ထင်၊ နန္ဒသကြံနှင့်သက်ရှည်ကျော်ထင်တို့၏ ခုနစ်တပ်ပါရသည်။ သည့်နောက်တွင် မင်းတရားကြီး၏ တပ်၌ ဆင်စီးအမတ်လေးကျိပ် မြင်းလေးရာ၊ စစ်သည်သူရဲလေးသောင်းလိုက်ပါချီတက်သည်။ နောက်အုပ်မှာ ဘုရင့်နောင် ကျော်ထင်နော်ရထာဖြစ်၍ အထိန်းတော် သတိုးဓမ္မရာဇာက မြို့စောင့်ဖြစ်သည်။

မြန်မာသက္ကရာဇ် ၉၀၂ ခုနှစ်တွင် တိုက်ဆင် ၁၃၀၊ မြင်းနှစ်ထောင့်တစ်ရာ၊ စစ်သည်သူရဲတစ်သိန်းသုံးသောင်းနှင့် မင်းတရားရွှေထီးသည် မုတ္တမသို့ချီတော်မူ၏။ သို့သော် မုတ္တမစား စောဗညားမှာ သူရဲသူခက်များပြားစွာရှိသောကြောင့် မင်းတရားရွှေထီး၏ တပ်များကို ခုခံတိုက်ခိုက်သည်။

မုတ္တမမြို့မှာ ဆိပ်ကမ်းမြို့ဖြစ်သောကြောင့် မြို့စီးပြစီးအချို့မှာ ကုလားများဖြစ်၏။ အချို့သော ကုလားများသည် သင်္ဘောခုနှစ်စင်းတွင် လက်နက်အပြည့်တင်လျက် မြို့ရှေ့၌ကျောက်ဆူးချနေကြ၏။

မင်းတရားရွှေထီး ချီတက်လာရာတွင် တိုက်လှေမပါချေ။ သို့ကြောင့် တစ်လခန့်အကြာတွင် ဟံသာဝတီမှ တိုက်လှေသုံးရာကို ပြည်လည်ယူဆောင်ရသည်။ သို့ရာတွင် ထိုတိုက်လှေကြီးများသည် မုတ္တမရေတပ်၏ စိန်ပြောင်း မြတပူမှလွတ်ရာတွင်သာ ရံလျှက်နေရသည်။

မင်းတရားရွှေထီး၏ ရဲမက်တော်များမှာ မြို့ကိုလုပ်ကြံတိုင်း အထိအခိုက် အရှုအနာများစွာဖြင့် ဆုတ်ခွာရ၏။ သို့အတွက် အညာအကြေမှ ရိက္ခာများ မုတ္တမသို့ မသွင်းနိုင်ရန် ရေတပ် ကြည်းတပ် ဝန်းရံပိတ်ဆို့၏။ မုတ္တမသားတို့ ငတ်ပြီ။ သို့ရာတွင် စောဗညားသည် အညံ့မခံ။ ဆက်လက်ခုခံနေ၏။

မုတ္တမနှင့်မျက်နှာချင်းဆိုင်တွင် တည်ရှိသော မော်လမြိုင်မြို့ကိုစားသည့် ဗညားဦးမှာ စောဗညား၏ ယောက်ဖဖြစ်သည်။ မုတ္တမ၏ အခက်အခဲရှည်ကြာလျှင် မော်လမြိုင်ကကူလိမ့်မည်ဟု မင်းတရားရွှေထီး သဘောတော်ရသဖြင့် မြို့လုစားနှင့် ဖရုံစားတို့စေတော်၏။

"ဇေယဝဓနတိုင်း၊ ရာမညတိုင်းစသော တိုင်းကြီးပြည်ကြီးကို အစိုးရတော်မူသော ဘဝရှင်မင်းတရားကြွလာစေသည် မော်လမြိုင်စား။

မွန်မင်းသုရှင်တကာရွတ်ပိသည် မှူးကောင်း မတ်ကောင်း သူရဲသူခတ်ကောင်း ဆင်းကောင်း မြင်း

www.burmeseclassic.com

www.burmeseclassic.com

ကောင်းများသော်လည်း ငါလုပ်ကြံတော်မူလျှင် ဟံသာဝတီတွင်မျှ မနေရ။ ပြည်ဘုရင်နရပတိသို့ပေါင်းလေသည်။ ယင်းသို့လျှင် ဟံသာဝတီကို ငါရတော်မူလေသည်။

''ဟံသာဝတီက ပြည်သို့ချီသောအခါ၌လည်း သုရှင်တကာရွှတ်ပိနှင့်ပြည်ဘုရင်၊ အင်းဝဘုရင်မင်း၊ သုံးပြည်ပေါင်း၍ ခံကြသည်ကို ငါအောင်တော်မူ၍ ဆင်မြင်းသုံးပန်းအများ ရတော်မူသည်။ နောက် သုရှင်တကာရွှတ်ပိ မရှိလျှင်လည်း အမှူးအမတ် ဒေါဗညားအပေါင်းတို့သည် ရွှေဖဝါးတော်အောက်ရောက်လာ၍ ကျွန်တော်ခံလာသော အမှူးအမတ်တို့ကိုလည်း မရှုတ်မချ။ အထိုက်အလျောက် သူကောင်းပြုတောမူသည်။

မုတ္တမစား စောဗညားကိုလည်း ငါကစေ၍ အရေးအရာစုံစမ်းစေသည်ကို မည်သို့မျှမလျှောက်လေသောကြောင့် ယခု ငါချီတော်၍ ဆင်လုံးမြင်းရင်းအများနှင့် ဝန်းရံတော်မူသည်ကိုလည်း မြို့နိုင်သည်ကိုသာ ယုံရှာနေသည်။

''ငါလုပ်ကြံတော်မူသည်ကို မုတ္တမမြို့မျှသည် ခံနိုင်မည်မဟုတ်။ ယခုလည်း မြှုးတွင်းငါးကဲ့သို့ရှိလေပြီ။ မော်လမြိုင်စား ဗညားဦးကိုလည်း လူရေးလူရာနှင့် ပြည့်စုံသည်ဟူ၍ ငါကြားတော်မူသည်။ မော်လမြိုင်စားကို အပျက်အစီးသို့ မရောက်စေလို၍ အမိန့်တော်စာနှင့်စေတော်မူသည်။

သက္ကလတ်အိတ်ဖြင့် သွတ်သော ထိုစာကို မြို့လုစားနှင့်ဇရှုံစားတို့က မော်လမြိုင်သို့ဆောင်ကြဉ်းလာ၏။ ဗညားဦးသည် မင်းတရားရွှေထီး၏ စာကိုဦးချကာ နာခံပြီး အောက်ပါအတိုင်းစာပြန်လိုက်သည်။

''ကျွန်တော်ဗညားဦး သံတော်ဦးတင်ဝံ့သည်။

''ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရားဟံသာဝတီကို အလိုတော်ပြည့်စကပင် မုတ္တမစားစောဗညားကို ''အကြာနေ၍မသင့်၊ ရွှေဖဝါးတော်အောက်သို့အလျှင်ရောက်မှသင့်မည်''ဟု ကျွန်တော်ကစေပါသည်ကို မုတ္တမစားစောဗညားသည် ပမာဏမပြု။ ကုလားပန်းသေးများ စကားကိုနာ၍ အရေးတော်မပြီးရှိလေသည်။

''ယခုလည်း ချီလာပြီဟူ၍ကြားလျှင် သူများအလျှင်ရွှေဖဝါးတော်အောက်သို့ ရောက်ပါမည်အကြံ ရှိသည်ကို ကျွန်တော်တွင်လည်း သားသမီးအဆွေအမျိုးများသည့်ကိုယ်ဖြစ်သည်။ တစ်ကြောင်းမှာလည်း မုတ္တမနှင့်မော်လမြိုင်သည် မုတ္တမမှာသားရှိလျှင် မော်လမြိုင်မှာအဖရှိသည်။ အစ်ကို မုတ္တမမှာရှိလျှင် ညီ မော်လမြိုင်ရှိသည်။

''ကျွန်တော်သည် မြို့သားတို့အာဏာကို ဆန်ချေသော် ကိုယ်မျှလွတ်မည်ခက်သည်။ ထို့ကြောင့် ရွှေဖဝါးတော်အောက်သို့ မရောက်ရရှိသည်။ ဘုန်းတော်ကြီးသော ဘဝရှင်မင်းတရားမုတ္တမကို အလိုတော်ပြည့်လျှင် ကျွန်တော်မှာ အထွေအထူးမရှိပြီ။ ကျွန်တော်အရှင်ဖြစ်တော့သည်။

ထိုစာနှင့်အတူ ထည်မျိုးအုပ်မျိုး များစွာနှင့် လက်ဆောင်တော်များ ဆက်သလိုက်ရာ မော်လမြိုင်မှာ စိုးရိမ်စရာမရှိတော့ကြောင်း သေချာသွားသဖြင့် ''သမိန်ပရူ''ကို ရှေ့တော်သို့ခေါ်တော်မူ၏။

''မုတ္တမမြို့ကို အကြိမ်အဖန်များစွာ လုပ်ကြံစေသော်လည်း မရချေ။ သမိန်ပရူ ဤအရေးကို ပသို့ထင်သနည်း''

''မုတ္တမမြို့သည် တောင်ရိုးတွင်တည်လေသောကြောင့် တောင်ပင်မြို့တံတိုင်းကဲ့သို့ ဖြစ်ချေသည်။ မြို့စီးပြစီးလည်းများသည်။ လက်နက်ကိရိယာလည်း ထူထပ်သည်။ ထို့ကြောင့် ရဲမက်တော်တို့ အသက်ကိုအသက်မမှတ်လုပ်ကြံသော်လည်း အောင်ခြင်းသို့ မရောက်နိုင်ချေ။ အထိအပါးအရှုအနာသာ များချေသည်။ အရှေ့မြို့နိမ့်ရာကတက်ရမည်လည်း ကုလားတို့သင်္ဘောခုနစ်စင်းရစ်စင်းနှင့် လေးသေနတ်အပြည့်တင်၍ နေလေသောကြောင့် ရုတ်ရုတ်ချဉ်း၍ မြို့ကိုမတက်သာချေ။

''ချဉ်းသမျှလည်း သင်္ဘောထက်က စိန်ပြောင်းမြတပူနှင့်လွှတ်လျှင် ကွဲချေနစ်ချေသည်။ တစ်ကြောင်းမှာလည်း မြို့တွင်းသို့မျိုးရိက္ခာမသွင်းရအောင် ဆီးဆို့ရသော်လည်း မြစ်ချောင်းကျယ်လှသည်ဖြစ်ရာ ညဉ့်ကို အမှတ်မဲ့သွင်းရလေသည်။ သို့လျှင် မြို့တွင်းသားတို့ ရိက္ခာထောက်ရ၍ ရဲမက်တော်တို့သာ ညောင်းညာချေသည်။

''ယင်းသို့ဖြစ်သောကြောင့် ကျွန်တော်အကြံသော်ကား ကုလားတို့ခံ၍နေသည့် သင်္ဘောကို တစ်စုံတစ်ခုသော ပယောဂဖြင့် စီရင်ဖျက်ပြီးလျှင် သင်္ဘောပယောဂဖြင့် စီရင်ပြန်၍ အရှေ့မျက်နှာက လှေထပ်ကို ချဉ်းပြီးလျှင် တက်ရအောင် တက်မည်။ သို့စီရင်ရသည်ဖြစ်မှ အလိုတော်ပြည့်လွယ်မည်''

-မှုလွန်



www.burmeseclassic.com

www.burmeseclassic.com




ကလေးတို့ရေ တစ်လတစ်မျိုး မရိုးရအောင် ဗဟုသုတလေးတွေ မျှဝေပေးလာခဲ့တာ တော်တော်လေး ခရီးရောက်ပါပြီ။ ကလေးတို့အတွက် အသုံးဝင်တာလည်း ရှိ၊ အသုံးမဝင်တာလည်း ရှိမှာပါ။ ဒါပေမဲ့ အချို့ ဗဟုသုတလေးတွေကတော့ ကလေးတို့ဘဝတစ်လျှောက်လုံး စွဲစွဲမြဲမြဲ မှတ်သားသွားရမယ့်အရာတွေဖြစ်တယ်ကွဲ့။ ဒီတစ်လတော့ ကမ္ဘာအနှံ့ကနိုင်ငံတွေရဲ့ ထူးခြား ဆန်းကြယ်မှုတွေကို ဗဟုသုတအဖြစ် မျှဝေပေးလိုက်ပါတယ်။

* ကလေးတို့ရေ အင်္ဂလန်နိုင်ငံမှာရှိတဲ့ ပါလီမန်အဆောက်အအုံ (ပြည်သူ့လွှတ်တော်အဆောက်အအုံ)ကြီးမှာ လူတစ်ယောက်ကွယ်လွန်သွားတာမျိုးကို တရားဥပဒေအရ ခွင့်ပြုခြင်းမရှိဘူးတဲ့။ စည်းစနစ်ကြီးတဲ့ အင်္ဂလိပ်လူမျိုးတွေဟာ ထူးဆန်းတဲ့ အတွေးအခေါ်တွေလည်း ရှိကြတယ်နော်။

* အင်္ဂလိပ်လူမျိုးတွေနဲ့ပတ်သက်ပြီး ထူးဆန်းတာတစ်ခုပြောရရင် ဗြိတိန်ဘုရင် ဒါမှမဟုတ် ဘုရင်ရဲ့ရုပ်ပုံပါတဲ့ တံဆိပ်ခေါင်းကို ပြောင်းပြန်ထားပြီး စာအိတ်ပေါ်မှာကပ်ရင် နိုင်ငံတော်ကို သစ္စာဖောက်တဲ့လုပ်ရပ်လို့ ယူဆကြတယ်။ ဒါက အင်္ဂလိပ်တွေဟာ သူတို့ရဲ့ ဘုရင်၊ ဘုရင်မအပေါ် ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာ ပြသနေတာပါပဲ။

* စကော့တလန်နိုင်ငံမှာ တစ်ယောက်ယောက်က အိမ်တံခါးကိုခေါက်ပြီး အိမ်သာအသုံးပြုချင်တယ်လို့ပြောရင် အဲဒီလူကို အသုံးပြုခွင့်ပေးရတယ်လို့ ဆိုပါတယ်။

* အင်္ဂလန်နိုင်ငံရဲ့မြို့တော် လန်ဒန်မြို့ကြီးမှာ ခွေးရူးပြန်ရောဂါဖြစ်နေတဲ့ ခွေးတွေ၊ လူသေအလောင်းတွေကို အငှားကားနဲ့သယ်ဆောင်တာဟာ ဥပဒေကို ချိုးဖောက်တာပဲလို့ ဆိုပါတယ်။

* အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်မှာ အိမ်ထောင်မရှိတဲ့ အမျိုးသမီးတစ်ယောက်ဟာ တနင်္ဂနွေနေ့တွေမှာ လေထီးဆင်းရင် ထောင်ချခံရနိုင်တယ်လို့ ဥပဒေထုတ်ထားပါတယ်။

* စကော့တလန်နိုင်ငံမှာ နွားတစ်ကောင်ပိုင်ဆိုင်တဲ့သူက အရက်သမားဖြစ်နေရင် အဲဒီလူကို ဥပဒေအရ အရေးယူလို့ရတယ်လို့ ဆိုပါတယ်။ ဆိုလိုတာက နွားပိုင်ရှင်ဟာ အရက်သမား တစ်ယောက်မဖြစ်ရဘူးပေါ့။

* ပြင်သစ်နိုင်ငံမှာတော့ ဝက်တစ်ကောင်ကို နပိုလီယံလို့ ခေါ်ခွင့်မပြုဘူးလို့ဆိုပါတယ်။ နပိုလီယံဆိုတာ ပြင်သစ်နိုင်ငံရဲ့ စစ်ဗိုလ်ချုပ်ကြီး တစ်ယောက်ပေါ့။ ကမ္ဘာ့ကျော်စစ်ဗိုလ်ချုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ပါ။

* ဂျာမနီနိုင်ငံမှာ ထူးထူးခြားခြား မျက်နှာဖုံးစွပ်တစ်ခွင့်ကို တရားမဝင်ဘူးလို့ ထုတ်ပြန်ထားပါတယ်။ ထူးဆန်းတဲ့ဥပဒေတစ်ခုပေါ့။
* သည့်ထက်ပိုထူးဆန်းတာက ဘယ်လ်ဂျီယံနိုင်ငံ အန်းတွပ်မြို့မှာ အနီရောင်ဦးထုပ်ကိုဆောင်းပြီး လမ်းမကြီးတလျှောက် လျှောက်သွားတာကို ဥပဒေအရ ခွင့်မပြုဘူးလို့ ဆိုပါတယ်။ ဘာဖြစ်လို့လဲ မသိဘူး။
* စင်္ကာပူနိုင်ငံမှာလည်း ပြည့်သူပိုင်အိမ်သာကို အသုံးပြုပြီး သန့်ရှင်းစင်ကြယ်အောင် ဆေးကြောပစ်ရပါတယ်။ အဲဒီလိုမှမလုပ်ဘူးဆိုရင် အလွန်များပြားတဲ့ ဒဏ်ကြေးငွေဆောင်ရပါတယ်။ ဒါဟာ စည်းကမ်းရှိပြီး တိုးတက်တဲ့နိုင်ငံရဲ့ အတုယူရမယ့် စံတစ်ခု ဖြစ်ပါတယ်။
* ဩစတြေလျနိုင်ငံမှာတော့ လင်းနို့လူသားဝတ်စုံကို ဝတ်ဆင်တာမျိုးကို တရားဥပဒေအရ တားမြစ်ထားပါတယ်။ အင်္ဂလိပ်ရှင်ဒီဖိုင်း အမျိုးမျိုးတီထွင်ပြီး ဝတ်ချင်တာဝတ်လို့ရတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ထူးဆန်းတဲ့ ဥပဒေ တစ်ခုပါပဲ။

ကလေးတို့ရေ ဒီတစ်လတော့ ကမ္ဘာ့နိုင်ငံအနှံ့မှာရှိတဲ့ ထူးဆန်းတဲ့အပြုအမူ ဥပဒေတွေကို ကလေးတို့သိအောင် ဖော်ပြလိုက်ပါတယ်။ နောက်လတွေမှာလည်း ထူးဆန်းအံ့ဖွယ်ရာတွေကို ဆက်လက်ဖော်ပြပေးပါဦးမယ်။ ဒီတစ်လတော့ ဒီမျှနဲ့သာ ..။


ကျော်မြင့်

***Source : Internet***

❑

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၁]

### စတုရန်းကွက်လပ်နေရာ၌လိုနေသောကိန်းကိုဖြည့်ပါ။




[အဖြေမှန်သူကို ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတစ်အုပ်စီချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲအဖြေလွှာများကို **ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ် ၈၀(A)၊ အပေါ်ဆုံးထပ်၊ ၁၂၄လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့** သို့ လိပ်မူ၍ ၁-၇-၂၀၁၀ ရက်နေ့အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာမျက်နှာ (၁၅၈)တွင် ဖော်ပြပေးထားပါသည်။]



www.burmeseclassic.com

www.burmeseclassic.com

( အင်္ဂလိပ် - မြန်မာ ၁ )

# ဖြစ်သမျှအကြောင်း အကောင်းချည်းသာ

ကျော်မြင့်အေး

အာဖရိကတိုက်က ဘုရင်တစ်ပါးရဲ့အကြောင်းကို ကြားခဲ့ရတယ်။ သူမှာ ငယ်ပေါင်းကြီးဖော် မိတ်ဆွေရင်းတစ်ယောက်ရှိခဲ့တယ်။ ထိုသူငယ်ချင်းက သူ့ဘဝမှာ ဖြစ်ပျက်သမျှအခြေအနေအရပ်ရပ် (ကောင်းကောင်းဆိုးဆိုး)ကိုကြည့်ရှုပြီး "ဒါလည်း ကောင်းတာပဲ"လို့ မှတ်ချက်ချလေ့ရှိခဲ့ပါတယ်။ တစ်နေ့တော့ ဘုရင်နဲ့ သူ့သူငယ်ချင်းတို့ဟာ အမဲလိုက်ထွက်ခဲ့ကြတယ်။ သူငယ်ချင်းက ဘုရင်အတွက် သေနတ်တွေကို ကျည်ဆံထည့်ပေး၊ အဆင့်သင့်ဖြစ်အောင် လုပ်ပေးခဲ့တယ်။ သေနတ်တစ်လက်ကို ဘုရင်ကမယူခင် သူငယ်ချင်းက သိသိသာသာ မှားယွင်းပြင်ဆင်ပေးခဲ့မိတယ်။ ဘုရင်က ထိုသေနတ်ကို ပစ်လိုက်တဲ့အခါမှာ သူ့ရဲ့လက်မဟာ ပေါက်မီးလောင်သွားပါတယ်။ သူငယ်ချင်းက ထိုအခြေအနေကိုကြည့်ပြီး ခါတိုင်းလိုပဲ "ဒါလည်း ကောင်းတာပဲ"လို့ မှတ်ချက်ချလိုက်တယ်။ ဒါကိုဘုရင်က "အဲဒါ မကောင်းဘူးကွ"လို့ ပြန်ပြောပြီး သူ့ရဲ့သူငယ်ချင်းကို ထောင်သွင်းအကျဉ်းချထားလိုက်ပါတယ်။

တစ်နှစ်ခန့်ကြာပြီးနောက် ဘုရင်ဟာ အမဲမလိုက်သင့်ဘူးလို့ သိထားမယ့်နေရာဒေသဆီကို အမဲလိုက်သွားခဲ့တယ်။ လူသားစားလူရိုင်းတွေက သူ့ကို ဖမ်းမိပြီး သူတို့ရဲ့ရွာကို ခေါ်လာခဲ့တယ်။ သူတို့က သူ့ရဲ့လက်တွေကို ကြိုးနဲ့တုပ်၊ ထင်းတွေကိုပုံ၊ တိုင်တစ်တိုင်စိုက်ထူပြီး သူ့ကို အဲဒီတိုင်မှာ ချည်နှောင်ထားလိုက်ပါတယ်။ သူတို့က ထင်းတွေကို မီးရှို့ဖို့ ချဉ်းကပ်လာတဲ့အခါ ဘုရင်မှာ လက်မတစ်ချောင်းမရှိတော့တာကို သတိပြုမိသွားတယ်။ လူရိုင်းတွေဟာ အယူသည်းသူတွေဖြစ်တာကြောင့် ကိုယ်လက်အင်္ဂါမပြည့်စုံသူကို ဘယ်တော့မှ မစားကြဘူး။ ဒါကြောင့် သူတို့က ဘုရင်ကို ကြိုဖြည်ပေးပြီး သွားလိုရာသွား လွှတ်ပေးလိုက်ပါတယ်။

ဘုရင်က အိမ်ကိုပြန်လာတဲ့အခါ သူ့ရဲ့လက်မပြတ်သွားခဲ့တဲ့အဖြစ်အပျက်ကို ပြန်သတိရကာ သူ့သူငယ်ချင်းအပေါ် ပြုမူခဲ့တာနဲ့ပတ်သက်ပြီး နောင်တရသွားခဲ့ပါတယ်။ ချက်ချင်းပဲ သူဟာ အကျဉ်းထောင်ကိုသွားပြီး သူ့သူငယ်ချင်းနဲ့ စကားပြောပါတယ်။ "မင်းမှန်တယ်၊ ငါ့ရဲ့လက်မ မီးလောင်သွားခဲ့တာ ကောင်းတယ်" အဲဒီနောက် သူက သူငယ်ချင်းကို ဖြစ်ပျက်ခဲ့သမျှ ဆက်ပြီး ပြောပြခဲ့တယ်။ "ဒါကြောင့် ငါ မင်းကို အချိန်အကြာကြီး ထောင်ထဲ ထည့်ထားခဲ့မိတာအတွက် အလွန် စိတ်မကောင်းဖြစ်မိပါတယ်။ ဒီလိုလုပ်တာ ငါ့အတွက် မကောင်းဘူးပေါ့"

"မဟုတ်ဘူး" ဟု သူ့သူငယ်ချင်းက ပြန်ဖြေတယ်။ "ဒါလည်း ကောင်းတာပဲ"

"ဒါလည်းကောင်းတာပဲဆိုတာ ဘာကိုဆိုလိုတာလဲကွ။ ငါ့သူငယ်ချင်းကို တစ်နှစ်လုံးထောင်ထဲပို့ထားတာ ဘယ်လိုလုပ်ကောင်းနိုင်တာလဲ"

"ငါသာ ထောင်ထဲမှာရှိမနေခဲ့ဘူးဆိုရင် မင်းနဲ့အတူ လိုက်သွားရမှာ၊ ပြီးတော့ လူရိုင်းတွေရဲ့အစားကို ခံရမှာလေ။ ဘာပဲဖြစ်ဖြစ်ကွာ၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲပေါ့"

ကျော်မြင့်အေး

❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# Everything Happens for Good

I heard the story about a king in Africa who had a close friend with whom he had grown up. The friend had a habit of looking at every-situation that occurred in his life (positive or negative) and remarking, "The is good". One day the king and his friend were out on a hunting expedition. The friend would load and prepare the guns for the king. The friend had apparently done something wrong in preparing one of the guns, for after taking the gun from his friend, the king fired it and his thumb was blown off. Examinign the situation the friend remarked as usual, "This is good" to which the king replied, "No, this is not good" and proceeded to send his friend to jail.

About a year later, the king was hunting in an area wherein he should have known not to hunt. Cannibals captured him and took them to their village. They tied his hands, stacked some wood, set pu a stake and bound him to the stake. As they came close to set fire to the wood, they noticed that the king was missing a thumb. Being superstitious, they never ate anyone who was less than whole. Suntying the king, they sent him on his way.

As he returned home, he was reminded of the event that had taken his thumb and felt remorse for his treatment of his friend. He went immediately to the jail to speak with his friend. " You were right", he said, "It was good that my thumb was blown off." And he proceeded to tell the friend all that had just happened. "And so I am very sorry for sending you to jail for so long. It was bad for me to do this."

"No," his friend replied, "this is good"

"What do you mean, 'this is good' How could it be good that I sent my friend to jail for a year?"

"If I had not been in jail, I would have been with you, and I would have been eaten!

Everything that happens, happens only for good.

❑

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၄]

ဒုတိယတန်းကွင်းအတွင်း၌လိုနေသောကိန်းကိုဖြည့်ပေးပါ။

**132 (834) 285**

**214 (      ) 117**

[အဖြေမှန်သူကို ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတစ်အုပ်စီချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံ ဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲအဖြေလွှာများကို **ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ် ၈၀(A)၊ အပေါ်ဆုံးထပ်၊ ၁၂၄လမ်း၊ သမြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့** သို့ လိပ်မူ၍ ၁-၇-၂၀၁၀ ရက်နေ့အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာမျက်နှာ (၁၅၉)တွင် ဖော်ပြပေးထားပါသည်။]



www.burmeseclassic.com

www.burmeseclassic.com

# Essays for Young Students

# လူငယ်ကျောင်းသားများအတွက်စာစီစာကုံး

ရွှေရည်ဝင်းသန်း

***Write a paragraph about "My Ambition"***

## My Ambition

Few young people have serious ideas for their future. Off-hand some say they want to be a doctor, or engineer, or soldier or teacher, etc. And most end up in some or another position that their environment moulds them into, though it is a for cry from the goal they really yearn for.

I believe that life shouldn't be taken lightly. I have things over again and again and have considered the possibilities and proberbities of furfiling my ambition. And I have decided to be a business man.

I do not intend to be a business man doing business with a staff of five, and amount of finance that could go into the red, after ten-four course diner at an overage hotel. I with to beabussiness man, like Ford or Carnergee, who emploied thousands of workers. Some may say that they were millioners who did a millioner's job with millions of money. Yet they started their business on a shose-string budget. And that is one reson I want to be a business man.

Every business man laid the foundation of their business empire with more concentrated effort and guts then money. And a timid will can not activate such a world. turning matter. Thus, a man who want to be a success must train his will to be super-strong frist of all.

Besides that a good business aids the world in a more massive and intense way than an individual doctor or engineer or scholar does. His employment and those who get employment by doing business that appear as off-shoots of his products can total into dealt in trading his product could supply the nation with much revenue.

In other worlds, a good business man has and can take great responsibility of the economic, and social welfare of the country in a more effective and accepted way than politicains. And that is the main reason I want to be a business man.

### Glossary

off-hand = အလွယ်တကူ၊ လက်တမ်း
soldier = စစ်သည်
position = အနေအထား
mould = ပုံသွင်းသည်
yearn for = တမ်းတသည်
possibilities = ဖြစ်နိုင်ခြေများ
proberbilities = အလားအလာများ
staff = ဝန်ထမ်း/အရာထမ်း
go into the red = ကြွေးတင်သွားသည်
four-course dinner = စားပွဲကြီး
shoe-string budget = နှစ်ပဲခြောက်ပြားငွေအင်အား
concentrated = စုစည်းထားသော
effort = အားစိုက်မှု၊ကြိုးပမ်းမှု
guts = ရဲရင့်မှု
world-turning = ကမ္ဘာကြီးအလှည့်အပြောင်း
massive = ထုထည်ကြီးမားသော
revenue = အခွန်အကောက်
social welfare = လူမှုဖူလုံရေး




www.burmeseclassic.com

www.burmeseclassic.com

# ရွှေဟာသ်ာ

မြစ်ရေတိမ် ငွေသောင်သဲ
နစ်ကောင်တွဲ အတူယှဉ်
ခေါင်းမော့လို့ ရှင်။
အမြီးကော့ ဘဲအသွင်
သဲပြင်ပေါ် ပျံဆင်း။
လိမ္မော်သွေး ရွှေရောင်နဲ့
ငွေသောင်မှာ ဝင်းဖြာလက်ရှာတဲ့
ဟာသ်ာငှက်သင်း။

ကိုရင်ဂျာဝိုင်း






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


ဒီလိုနဲ့ အချိန်တွေဟာ ကုန်ဆုံးသွားတယ်... တစ်နေ့ ညနေ
င်းမှာ ငန်းတစ်အုပ် ပျံသန်းသွားတာကို တွေ့လိုက်ရတော့
ပျ အတော်ကို စိတ်ဝင်စားသွားတယ်...




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ချန်ပီယံတိရစ္ဆာန်များ

မောင်ခေတ်ထွန်း

## Animal Champions

### အမြန်ဆုံးတိရစ္ဆာန်

| | | | |
|---|---|---|---|
| ငှက် | အိန္ဒိယပျံလွှားငှက် | Indian Swift | တစ်နာရီ ၂၀၀ မိုင် |
| ကုန်းနေတိရစ္ဆာန် | သစ်နက် | Cheetah | တစ်နာရီ ၇၀ မိုင် |
| ပင်လယ်သတ္တဝါ | သဘော်ငါး | Sailfish | တစ်နာရီ ၆၈ မိုင် |

### အနှေးဆုံးတိရစ္ဆာန်

| | | | |
|---|---|---|---|
| ငါး(ပင်လယ်) | မြင်းဦးခေါင်းသဏ္ဍာန်ရှိ ပင်လယ်ငါးတစ်မျိုး | Sea Horse | တစ်နာရီ ၁၀.၆ လက်မ |
| တိရစ္ဆာန် | ခရု | Snail | တစ်မိနစ် ၂ ပေမှ ၃ ပေ |
| နို့တိုက်သတ္တဝါ | ခြေသုံးချောင်းပါသည့်မျောက် | Three-toed sloth | တစ်မိနစ် ၆ ပေမှ ၈ ပေ |
| တွားသွားသတ္တဝါ | လိပ် | Tortoise | တစ်မိနစ် ၁၅ ပေ |

### အကြီးဆုံးသတ္တဝါ

| | | | | |
|---|---|---|---|---|
| တိရစ္ဆာန် (သက်ရှိ သို့မဟုတ်ပျောက်ကွယ်) | ဝေလငါးပြာ | Blue Whale | ၁၀၀ပေရှည် | ၁၅၀တန်လေးသည် |
| ငါး | ငါးမန်း | Whale Shark | ၄၅ပေရှည် | ၁၃တန်လေးသည် |
| ကုန်းနေသတ္တဝါ | အာဖရိကဆင်ထီး | African Bull Elephant | ၁၀ပေမြင့် | ၆ တန်းလေသည် |
| တွားသွားသတ္တဝါ | မိချောင်း(ရေငံ) | Saltwater Crocodile | ၁၆ပေရှည် | ၁၁၅၀ပေါင်လေးသည် |
| ရေချိုငါး | | Pirarucu | ၁၅ပေရှည် | ၅၀၀ပေါင်လေးသည် |
| အာဖရိကကြောင် | ခြင်္သေ့ | Lion | ၁၀ပေရှည် | ၅၀၀ပေါင်လေးသည် |
| ငှက် | ငှက်ကုလားအုတ် | Ostrich | ၈ပေမြင့် | ၃၀၀ပေါင်လေးသည် |
| အိမ်မြှောင် | ကိုမိုဒိုနဂါး | Comodo Dragon | ၁၀ပေရှည် | ၂၀၀ပေါင်လေးသည် |
| ကိုက်ဖြတ်တတ်သော နို့တိုက်သတ္တဝါ | ရေဝက် | waterhog (capybara) | ၄ပေရှည် | ၁၅၀ပေါင်လေးသည် |
| ရေတစ်ပိုင်းကုန်းပိုင်းသတ္တဝါ | ကင်းလိပ်ချောကြီး | Giant Salamander | ၅ပေရှည် | ၁၀၀ပေါင်လေးသည် |
| ပျံသန်းနိုင်သည့်ငှက် | လင်းတကြီး | Condor | ၁၅ပေ(တောင်ပံ) | ၂၅ပေါင်လေးသည် |
| ဖား | ရောမဖားကြီး | Goliath | ၁ပေရှည် | ၁၀ပေါင်လေးသည် |

[ The Kids' World Almanac of Records and Facts စာအုပ်မှ ]



www.burmeseclassic.com

www.burmeseclassic.com

## Round and Round

*Small poem based upon my daughter's (6) remarks on over hearing me tell her brother Sean (4½!) that the world was going round.*


**(Australia, June-July, 1958)**

One day a little boy called Sean
(Age four) became profound.
He asked his dad
If it were true
The world was going round.

'Oh yes, that's true,' his daddy said
'It goes round night and day.'
'Then doesn't it get tired dad?'
Young Sean was heard to say.

His sister in the bath called out
'What did dad say-what did he?'
He said 'The world is going round.'
Said she 'Well it's making me giddy!'

***Spike Milligan***




www.burmeseclassic.com


www.burmeseclassic.com

## ခေါင်းမူးသူ

ဖေဖေ့သားလေး မောင်ဖြူဖွေး
ကပ်သီးကပ်သပ်မေး ..။
''ဖေ့သားလေးတို့ ဒီကမ္ဘာ
လည်ပတ်တယ်.. တဲ့ဗျာ
(ဆရာမက ပြောပြထား)
အဲဒါ .. ဟုတ်ရဲ့လား''
ဖေဖေ့သားက မေးတဲ့ခါ
''ဟုတ်ပါ့ .. ဟုတ်ပါ့ဗျာ
နေ့နဲ့ညမှာ သူလည်ပတ်''
သားသား သေချာမှတ် ..။
မကျေနပ်သေး သားဖွေးဖြူ
မေးခွန်း အလွန်ထူ
''ဒါ .. ဆိုရင်နော် .. သူမနား
မမောဘူးတဲ့လား''
သားရဲ့စကား ကြားလိုက်သူ
သမီး မသည်းအူ
''မောင်လေး ဖွေးဖြူ ဂျစ်ထူကဲ
ဘာတွေမေးတာလဲ''
ရေချိုးရင်းပဲ လှမ်းမေးလာ
သူလည်းသိချင်ရှာ
''ကမ္ဘာလည်တာ မေးခွန်းထုတ်
အဲဒါ သူ့အလုပ်''
''ဟုတ်တာပေါ့''တဲ့ .. သမီးဖြေ
''ဟုတ်တယ် မောင်လေးရေ ..
အဲဒါကြောင့်လေ .. မမကွယ့်
ခေါင်းမူးရတာ''တဲ့။

[ **Spike Milligan** ရဲ့ **Round and Round** ကို ဆီလျော်အောင် မြန်မာလိုခံစားထားပါတယ်။ စပိုက်မီလီဂန်က ၆နှစ်သမီးရယ်၊ ၄နှစ်ခွဲ 'ရှောန်'ဆိုတဲ့သားရယ် ကမ္ဘာကြီးလည်ကြောင်း ပြောဖြစ်တာကိုလည်း ပြောပြထားခဲ့ပါတယ်။]

မောင်သာလင်း





www.burmeseclassic.com

www.burmeseclassic.com

ဟိုးရှေးရှေးတုန်းကပေါ့ကွယ်။ စိမ်းစိမ်းစိုစို ရိုးမတောင်တန်းကြီးတွေရဲ့ အရှေ့ဘက်မှာ သီရိပဘ်သာဆိုတဲ့ တိုင်းပြည်တစ်ပြည်ရှိသတဲ့ကွယ်။ အဲဒီတိုင်းပြည်နဲ့ မနီးမဝေးမှာ ကန်သာယာရွာကလေးတစ်ရွာရှိတယ်။ ကန်သာယာရွာကလေးဟာ အသီးအနှံတွေနဲ့စိုက်ပျိုးပြီး အသက်မွေး ဝမ်းကျောင်းပြုနေထိုင်ကြတဲ့ ရွာကလေးပေါ့။ အဲဒီရွာထဲမှာ အင်မတန်ဆင်းရဲလှတဲ့ အမေ မြကြာဖြူနဲ့ သမီး ရှင်သင်နှောင်းတို့သားအမိလည်း နေထိုင်ကြတာပေါ့ကွယ်။ ရှင်သင်နှောင်းကလေးဟာ သူတို့ခြံကထွက်တဲ့ အသီးအနှံတွေကို အနီးအနားကရွာတွေဖြစ်တဲ့ ဆွဲလွဲကျေးရွာနဲ့ ကြခတ်ရွာတွေကိုသွားပြီး ရောင်းချရသတဲ့။ ရှင်သင်နှောင်းကလေးဟာ ဆင်းရဲတယ်ဆိုပေမဲ့ အသားကဖြူဖွေးပြီး ချောမောလှပတဲ့ မိန်းမပျိုလေးတစ်ဦးဖြစ်တာကြောင့် ရွာသူရွာသားတွေနဲ့ တခြားရွာက လူငယ်တွေက စိတ်ဝင်စားပြီး ရှင်သင်နှောင်းကို ချစ်ရေးဆိုကြတယ်။ ဒါပေမယ့် ရှင်သင်နှောင်းကလေးကတော့ သူချစ်ရမဲ့ချစ်သူကို မတွေ့သေးဘဲ ရှိနေဆဲမို့ပေါ့ကွယ်။

ဒီလိုနဲ့ တစ်နေ့တော့ ရှင်သင်နှောင်းလေးဟာ ဟင်းသီးဟင်းရွက်တွေခူးပြီး ကြခတ်ရွာကိုရောင်းချဖို့ ထွက်လာသတဲ့ကွယ်။ ကြခတ်ရွာနဲ့ကန်သာယာရွာက နီးတယ်ဆိုပေမယ့် လယ်ကွင်းတွေ စိုက်ခင်းတွေကို ကျော်ဖြတ်ပြီးသွားမှ ရောက်တာပေါ့။ ဒီလိုနဲ့ ရှင်သင်နှောင်းလေးဟာ ဟင်းရွက်ဈေးဗန်းကိုရွက်ပြီး ကြခတ်ရွာကို အလာလမ်းမှာ ကြခတ်ရွာသူကြီးရဲ့သား ရဲနောင်မွန်တို့အုပ်စုနဲ့ သွားတိုးတာပေါ့။ ရဲနောင်မွန်တို့အုပ်စုတွေကလည်း ထန်းရည်သောက်ပြီး ပြန်အလာပေါ့။ မူးမူးနဲ့ ရှင်သင်နှောင်းလေးကို ချစ်စကား ကြိုက်စကားပြောပြီး ဆွဲလားရမ်းလားလုပ်သတဲ့။ ရှင်သင်နှောင်းလေးလဲကြောက်ကြောက်နဲ့ အော်ဟစ်အကူအညီတောင်းပေမဲ့ ရွာနဲ့အလှမ်းဝေးတာကြောင့် အခက်တွေ့နေတာပေါ့။ ဒီအချိန်မှာပဲ မမျှော်လင့်ပဲနဲ့ စစ်ချီတဲ့ခရာသံတွေကြားရတယ်။ ဒါနဲ့ မြို့က ဘုရင်တပ်တွေချီတက်လာပြီဆိုပြီး ရဲနောင်မွန်တို့အုပ်စုဟာ နီးစပ်ရာခြုံတွေထဲကို ဝင်ပုန်းနေကြတာပေါ့။ ဒါကို အခွင့်ကောင်းယူပြီး ရှင်သင်နှောင်းလေးဟာ ရဲနောင်မွန်တို့အုပ်စုကနေ လွတ်အောင်ပြေးသတဲ့ကွယ်။ ရှင်သင်နှောင်းလေး ထွက်ပြေးသွားတာကို မြင်လိုက်ရတဲ့ ဘုရင့်စစ်တပ်ဟာ ရှင်သင်နှောင်းလေးရဲ့နောက်ကို မြင်းတွေနဲ့ အမီလိုက်တာပေါ့။

ဒီလိုနဲ့ ရှင်သင်နှောင်းလေးကိုမိသွားပြီး ဘုရင့်သားတော်လေးရှိရာကို ခေါ်သွားကြသတဲ့။ ဘုရင့်သားတော်လေးရဲ့ရှေ့ကိုရောက်တော့ ရှင်သင်နှောင်းလေးဟာ အကြောက်လွန်ပြီး အသားတွေတဆတ်ဆတ်တုန်နေတာကိုတွေ့တော့ မင်းသားလေးက သနားကရုဏာဖြစ်သွားပြီး မေတ္တာသက်ဝင်သွားသတဲ့။ မင်းသားလေးက အကြောင်းစုံကိုမေးတော့ ရှင်သင်နှောင်းကလေးလည်း အဖြစ်အပျက်ကို အစကအဆုံး ပြောပြလိုက်တာပေါ့။ မင်းသားလေးဟာ ရဲနောင်မွန်တို့ ပုန်းနေတာကို ဖမ်းဆီးပြီးနောက် ရှင်သင်နှောင်းလေးကို သူ့ရွာပြန်ဖို့ တပ်သားလေးယောက်ကို လိုက်ပို့ခိုင်းလိုက်တာပေါ့ကွယ်။ အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ ရှင်သင်နှောင်းလေးဟာ အမေဖြစ်သူ မြကြာဖြူကို ဖြစ်ပျက်သမျှ အလုံးစုံကို တစ်ထုံးမကျန် ပြောပြတော့ အမေမြကြာဖြူလည်း သမီးလေး ရှင်သင်

| ကိုယ်တိုင်ရေးပုံပြင် |


# သစ္စာသခင်

ရန်ကြီးအောင် (လှိုင်သာယာ)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

နှောင်းအတွက် စိတ်မအေးပဲ ဖြစ်နေတော့သတဲ့ကွယ်။

ဒါနဲ့ပဲ ရှင်သင်နှောင်းလေးဟာ အိပ်ရာဝင်လိုက်တာ ညဉ့်နက်သည်အထိ အိပ်မပျော်ဘူးတဲ့။ အပြင်ကို ထွက်ပြီး လမင်းကြီးကိုကြည့်ရင်းကနေ ဖိုးလမင်းကြီးရယ် ကျွန်မ မင်းသားလေးကို မြင်မြင်ခြင်းပဲ စိတ်ဝင်စားပြီး အရမ်းကို မေတ္တာရှိသွားပါပြီ။ ကျွန်မဘဝမှာ မင်းသားလေးနဲ့ ချစ်ခွင့်မကြုံခဲ့ရင်တောင် မင်းသားလေးကိုပဲ အသက်ထက်ဆုံး ချစ်ခင်သွားပါ့မယ်လို့ သစ္စာပြုပါတယ် ဆိုပြီး လမင်းကြီးကို တိုင်တည်သတဲ့ကွယ်။

သိပ်မကြာခင်မှာပဲ ရှင်သင်နှောင်းတို့ရွာကို ပိုးထည်တွေရောင်းတဲ့ ကိုသီဟဆိုတဲ့ ကုန်သည်တစ်ဦး ရောက်လာသတဲ့။ ကိုသီဟလေးဟာ ကန်သာယာရွာမှာ တည်းခိုဖို့အတွက် ရွာအပြင်က ရှင်သင်နှောင်းတို့ စိုက်ခင်းထဲမှာ နေခွင့်ရအောင် ရွာအကြီးအကဲထံ ခွင့်တောင်း မေတ္တာရပ်ခံလို့ ရှင်သင်နှောင်းတို့ သားအမိထံမှာ သီတင်းတစ်ပတ်နေဖို့ ခွင့်ပြုခြင်းခံရသတဲ့။ ကုန်သည်လေးလည်း ဝမ်းသာသွားပြီး ယာခင်းထဲမှာ နေထိုင်တာပေါ့။ ဒီလိုနဲ့ ရှင်သင်နှောင်းလေးဟာ ဟင်းသီးဟင်းရွက်တွေခူးဖို့ ယာခင်းထဲအလာမှာ ဟင်းသီးဟင်းရွက်တွေကို ခူးပြီးသား အဆင်သင့်တွေ့ရသတဲ့။ ခြံထဲကို ပေါင်းသင် မြက်ရှင်းဖို့ အလာမှာလည်း ပေါင်းသင်မြက်ရှင်း ပြီးသားကိုတွေ့ရတော့ ကုန်သည်လေးသီဟ လက်ချက်မှန်း သိသွားတာပေါ့။ ကုန်သည်လေးသီဟဟာ ယဉ်ကျေး သိမ်မွေ့သူတစ်ဦးဖြစ်ပေမဲ့ သူမျက်နှာပေါ်က အမာရွတ် အစင်းကြောင်းကြီးရှိနေတော့ ရုပ်ဆိုးနေတာပေါ့ကွယ်။ ယာခင်းထဲ ခြံထဲကအလုပ်တွေကိုမခိုင်းဘဲ ဘာဖြစ်လို့လုပ်ရပါသလဲလို့မေးတော့ ကုန်သည်လေးသီဟလည်း မဆိုင်းမတွပဲ "ရှင်သင်နှောင်းလေးကို ချစ်ခင်မြတ်နိုးမိလို့ပါလို့"ပြောတော့ ရှင်သင်နှောင်းလေးက "စိတ်မကောင်းပါဘူးရှင် ကျွန်မမှာ ချစ်သူရှိပါတယ်"လို့ပြောတော့ ရှင်သင်နှောင်းလေးချစ်သူဟာ ချောရဲ့လား ချမ်းသာရဲ့လားလို့မေးတော့ သူသိပ်ချစ်ရတဲ့သူက သီရိဟံသာတိုင်းပြည် ပြည့်ရှင်မင်းကြီးရဲ့သားတော်လေးပါလို့ပြောတဲ့အခါ ကုန်သည်လေးသီဟဟာ အံ့ဩသွားတာပေါ့။ ရှင်သင်နှောင်းလေးကိုလည်း ဘုရင်သားတော်လေးနဲ့ အမြန်ဆုံးနီးအောင် ဘုရားရှင်ထံမှာ ဆုတောင်းပေးပြီး သူ့နေရပ်ကို ပြန်သွားတော့သတဲ့ကွယ်။

ကုန်သည်လေးသီဟပြန်သွားပြီး ရက်အနည်းငယ်အကြာမှာပဲ သီရိဟံသာတိုင်းပြည်က ဘုရင့်တပ်မတော်ဟာ ရှင်သင်နှောင်းတို့အိမ်ရှေ့ကိုရောက်လာပြီး ရှင်သင်နှောင်းတို့သားအမိ မင်းနေပြည်တော်ကိုလိုက်ခဲ့ဖို့ ဘုရင့်အမိန့်ပါတယ်ဆိုပြီး လာခေါ်တာပေါ့။ ရှင်သင်နှောင်းလေးလည်း ဘုရင့်အမိန့်ဆိုတော့ မလွန်ဆန်ရဲဘူးပေါ့။ သူတို့သားအမိမှာ အပြစ်တစ်စုံတရာရှိခဲ့ရင်တော့ မစဉ်းစားရဲဘူးဆိုပြီး ကြောက်ကြောက်နဲ့ လိုက်ပါသွားသတဲ့ကွယ်။ သူတို့လည်း သီရိဟံသာတိုင်းပြည်ရဲ့မြို့ထဲကိုရောက်တော့ ပြည်သူပြည်သားတွေဟာ သူတို့ကိုဝိုင်းပြီးကြည့်နေတာပေါ့။ အဲဒီကြည့်နေတဲ့သူတွေကြားထဲကမှ သူ့နာမည်ကို ခေါ်တဲ့အသံကြားတော့ လူအုပ်ကြီးထဲ လှည့်ကြည့်လိုက်တဲ့အခါ ကုန်သည်လေးသီဟဖြစ်နေတာကို တွေ့လိုက်ရတာပေါ့။ ကုန်သည်လေးသီဟဟာ ရှင်သင်နှောင်းရဲ့လက်ကို အတင်းဆွဲပြီး သူနဲ့အတူနေဖို့ ပြောတာပေါ့။ ရှင်သင်နှောင်းလေးလည်း ဘုရင့်အမိန့်အရလာရတာဖြစ်ပြီး မည်သည့်ကိစ္စမှန်းမသိရသေးဘဲ နောက်ထပ်ပြဿနာတစ်ခု မဖြစ်ပါရစေနဲ့လို့ပြောတော့ ရှင်သင်နှောင်းလေးကို မင်းသားလေးက ချစ်ခင်နှစ်သက်လို့ အခေါ်လွှတ်လိုက်တာပါလို့ပြောတော့ ရှင်သင်နှောင်းလေးလည်း ကုန်သည်လေးသီဟဆီက အတင်းရုန်းပြီး "ကျွန်မက မင်းသားလေးကိုပဲ ချစ်တာပါ။ မင်းသားလေးကလွဲပြီး ဘယ်သူ့ကို မချစ်နိုင်ပါဘူး"လို့ ပြောပြီး မြင်းပေါ်ကို အတင်း ပြန်တက်တာပေါ့ကွယ်။ ဒီတော့မှ ကုန်သည်လေးသီဟက ကျုပ်ဘယ်သူလည်းဆိုတာ ကြည့်ပါဦးလို့ပြောပြီး မျက်နှာက အမာရွတ်ကို ဆွဲခွာပြီး မျက်နှာကို ပုဝါနဲ့ ပြောင်စင်အောင် သုတ်လိုက်တော့မှ ရှင်သင်နှောင်းလေးဟာ သူ သိပ်ချစ်ရတဲ့ မင်းသားလေးမှန်းသိသွားသတဲ့ကွယ်။ အဲဒီနောက်တော့ မင်းသားလေးနဲ့ ရှင်သင်နှောင်းတို့ ချစ်သူနှစ်ဦးဟာ လက်ထပ်မင်္ဂလာပွဲကြီးကျင်းပပြီး နန်းတော်ကြီးထဲမှာ အသက်ထက်ဆုံးနေထိုင်သွားကြသတဲ့။

သားတို့သမီးတို့ရေ သစ္စာတရားဟာ အရာရာကို အောင်နိုင်တယ်ဆိုတာ ဒီပုံပြင်ကလေးက သက်သေပြနေပါတယ်ကွယ်။

ရန်ကြီးအောင် (လှိုင်သာယာ)

❑



www.burmeseclassic.com

www.burmeseclassic.com

# မျက်လှည့်ပြတမ်းကစားရအောင်

ဦးဦးဖက်တီး

ဒီလမှာ ကလေးတို့သူငယ်ချင်းမျက်စိရှေ့မှောက်မှာ ကြိုးကနေ ချက်ချင်းကြိုးထုံးဖြစ်သွားတဲ့ မျက်လှည့်ပြနည်းကလေးတစ်ခုကို ဖော်ပြပေးလိုက်ပါတယ်။

**လိုအပ်တဲ့ပစ္စည်းများ**

၂ ပေ အရှည်ရှိတဲ့ ကြိုးတစ်ချောင်း




**အဆင့်(၁)**

ဦးစွာကြိုးစတစ်ဘက်နားမှာ ကြိုးထုံးလိုက်ပြီး အဲဒီကြိုးထုံးကို မျက်လှည့်ကြည့်ရှုတဲ့ ကလေးတို့ရဲ့သူငယ်ချင်းတွေ မမြင်အောင် ဘယ်ဘက်လက်ထဲမှာ ဖွက်ထားပါ။




**အဆင့်(၂)**

အဲဒီနောက် ကျန်ညာဘက်လက်က ကြိုးစ B ကို ဆွဲယူလိုက်ပြီး ဘယ်ဘက်လက်ထဲ ထည့်လိုက်ပါ။



www.burmeseclassic.com




အဆင့်(၃)

ကြိုးစ A နဲ့ ကြိုးစ B နှစ်ခုစလုံး လက်ထဲမှာ
ကိုင်ထားပြီးနောက်ကြိုးစ A ကို လွှတ်ချလိုက်ပါ။
အဲဒီအခါ ကလေးတို့ရဲ့သူငယ်ချင်းတွေဟာ
ကြိုးထုံးကိုမြင်တွေ့သွားပြီး
အံ့ဩသွားကြပါလိမ့်မယ်။




* ကလေးတို့ အထူးသတိပြုဖို့က ကြိုတင်ထုံးထားတဲ့ကြိုးထုံးကို ပရိသတ်မမြင်အောင် လုပ်နိုင်ဖို့ပါပဲ။






www.burmeseclassic.com

www.burmeseclassic.com



## စကားနှုတ်ချို

သူတစ်ပါးနဲ့ ပြောတဲ့ခါ
'ကျွန်တော်'၊ 'ခင်ဗျား' သုံးစွဲပါ။

သို့မှသာ နားဝင်ချော
သတိပြုကာ ဆင်ခြင်ပြော။

သဘောမနော ဖြူဖြူစင်
စိတ်မြှတ်စိတ်ကောင်း အမြဲဝင်။

ခင်ခင်မင်မင် မိတ်ဆွေများ
ထပ်မံတိုးတက် ဆယ်ဆပွား။

မှန်သောစကား နေ့တိုင်းဆို
ပြုံးပန်းဆင်သ လက်ကမ်းကြို။

စကားနှုတ်ချို အစဉ်သုံး
ကြားရသူတိုင်း ရွှင်ကြည်ပြုံး။
ပီတိဖြာဝေဖုံး။ ။

စကုဆွေသစ်





www.burmeseclassic.com

www.burmeseclassic.com

# တန်ခိုးရှင်
## တင်မကြွနိုင်ဘူး

■ ချောင်းဆုံအုန်းသွင်

ကလေးတို့ရေ –

မိဘကိုရိုက်တဲ့ပြစ်မှုနဲ့ ငရဲကျသွားတဲ့ 'မယား အလိုလိုက်၊ သားငမိုက်'ကိုလှအကြောင်းကို အရင်လက ဖတ်ခဲ့၊ သိခဲ့ရပြီနော်။ အခု အဲဒီကိုလှဟာ ငရဲကလွတ်ပြီးနောက် ဆက်ခံရတဲ့အပြစ် ကြွင်းအကြွေးကို ဘယ်လို ဆပ်ရတယ်ဆိုတာ ဆက်ပြောဦးမယ်။

ဆိုကြပါစို့ အဲဒီကိုလှဟာ နှယ်နှယ်ရရပုဂ္ဂိုလ် မဟုတ်ဘူး။ သာဝကဆုပန်ပုဂ္ဂိုလ်ထူးကြီး။ သာဝကဆုပန်တယ်ဆိုတာကိုတော့ အရင်လက ဇာတ်ကြောင်းမှာလဲ ပြောခဲ့ပြီးပြီ။ သာဝကမှ ရိုးရိုးသာဝကမဟုတ်ဘူး 'အဂ္ဂသာဝက'လို့ခေါ်တဲ့ အမြတ်ဆုံးသာဝကဆုကို ပန်ပြီး ပါရမီဖြည့်ရတာ။ ပါရမီကလည်း ကမ္ဘာပေါင်းတစ်သချေ်နဲ့ ကမ္ဘာတစ်သိန်းပါရမီဖြည့်ခဲ့ရတာ။ ကိုလှဘဝကတော့ အလွန်နုစဉ်ဘဝနေမှာပေါ့။

အဲဒီပုဂ္ဂိုလ်ဟာ ပါရမီပြည့်လို့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၆၀၈ ခုနှစ်လောက်က ဘုရားအဖြစ် ပွင့်တော်မူတဲ့ အခု တို့ ကိုးကွယ်နေတဲ့ ဂေါတမမြတ်စွာဘုရားရှင် လက်ထက်မှာ မြတ်စွာဘုရားရဲ့ လက်ဝဲတော်ရံ ဒုတိယ အဂ္ဂသာဝကကြီးဖြစ်လာခဲ့တယ်။ ဘွဲ့တော်က အရှင်မဟာ မောဂ္ဂလာန်တဲ့။ သိပ်တန်ခိုးကြီးတယ်။ ဘယ်လောက် တန်ခိုးကြီးသလဲဆိုရင် မြတ်စွာဘုရားပြီးရင် သူ တန်ခိုး အကြီးဆုံးပဲ။

အရှင်မဟာမောဂ္ဂလာန်ဟာ ဘယ်လောက် တန်ခိုးကြီးသလဲဆိုရင် တာဝတိံသာနတ်ပြည်ကို မျက်တောင် တစ်ခတ်အတွင်းရောက်အောင် သွားနိုင်တယ်။ ဘုရားပွင့်တယ်ဆိုရင် လူတွေဟာ ကောင်းမှုကုသိုလ်တွေ ပြုလုပ်ကြလို့ နတ်ပြည်ချည်းရောက်ကြတယ်။ ရှင်မဟာ မောဂ္ဂလာန်ဟာ နတ်ပြည်ရောက်သွားသူများကို "ဘယ်လို ကောင်းမှုနဲ့ နတ်ပြည်ရောက်ရပါသလဲ" လို့ မေးတယ်။ တချို့လည်း ဒါနဆိုတဲ့အလှူပေးခြင်း ကောင်းမှု၊ တချို့လည်း သီလဆောက်တည်ခြင်းကောင်းမှုတွေနဲ့ ရောက်ကြရကြောင်း စသည်ဖြင့် ပြန်ဖြေကြတယ်။ တချို့ဆိုရင် စိတ်စေတနာ ထက်ထက်သန်သန်နဲ့ ပန်းတစ်ခက်၊ ဆွမ်းတစ်ဇွန်းလှူရုံမျှနဲ့ နတ်ပြည်ရောက်ကြရကြောင်း ပြန်ပြောပြတယ်။ ဒါကို အရှင်မဟာမောဂ္ဂလာန်က လူတွေကို ပြန်ပြောပြတယ်။ လူတွေက သဘောကျပြီး လိုက်လုပ်ကြတယ်။

ဒီလိုနဲ့ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကြီးဟာ အလွန်စည်ပင်ဝပြောလာတယ်။ မြတ်စွာဘုရားရှင်ရဲ့ 'ဗုဒ္ဓသာသနာတော်ကြီး' စည်ပင်လာတာနဲ့အမျှ တိတ္ထိတက္ကတွန်းတွေမှာ လာဘ်လာဘ ခေါင်းပါးလာတယ်။ ဒါကို တိတ္ထိတွေက "အရှင်မဟာမောဂ္ဂလာန်ကြောင့်ပဲ၊ အရှင်မဟာမောဂ္ဂလာန်က လူတွေကို နတ်ပြည်အကြောင်း ပြန်ပြောပြလို့ လူတွေ စိတ်ဝင်စားပြီး ဘုရားသာသနာကို သက်ဝင်ယုံကြည်လာကြတာ ဖြစ်တယ်။ ဒါကြောင့် ငါတို့ လာဘ်မရခြင်းရဲ့ အဓိကဖန်တီးသူဟာ အရှင်မဟာ မောဂ္ဂလာန်ပဲ။ သူကို သတ်ရမယ်။ ရှင်းပစ်ရမယ်" လို့ ယူဆလာကြတယ်။

ယူဆတဲ့အတိုင်း တိုင်ပင်ကြတယ်။ သဘောတူကြတယ်။ သူတို့ရဲ့ အကြံအစည်ကို စတင်ဆောင်ရွက်ချိန်ဟာ မြတ်စွာဘုရားရဲ့ သာသနာတော် သက်တမ်း ၄၅–နှစ်ရှိပြီ။ ဘုရားရော အရှင်မဟာမောဂ္ဂလာန်ရော ဟာ သက်တော် ၈၀ သို့ ရောက်လာကြပြီ။ တိတ္ထိတွေဟာ ပိုက်ဆံစုကြပြီး ခိုးသား ၅၀၀ ကို ငှားကြတယ်။ ခိုးသား ၅၀၀ ကိုငှားပြီး အရှင်မဟာမောဂ္ဂလာန်ကို အသေသတ်ခိုင်းလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



# ပဋိညာဉ် ပင်မကြီးပိုင်ဘုရား

ချောင်းဆုံကျင်းသွင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာ မထေရ်မြတ်ကြီးဟာ တစ်ပါးတည်း တောအုပ်တစ်ခုက ကျောက်ဂူကြီးတစ်လုံးထဲမှာ တရား အားထုတ်နေတယ်။ ခိုးသားတွေကလည်း တိတ္ထိတွေဆီက ပိုက်ဆံတွေ အများကြီးရထားတော့ မထေရ်ကြီးကိုသတ်ဖို့ ကြိုးစားကြတာပေါ့။ ရှေးဦးစွာ မထေရ်ကြီးနေတဲ့နေရာ၊ ပြီးတော့ အမြဲရှိတတ်တဲ့အချိန် စတာတွေကို သိရှိအောင် လေ့လာကြတယ်။ အကောင်းဆုံးကတော့ ညနက် သန်းခေါင်အချိန်ပေါ့။ ဒီအချိန်ဟာ မထေရ်ကြီး တရား အားထုတ်နေတဲ့အချိန်ပဲ။

ခိုးသားတွေဟာ မထေရ်ကြီးရှိတဲ့ ညနက်သန်း ခေါင်အချိန်မှာ အဲဒီဂူကို သွားကြတယ်။ မထေရ်ကြီးဟာ တန်ခိုးကြီး ပုဂ္ဂိုလ်ဖြစ်လို့ ခိုးသားတွေလာတာကို အဝေးကြီးကတည်းက ကြိုသိတယ်။ ဒီတော့ မထေရ်ကြီး ဟာ ကောင်းကင်ခရီးကို ဈာန်နဲ့ကြွပြီး ရှောင်လိုက်တယ်။ ခိုးသားတွေရောက်လာပြီးမတွေ့တော့ ပြန်သွားကြတယ်။ ဒါပေမယ့် မထေရ်ကြီးဟာ ဒီမှာပဲနေတယ်ဆိုတာသိတော့ ခိုးသားတွေဟာ နောက်ညမှာ ထပ်သွားကြတယ်၊ မထေရ် ကြီးလည်း ပထမညကလို ကြိုသိပြီး ဈာန်နဲ့ ရှောင်သွား လိုက်တယ်။

ခိုးသားတွေက မကျေနပ်ဘူး။ ပိုက်ဆံလည်း ယူထားပြီးပြီဆိုတော့ ဇွဲမလျှော့ဘူး။ နောက်ညလည်း သွားကြတယ်။ မထေရ်ကြီးလည်း အရင်နှစ်ညကလို ကြိုသိတော့ ရှောင်ဖို့ ဈာန်ဝင်သွားပြီး ဈာန်ပျံလိုက်တယ်။

အင်မတန် အံ့ဩဖို့ ကောင်းပါတယ်။ ဒီလောက် တန်ခိုးကြီးတဲ့ မထေရ်ကြီး တာဝတိံသာနတ်ပြည်ကို မျက်စိတစ်မှိတ်အတွင်း သွားနိုင်တဲ့ ဈာန်တန်ခိုးရှင် ဖြစ်တဲ့ မထေရ်ကြီး၊ ယမန်နေ့ည၊ နှစ်ညကတောင် ဈာန်ပျံပြီး ရှောင်နိုင်ခဲ့တဲ့ မထေရ်ကြီး –

ဟော အခု လုံးဝ ဈာန်ပျံလို့ မရတော့ဘူး။ ဘယ်လောက်ကြိုးစား၊ ကြိုးစား တင်ပါးတောင် မကြွဘူး။ 'တန်ခိုးရှင်တင်မကြွနိုင်တော့ဘူး'

အတန်တန်ကြိုးစားလို့မရတော့ မထေရ်ကြီးက 'ဘာကြောင့်ပါလိမ့်'လို့ စဉ်းစားပြီး အတိတ်ဘဝများကို စိတ်တန်ခိုးနဲ့ ပြန်စဉ်းစားတယ်။ "ဘယ်ဘဝက ပြုခဲ့တဲ့ ဘယ်မကောင်းမှုကြောင့် ခုလို ဖြစ်ရသလဲ" လို့ပေါ့။

ဒီတော့မှ မထေရ်မြတ်ကြီးဟာ ကိုလှ (စာရေးသူ ပေးထားသော အမည်၊ မူရင်းဇာတ်လမ်းမှာ အမည်နာမ မတွေ့ရဘူး) ဘဝတုန်းက မျက်မမြင်မိဘနှစ်ပါးကို ခိုးသား ဟန်ဆောင်ပြီး ရိုက်နှက်ခဲ့တဲ့အပြစ်ကြွေးက ငရဲကျခံပြီး ပေးဆပ်ခဲ့တာတောင် မကျေနိုင်လို့ နောက်ဆုံးဘဝမှာ 'ခိုးသားအရိုက်ခံ'ပြီး 'ဝဋ်ကြွေး'အဖြစ် ဆပ်ရဦးမည် ဆိုတာကို သိမြင်ရတော့တယ်။

အရှင်မဟာမောဂ္ဂလာန်ရဟန္တာမထေရ်မြတ်ကြီး ဟာ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ဘုရားပြီးလျှင် ဒုတိယအကြီးဆုံးပုဂ္ဂိုလ်ပဲ၊ တတိယနေရာမှာရှိတယ်ပေါ့။ ဒုတိယနေရာရသူက ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးပဲ၊

သူတို့မှာ 'နောက်ဘဝ'ဆိုတာ မရှိတော့ဘူး။ ဒီဘဝကသေရင် (ပရိနိဗ္ဗာန်စံရင်) နိဗ္ဗာန်ဝင်ပြီး သံသရာ မှာ မကျင်လည်ရတော့ဘူး။ အဲဒီလို ပုဂ္ဂိုလ်ကြီးမျိုးကို တောင် မိဘကို ပြစ်မှားမိခဲ့တဲ့ 'ဝဋ်ကြွေး'က 'ကင်းလွတ် ခွင့်' မပေးဘူး။ ဆက်ဆက်ပေးဆပ်သွားရတယ်။ အင်မတန်ကြောက်ဖို့ ကောင်းပါတယ်၊ မိဘကို ပြစ်မှားတဲ့ အပြစ်ဟာ ကြီးလေးလွန်းလှတယ်။

ဒါနဲ့ မထေရ်မြတ်ကြီးဟာ တိမ်းရှောင်ဖို့မကြိုးစား တော့ဘဲ ခိုးသားတွေရဲ့အရိုက်ကို ကျေကျေနပ်နပ် ခံလိုက် တယ်၊

ခိုးသားတွေကလည်း အမိကရ တန်ခိုးရှင်ကြီးမို့ 'စိတ်ချရအောင်'ဆိုပြီး 'စိစိညက်ညက်ကျေအောင်' ရိုက် ကြတယ်။ နောက်ဆုံး အရိုးတွေပါကျေပြီး 'လွှစာမှုန့် အိတ်၊ ဖွဲအိတ်'ကြီးလိုဖြစ်တော့မှ ထားခဲ့တယ်။

ခိုးသားတွေ ထွက်သွားတော့မှ မထေရ်မြတ်ကြီး ဟာ တန်ခိုးနဲ့ အရိုးတွေကို ပြန်ဆက်ပြီး ပရိနိဗ္ဗာန် စံဝင်ချိန်လည်းသင့်ပြီဖြစ်လို့ မြတ်စွာဘုရားရှင်ရှိရာကို သွားတယ်။ မြတ်စွာဘုရားကို လျှောက်ထားပြီး နောက်ဆုံး ဖူးမျှော်ခြင်းဖြင့် ဖူးမျှော်ရှိခိုးခဲ့ပြီး ခိုးသားများရဲ့ အရိုက် ခံရတဲ့ ကျောက်ဂူဆီမှာပဲ ဈာန်နဲ့ ပြန်ခဲ့တယ်။ ကျောက်ဂူ အပြင်ဘက်မှာ မထေရ်မြတ်ကြီးနားနေရာ ကျောက်ဖျာ ရှိတယ်။ အဲဒီကျောက်ဖျာပေါ်မှာ လှဲလျောင်းပြီး ပရိနိဗ္ဗာန် စံဝင်သွားတော်မူတယ်။

မိဘကို နှုတ်ဖြင့်ဖြစ်စေ လက်ဖြင့်ဖြစ်စေ ပြစ်မှား မိရင် ပြစ်မှားမိသလောက် ထိုက်ထိုက်တန်တန် အပြစ်ခံရတယ်ဆိုတာပါပဲ။

ချောင်းဆုံအုန်းသွင်

❑


www.burmeseclassic.com

# ဦးမှန်တိ

နှင့်

# မောင်ရှုပ်ကောက်

ဦးသိန်းငံ



ရှေးသရောအခါက ကျေးရွာတစ်ရွာတွင် နာမည်ကြီးသော အဖိုးအိုတစ်ယောက်ရှိခဲ့ပေ၏။ ထိုအဖိုးအိုမှာ တိကျမှန်ကန်မှုကို နှစ်သက်သူဖြစ်၏။ သူသည် ကောက်ကျစ်စဉ်းလဲခြင်း၊ ပရိယာယ်ဝေဝုစ်သုံးစွဲခြင်းတို့ကို များစွာမုန်းတီးသူဖြစ်၏။ သို့ကြောင့် သူ့ကို ဦးမှန်တိဟု ခေါ်ကြလေ၏။

ဦးမှန်တိသည် ငွေကြေးအကူအညီလိုအပ်သူများကိုလည်း ငွေကြေးအကူအညီပေးသည်။ သို့ရာတွင် နက်ဖြန်ဆိုလျှင် နက်ဖြန်ပြန်ဆပ်မှုကြိုက်သည်။ သဘက်ခါသို့ ရွှေ့ပြောင်းသွားလျှင် ထိုသူကို နောက်ထပ်အကူအညီ မပေးတော့ပေ။ ထိုတိကျမှုကြောင့်လည်း ဦးမှန်တိကို လူများ ကြောက်ရွံ့ကြ၏။

သို့ရာတွင် မှန်မှန်ကန်ကန်ပြုသူများကား ဦးမှန်တိကို မကြောက်ရွံ့ကြပေ။

"ဦးမှန်တိ ငွေတစ်သောင်းချေးစမ်းပါ"

"ဘယ်တော့ ပြန်ဆပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com

"နုယုန်လပြည့်နေ့၊ မွန်းတည့်ချိန်"

ထိုကဲ့သို့ တိကျစွာ သတ်မှတ်သူကို ဦးမှန်တိ အလွန်သဘောကျ၏။ ချိန်းဆိုထားသောနေ့၏ အချိန်နာရီတွင် ချေးယူထားသောငွေကို ပေးဆပ်လိုက်ပါက ပြီးတော့သည်။ မည်သို့မျှ ကြောက်ရွံ့စရာမရှိချေ။

"ဦးမှန်တိတဲ့လား ဟား .. ဟား .. ဟား .."

လူတစ်ယောက်ရောက်လာ၏။ သူသည် ဦးမှန်တိအကြောင်း မေးမြန်းစုံစမ်းအပြီး၌ ဟားတိုက်ရယ်မော၏။

"ဦးမှန်တိတဲ့လား ဟား .. ဟား .. ဟား .."

ထိုသူသည် ဦးမှန်တိကို သရော်ပြီးနောက် ဤသို့လည်း ထပ်မံကြူးဝါးနေလိုက်ပြန်ချေသေးသည်။

"ဦးမှန်တိ ထိုင်ပြီး ငိုသွားစေရမယ်ဟေ့"

ဦးမှန်တိ၏အကျိုးစီးပွားကို လိုလားသူများသည် ဦးမှန်တိထံသို့ ကြိုတင်သွားရောက်ကာ သတင်းပေးကြ၏။

"ဦးမှန်တိ ခင်ဗျားရဲ့ မှန်ကန်တိကျခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းကို ပြက်ရယ်ပြုတဲ့လူတစ်ယောက်ပေါ်နေတယ်"

"ပေါ်ပါစေလေ။ စေတနာမှန်တဲ့ ကံတရားပဲ"

"လာလိမ့်မယ်နော်"

"လာပါစေ၊ လာပါစေ၊ ဦးမှန်တိရဲ့ ဖြူစင်တဲ့စေတနာ၊ ဖြောင့်မတ်တဲ့စိတ်ထားကို အထင်လွဲရင် မှားမှာပေါ့"

ဦးမှန်တိက သူ၏မေတ္တာစေတနာနှင့် ရိုးသားဖြောင့်မတ်မှုကို တန်ဖိုးထားသည်။ အားကိုးသည်။ မကြာမီပင် မိတ်ဆွေများ ကြိုတင်သတိပေးထားသော မောင်ရှုပ်ကောက်သည် ဦးမှန်တိထံ ရောက်လာ၏။

"ငွေငါးထောင်လိုချင်လို့ပါ ဦးမှန်တိ"

"ရပါတယ် ရပါတယ်။ သို့သော် ဘယ်လောက်ကြာမှာလဲ"

"နှစ်လရှိရင် ပြန်ဆပ်ပါမယ်"

"သုံးလ လေးလကြာရင်လည်း ရတယ်နော်။ ငွေချေးသူဘက်က လိုက်နာဖို့က တိကျမှန်ကန်ဖို့ပဲ"

"အဲဒါတော့ စိတ်ချ ဦးမှန်တိ"

ထိုသို့ဖြင့် ဦးမှန်တိသည် မိမိတို့ရွာသား အသင်းသားတစ်ယောက်ဖြစ်သော မောင်ရှုပ်ကောက်ကို ငွေငါးထောင်ကျပ် ထုတ်ချေးလိုက်လေ၏။

ဦးမှန်တိကား မှန်ကန်တိကျ၏။

ရက်ပေါင်း ၆၀ ကြာသောနေ့တွင် မောင်ရှုပ်ကောက်ထံရောက်သွား၏။

"မောင်ကတိပြုထားတဲ့အတိုင်း နှစ်လပြည့်တဲ့အတွက် ကြွေးငွေငါးထောင်ကို လာရောက်တောင်းခံတာပါ"

"ဘယ်က နှစ်လရှိရမှာတုန်း"

မောင်ရှုပ်ကောက်က ငြင်းဆန်ချင်သည်။

"သည်မှာ မောင်ရှုပ်ကောက်။ စာချုပ်စာတမ်းနဲ့ ရေးမှတ်ထားတာ။ ပေါ့ပေါ့တန်တန်မပြောနဲ့"

"မပြောပါဘူးဗျာ။ နှစ်လရှိချိန်တွင် ပြန်လည်ပေးဆပ်ပါမည်လို့ ရေးထားတာ ဦးမှန်တိလဲ အသိပါ"

"ဟုတ်တယ်လေ။ အခု နှစ်လကျော်သွားပြီပဲ"

"သည်မယ် ဦးမှန်တိ၊ နှစ်လကြာလျှင် ပြန်ဆပ်ပါမည်လို့ ရေးထားတာမဟုတ်ဘူးနော်။ ၂ လရှိရင် ပြန်ဆပ်မယ်လို့ ရေးထားတာ။ မိုးပေါ်ကို ခင်ဗျား မော့ကြည့်လိုက်စမ်း။ လ,ဟာ တစ်လပဲရှိသေးတယ်။ နှစ်လ မရှိသေးဘူး"

ကိုရှုပ်ကောက်၏ ရယ်မောသံများ ညံသွားသည်နှင့်အမျှ ဦးမှန်တိမှာ ဗလုံးဗထွေးသံများဖြင့် ညည်းညူထွက်ခွာသွား၏။ သို့ရာတွင် ဦးမှန်တိကား လက်မလျှော့ပါ။ နောက်တစ်လတွင် ရောက်လာပြန်သည်။

"ဦးမှန်တိရောက်လာပြန်ပြီလား"

"မောင်ပဲ ၂လလို့ ပြောခဲ့တယ်လေ"

"ဟုတ်ကဲ့ .. ၂လရှိရင် ဆပ်ပါမယ်။ အခုတော့ တစ်လပဲရှိသေးတဲ့အတွက် ခင်ဗျားရဲ့ငွေငါးထောင်ကို"

ကိုရှုပ်ကောက်၏ ရယ်မောသံများ ညံသွားပြန်၏။ ထို့နောက် သူ၏ကြူးဝါးသံများကလည်း ညံစာသွားပြန်၏။

"ဘာ ဦးမှန်တိလဲ။ အခု ဘာတတ်နိုင်သေးလဲ။ မှန်ကန်တယ် တိကျတယ်ဆိုတဲ့ ဦးမှန်တိ ဘာလုပ်ဦးမလဲ"

ဤသို့ဖြင့် ရိုးသားဖြောင့်မတ် တိကျမှန်ကန်သော ဦးမှန်တိမှာ လူယုတ်မာ၏ မထိမဲ့မြင်ပြုမှုကို ခံနေရ၏။ သို့ရာတွင် ဦးမှန်တိသည် နောက်လတွင်လည်း မောင်ရှုပ်ကောက်ထံသို့ ရောက်သွားပြန်၏။

"၂လ ရှိပြီလား"

"မောင် ရက်ပေါင်း ၆၀ ကြာပြီးတဲ့နောက်မှာ ပြန်ဆပ်ပါ့မယ်ဆိုပြီး အသင်းပိုင်ငွေငါးထောင်ကို ချေးငှားယူငင်သွားတဲ့အတွက် ပြန်လည်ပေးဆပ်ဖို့ လာရောက်



www.burmeseclassic.com

www.burmeseclassic.com

တောင်းခံတာပါ''

"မိုးပေါ်မှာ တစ်လပဲ ရှိသေးတာပဲ ဦးမှန်တီရယ်''

"မဟုတ်ဘူး။ အချိန်ကြာမြင့်မှု နှစ်လ။ ဒါ့ပြင် ရက်ပေါင်း ၆၀ ဖြစ်ပါတယ်။ မောင်ရှုပ်ကောက်ရယ်''

"ခင်ဗျား ဘာပဲပြောပြော ကျွန်တော်နားလည်တာကတော့ 'အသင်းပိုင်ချေးငွေများကို ၂လရှိချိန်တွင် ပေးဆပ်ပါမည်' လို့ အဖြူပေါ်အနက်တင်ပြီး ရေးသားတဲ့အတွက်''

သို့သော် မောင်ရှုပ်ကောက်၏စကားကို ဆုံးအောင် မစောင့်တော့ပေ။ ဦးမှန်တီသည် လက်ကာပြလျက် မောင်ရှုပ်ကောက်ကို တားမြစ်၏။ စက်ဘီး၏ရှေ့ခြင်းထဲတွင် ထည့်ယူလာသော ကြွပ်ကြွပ်အိတ်ကို ဆွဲယူသည်။ ထို့နောက် ကြွပ်ကြွပ်အိတ်ထဲမှ ဦးမှန်တီဆွဲထုတ်လိုက်သောအရာမှာ မှန်တစ်ချပ်ဖြစ်၏။

"မင်းရဲ့ မိုးပေါ်က လတစ်လအပြင် ဟောသည့် မှန်ထဲမှာလည်း တစ်လ။ စုစုပေါင်း ၂ လရှိပြီဖြစ်တဲ့အတွက် မင်းချေးယူထားတဲ့ငွေငါးထောင်ကို အခု ပြန်ဆပ်ရမယ်။ မဆပ်ရင် လိမ်လည်မှုနဲ့ တရားစွဲမယ်''

"တရားတော့ မစွဲပါနဲ့ဗျာ။ ခင်ဗျားငွေကို ဆပ်ပါ့မယ်''

ဦးမှန်တီကို လုပ်လိုက်မည်ဟု ကြုံးဝါးထားသော မောင်ရှုပ်ကောက်မှာ အဆုံးတစ်နေ့တွင် ဦးမှန်တီကို အရှုံးပေးလိုက်ရလေ၏။

**ဦးသိန်းဖံ**


❑

## မတူတဲ့မုန်လာဥနီတစ်လုံးကိုရွေးပါ

ကလေးတို့ရေ

မုန်လာဥနီ (၆)လုံးဟာ ဆင်တူကြတယ်လို့ထင်ရပေမယ့် အဲဒီ ၆ လုံးမှာ တစ်လုံးကသာ တခြားမုန်လာဥနီတွေနဲ့မတူဘဲ အနည်းငယ်ကွဲပြားနေပါတယ်။ ကလေးတို့က အဲဒီကွဲပြားနေတဲ့ မုန်လာဥတစ်လုံးကို ရွေးချယ်ပေးရမယ်။ အဖြေကို စာမျက်နှာ ၁၆၀ မှာ ဖော်ပြပေးထားပါတယ်။

❑



www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com

[ကာလေးဝတ္ထုတို]

# အမှတ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ ယခုနှစ်တက်ရောက် သင်ကြားရသော သတ္တမတန်း–တန်းခွဲ(က)တွင် ကျွန်မ၊ အေးအေးနှင့် စုစုခိုင်တို့ သုံးယောက်သည် စာသင်ခန်း၏ ရှေ့ဆုံးခုံတန်းတွင် အတူထိုင်ကြသူများဖြစ်ပါသည်။ ကျွန်မ တို့သုံးဦးမှာ တန်းခွဲတစ်ခုလုံးတွင် အများစုက ဂရုစိုက်ကြည့်ရှုအလေးပေးခြင်း ခံရသူများဖြစ်ကြသည့် အချက်တွင် တူညီပါသည်။ အခြားကြောင့်မဟုတ်ပါ။ ကျွန်မတို့ သုံးဦးသည် အတန်းထဲတွင် အသုံးနိုင်၊ အဖြုန်းနိုင်ဆုံးသူများ ဖြစ်နေကြသောကြောင့် ဖြစ်သည်။

ကျောင်းစည်းကမ်းအရ ကျောင်းသူကျောင်းသား အားလုံးကျောင်းဝတ်စုံ အဖြူအစိမ်းကို တစ်ပြေးညီတည်း ဝတ်ဆင်ကြရသည်မှာ မှန်သော်လည်း ကျွန်မတို့ သုံးဦးမှာ တန်ဖိုးအကြီးဆုံး အမျိုးအစားအဝတ်အထည်များကို ဝတ်ဆင်ကြသည်။ ကျောင်းမှ ကောက်ခံသော ဝါဆိုပန်းကပ်ရန်အတွက်၊ ကျောင်းဘုံကထိန်အတွက်၊ အတန်းထဲမှ သောက်ရေအိုးဖိုး တံမြက်စည်းဖိုးအတွက် စသဖြင့်သော အလှူငွေပေါင်းစုံတွင်လည်း ကျွန်မတို့က အများဆုံးထည့်ဝင် လှူဒါန်းနိုင်ကြပါသည်။ အချောစား ဗာလာစာအုပ်၊ အကောင်းစားလွယ်အိတ်နှင့် ဈေးအကြီးဆုံး ဘောလ်ပင်တို့ကို ထည်လဲသုံးစွဲနိုင်ကြသည်။ ကျောင်းသို့လာလျှင်လည်း ကျောင်းမုန့်ဈေးတန်းမှ မုန့်တို့ကို ဝယ်ခြမ်းစားသောက်ခြင်းမပြုဘဲ ကိုင်ပိုင် ကိတ်မုန့်ဘူး ကိုယ်စီနှင့် လာနိုင်ကြသူများ ဖြစ်ကြပါသည်။

ကျွန်မ၏ ဖေဖေမှာ အရာရှိကြီးတစ်ဦးဖြစ်သလို အေးအေး၏ ဖခင်မှာလည်း ကားပြင်ရုံဖွင့်လှစ်ထားသူဖြစ်သည်။ စုစုနိုင်၏ ဖေဖေကတော့ ရောမသီးနှံပွဲရုံကြီးကို တည်ထောင်ဖွင့်လှစ် ထားနိုင်သူဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မတို့သုံးဦးမှာ ငွေကြေးကိစ္စနှင့်ပတ်သက်၍ ဘယ်သောအခါမှ မျက်နှာမငယ်ခဲ့ကြရသည့်အပြင် အတန်းဖော်သူငယ်ချင်းများနှင့် ဆရာ၊ ဆရာမများ၏ ဦးစားပေးခံကြရသူများလည်း ဖြစ်ပါသည်။ ငွေကြေးမနကြွယ်ဝပြည့်စုံခြင်းသည်လည်း မျက်နှာပွင့်စရာ အထောက်အပံ့ကြီးတစ်ခုဖြစ်နေသည်မှာ ယုံမှားစရာမရှိပါ။ တစ်တန်းလုံး၏ မျက်နှာသာပေးကာ လိုက်လျောဆက်ဆံမှုကို ရရှိပိုင်ဆိုင်ခဲ့ကြရသည်မှာ ကိုယ်တွေ့ပင်ဖြစ်နေသည် မဟုတ်ပါလား။

ထိုသို့ အတန်းထဲတွင် မျက်နှာပွင့်ကြလှသော်လည်း ကျွန်မတို့သုံးဦးနှင့် မျက်နှာကြောမတည့်သော ကျောင်းသားတစ်ယောက်တော့ ရှားရှားပါးပါး ပေါ်ပေါက်လာခဲ့ပါသည်။ ထိုကျောင်းသား၏ အမည်မှာ မောင်ထူးဖြစ်ပါသည်။

ကျွန်မတို့ သုံးဦးနှင့်မောင်ထူးတို့ တစောင်းစေးနှင့် မျက်ချေးဆိုသကဲ့သို့ မျက်နှာကြောမတည့်ကြခြင်းမှာ မောင်ထူးသည် လွန်စွာအစအနောက်သန်သောကြောင့် ဖြစ်ပါသည်။ မောင်ထူးမှာ စာသင်ခန်း၏ နောက်ဆုံးခုံတန်းတွင် ထိုင်ပါသည်။ သူ့ကို ကြည့်လိုက်လျှင် အမြဲလိုလိုပင် စပ်ဖြဲဖြဲမျက်နှာထားနှင့် ဖြစ်ပါသည်။ သူ၏ အဝတ်အစား အသုံးအဆောင်တို့မှာလည်း ဘယ်အခါမျှ သစ်သစ်လွင်လွင် တောက်တောက်ပြောင်ပြောင် မရှိပါ။ အင်္ကျီဖြူကလည်း ခပ်နွမ်းနွမ်း၊ လုံချည်စိမ်းကလည်း အရောင်ခပ်လွင့်လွင့်သာ ဖြစ်ပါသည်။ လွယ်အိတ်ကလည်း ခပ်စုတ်စုတ်ဖြင့် မောင်ထူးသည် အထင်ကြီးစရာတစ်ကွက်မျှ ရှာမတွေ့ သူသာဖြစ်ပါသည်။

ထိုမောင်ထူးသည် အတန်းသူအတန်းသားများက မျက်နှာသာပေး၍ ဆက်ဆံနေရာပေးခြင်းခံရသော ကျွန်မတို့ သုံးယောက်ကို ကြည့်၍ ရဟန်မတူပါ။ တစ်ရက်တွင် ကျွန်မတို့ အတန်းပိုင်ဆရာမက နောက်တစ်နေ့မှာ ကျောင်းအားကစားကြေးငွေပေးသွင်းရန် ကြိုတင်မှာကြားပါသည်။ ဆရာမကတစ်ရက် ကြိုတင်အသိပေးလိုက်သည့်သဘော ဖြစ်သော်လည်း ငွေကြေးအမြဲပါလာတတ်သည့် ကျွန်မတို့ သုံးဦးကတော့ ဆရာမပြောပြီးသည်နှင့် ချက်ချင်းပင် ပေးသွင်းလိုက်ကြပါသည်။ အတန်းထဲတွင် ကျွန်မတို့ သုံးဦးက ထိပ်ဆုံးက ပေးသွင်းလိုက်ကြခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် တစ်တန်းလုံးကပင် ကျွန်မတို့ သုံးဦးကို အားကျသော မျက်လုံးအကြည့်များဖြင့် ကြည့်ကြသည်ကို ကျွန်မတို့ခံယူကာ ဂုဏ်ယူပီတိဖြစ်ကြပါသည်။

သို့သော် အတန်းချိန်ပြောင်း အချက်ပေးသံချောင်း ခေါက်သံထွက်ပေါ်လာ၍ ဆရာမ စာသင်ခန်းမှ ထွက်သွားသည်နှင့် မောင်ထူး၏ ရှိသဲ့သဲ့ သီချင်းအော် ဆိုလိုက်သံ ထွက်လာပါတော့သည်။

"ဂုဏ် ဂုဏ် ဂုဏ်၊ ဂုဏ်ဆိုတာ ငွေကိုခေါ်တယ် ငွေကိုသာ ရေလိုသုံးရင် တစ်ပြည်လုံးမှာ လုပ်သမျှတင့်တယ်"

ဆရာမပြောပြီးသည်နှင့် ငွေကြေးအားကစားကြေးကို ချက်ချင်းထ ပေးသွင်းလိုက်ကြမိသော ကျွန်မတို့ သုံးဦးကို နောက်ပြောင်လိုက်ခြင်းဖြစ်ကြောင်း၊ တစ်တန်း



www.burmeseclassic.com

www.burmeseclassic.com

လုံးသိလိုက်ကြပါသည်။ ပြုံးစိစိဖြစ်သွားကြသော အတန်းဖော်များ၏ မျက်နှာများကို မြင်ရသောကြောင့် ကျွန်မတို့ သုံးဦးကျွဲမြီးတို သွားကြပါသည်။ အေးအေးက မောင်ထူးကို မျက်စောင်းလှည့်ထိုးကြည့်လိုက်ရင်း ပြောပါသည်။

"ကြည့်၊ ဒီကောင်ကလုပ်လာပြီ၊ ဒါ ငါတို့ သုံးယောက်ကို သက်သက်ကလိတာပဲဟဲ့"

"ဟုတ်ပ့ါ၊ အဲဒီကောင်ကို ကြည့်လို့မရဘူး"

စုစုနိုင်ကလည်း အေးအေး၏စကားကို ထောက်ခံလိုက်ရင်း မောင်ထူးကို မျက်စောင်းလှည့်ထိုးပြန်ပါသည်၊ သည်အခါကျတော့လည်း မလွတ်ပြန်ပါ။ စပ်ဖြီးဖြီး မျက်နှာထားနှင့် ခပ်ကျယ်ကျယ်လေး ထပ်ဆိုပြန်ပါသည်။

"ဂုဏ်ကြီးရှင်သူဌေးသမီးမို့ .. သွေးကြီးနေသလား ဖြေတော်မူစမ်းကွယ် .. ငယ် ငယ် ငယ်"

မောင်ထူး၏ သီချင်းသံကြောင့် အတန်းသားယောကျ်ားလေးတွေက ပိုင်းရယ်ကြပြန်ပါတော့သည်။ ထို့ကြောင့် ကျွန်မကပင် အေးအေးနှင့် စုစုနိုင်တို့ကို ဟန့်တားလိုက်ရပါတော့သည်။

"တော်ကြစမ်းပါဟယ် .. သင်းက တို့လို ငွေဂုဏ်ကြေးဂုဏ်မရှိတဲ့သူမို့ မနာလိုဝန်တိုပြီး ငေါ့နေတာကို ဂရုစိုက်မနေကြစမ်းပါနဲ့ ..."

သည်တော့မှ အေးအေးနှင့်စုစုနိုင်တို့ကလည်း ကျွန်မ၏စကားကို "ဟုတ်တယ်"ဟု ထောက်ခံသွားကြပြီး ငြိမ်သက်သွားကြပါတော့သည်။

\+ \+ \+

"မုန့်ပေါင်းပူပူနွေးနွေးဗျို့ ..၊ မုန့်ပေါင်းတွေ ရမယ် .."

ကျွန်မတို့ မြို့ကလေးတွင် ဆောင်းရာသီသို့ ရောက်ရှိလာပြီး ငှက်ကြောက်ကောက်ညှင်းသစ်များ လှိုင်လှိုင်ပေါ်လာသည်နှင့် ညဦးပိုင်း၌ မုန့်ပေါင်းသည်များ လှည့်လည်အော်ဟစ် ရောင်းချသံများကို ကြားလာရမြဲ ဖြစ်ပါသည်။ မုန့်ပေါင်းသည်တို့မှာ တောင်းကလေးများ ကိုယ်စီထမ်း၍ ညဘက် ၉ နာရီခွဲ ၁၀နာရီခန့်တွင်မှ လက်နှိပ်ဓာတ်မီးကလေးများထိုးကာ လမ်းတကာ၌ လှည့်လည်ရောင်းချခြင်း ဖြစ်သည်။ ညဦးပိုင်း ချမ်းချမ်းစီးစီးကာလတွင် မုန့်ပေါင်း ပူပူနွေးနွေးကလေးများကို နှမ်းဆီမွှေးမွှေးဆမ်း၍ အိပ်ရာမဝင်မီစားရခြင်းကို ကျွန်မတို့တစ်မိသားတစ်ခုလုံး ကြိုက်နှစ်သက်ကြပါသည်။ ဈေးသည် အော်ဟစ်သံကြားသည်နှင့် ဖေဖေက အမြဲခေါ်၍ဝယ်လေ့ရှိပါသည်။

"အဖေကြီးရေ ..၊ မုန့်ပေါင်းသည် အော်သံကြားတယ် .."

တစ်ညတွင် မေမေက မုန့်ပေါင်းသည် အော်သံကြား၍ ဖေဖေ့ကို သတိပေးတော့ ဖေဖေက "မင်းတို့သားအမိပဲ ထွက်ဝယ်လိုက်ကြပါကွာ"၊ ငါရုံးက စာရင်းတွေ ့သုပ်လက်စကြီးမို့ပါ" ဟု ပြောပါသည်။ ထို့ကြောင့် ကျွန်မနှင့်မေမေတို့ပဲ အိမ်ရှေ့လမ်းသို့ထွက်ကာ စောင့်ဝယ်ကြပါသည်။ ထိုအခါကျမှ ကျွန်မမှာ အံ့အားသင့်ရပါတော့သည်။ မုန့်ပေါင်းတောင်းကလေးကို ထမ်းကာ တစ်လမ်းဝင်တစ်လမ်းထွက် လိုက်လံအော်ဟစ်ရောင်းချနေသူမှာ ကျွန်မတို့ အတန်းထဲမှ မောင်ထူး ဖြစ်နေသောကြောင့်ပါပေ။ မောင်ထူးသည် ကျွန်မကို မြင်သော်လည်း အထူးတလည် နှုတ်ဆက်ခြင်းမပြုဘဲ သူ့မုန့်ပေါင်းကိုသာ သူရောင်းချသွားပါသည်။

BURMESE CLASSIC

ကျွန်မသည် ထိုအကြောင်းကို နောက်တစ်နေ့မှာပင် အေးအေးနှင့်စုစုနိုင်တို့ကို ဖောက်သည်ချလိုက်ပါသည်။ ထိုအခါ အေးအေးတို့က နိုင်ကွက်တွေ့သလို ဝမ်းသာအားရ ကျုံးဝါးပါတော့သည်။

"ဟုတ်လား .. ဒါဆိုအပိုင်ပဲ၊ ဒီကောင်တို့ကိုလာရင် တို့ကလည်း မုန့်ပေါင်းပူပူနွေးနွေးရမယ်လို့ ပြန်အော်ရမယ်၊ ဒါမှ ဒီကောင်ရှက်သွားပြီး တို့ကို မော့မကြည့်ရဲအောင် ဖြစ်သွားမှာ"

သို့သော် ထိုအကြံကို စုစုနိုင်က ကန့်ကွက်ပါသည်။

"လုပ်မနေကြပါနဲ့ဟယ်၊ ည ၁၀ နာရီ ၁၁ နာရီထိ မုန့်ပေါင်းလည်ရောင်းနေရတဲ့အကောင်နဲ့ တို့နဲ့ ဂုဏ်ရည်ချင်းတူနိုင်ပ့ါမလား။ မရှိဆင်းရဲမို့ ဒီလို လည်ရောင်းနေရတာ နေမှာပေ့ါဟဲ့"

"မှန်ပါသည်" ဟု တစ်ကြိမ်တွင်တော့ စုစုနိုင်၏ စကားကို ကျွန်မကပင် ထောက်ခံလိုက်မိရပါတော့သည်။ အလိုလို နဂိုကတည်းကပင် မျက်မုန်းကျိုးခဲ့ကြပြီးသားမို့ ယခုလို မောင်ထူး၏ အလုပ်ကို သိလိုက်ကြရသောအခါ ပိုမို၍ပင် အထင်အမြင်သေးသွားမိကြသည်မှာ ကေန်ပင် ဖြစ်ပါတော့သည်။ သို့သော် ...

ကျွန်မတို့ မိသားစုအနေနှင့် လုံးဝမျှော်လင့်မထားခဲ့မိသော စိတ်ဆင်းရဲဖွယ် ကိစ္စကြီးတစ်ခုအိမ်မှာ ပေါ်ပေါက်လာခဲ့ပါသည်။ အခြားမဟုတ်ပါ။ ကျွန်မ ဖေဖေ

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

၏ မိတ်ဆွေအရာရှိကြီးတစ်ယောက် ရာထူးတိုးသဖြင့် အခြားမြို့တစ်မြို့သို့ ပြောင်းရွှေ့ရမည်ဖြစ်၍ ခင်မင်ရင်းနှီးပြီးဖြစ်သော မိတ်ဆွေများအား စားသောက်ဆိုင်ကြီးတစ်ဆိုင်တွင် နှုတ်ဆက်ညစာစားပွဲဖြင့် ညှိခံပါသည်။ ထိုပွဲသို့ ကျွန်မ၏ဖေဖေလည်း တက်ရောက်ရပါသည်။

ထိုညက ဖေဖေသည် ည ၁၀ နာရီခွဲလောက်တွင်မှ ပြန်ရောက်လာပါသည်။ အိမ်သို့ ပြန်ရောက်တော့မှ ခေါင်းနပမ်းကြီးစရာ ပြဿနာကြီးတစ်ခုအစ ပေါ်ပေါက်လာပါသည်။ ဖေဖေသည် မြို့အထွက်ရှိ ထိုစားသောက်ဆိုင်ကြီးသို့ စက်ဘီးဖြင့်သွားခဲ့ခြင်း ဖြစ်ပါသည်။ အိမ်သို့ ပြန်ရောက်မှသိရသည်မှာ ဖေဖေစက်ဘီးနောက်ဘက် ကယ်ရီယာထိုင်ခုံပေါ်တွင် ညှပ်ဖြင့် ညှပ်၍လာခဲ့သော ဖိုင်တွဲမှာ ပါမလာတော့ကြောင်း ဖြစ်ပါသည်။

"ဒုက္ခပဲဟေ့ ..၊ ငါ့ဖိုင်တွဲက ဖိုင်ဘာအဖုံးနဲ့ဆိုတော့ လမ်းမှာ ချော်ထွက်ပြီး ပြုတ်ကျခဲ့တာပဲဖြစ်ရမယ်"

ငါကလည်း ပြန်ချင်ဇောနဲ့ ကယ်ရီယာခုံက သံညှပ်က စပရင်အားပျော့နေတာကို သတိမမူလိုက်မိဘူး။ ပြဿနာပါပဲကွာ ..."

ဖေဖေသည် စိတ်ပူစွာပင် ညည်းညူရင်း သူလာခဲ့သည့်လမ်းအတိုင်း ဖိုင်တွဲကို ပြန်ရှာရန် စက်ဘီးဖြင့် ပြန်ထွက်သွားပါသည်။ ည ၁၁ နာရီကျော်ကျော်မှ ဖေဖေပြန်လာသော်လည်း ထိုဖိုင်တွဲကို ပြန်ရှာ၍ မတွေ့ခဲ့တော့ပါ .."

"ဒီလောက်လည်း စိတ်မပူနေပါနဲ့ရှင်၊ မနက်ကျရင်တော့ ကောက်ရတဲ့သူက ပြန်လာပို့ကောင်းပါတယ်၊ ရုံးဖိုင်တွေက ကောက်ရမယ့်သူအတွက် ဘာအဖိုးတန်မှာမို့လဲ ..."

မေမေက နှစ်သိမ့်ပေးလိုက်ရတော့ ဖေဖေက သက်ပြင်းကြီးချက ပြောပါသည်။

"မင်းမသိပါဘူးကွာ၊ အဲဒီဖိုင်ထဲမှာ ငါ့ကငွေတစ်သောင်းအုပ်ကလေး တစ်အုပ်လည်း ညှပ်ထားမိသေးတာကွ၊ ကောက်ရတဲ့သူအတွက် ရုံးဖိုင်မှတ်တမ်းတွေက အရေးမကြီးပေမယ့် ပါလာတဲ့ငွေကို လိုချင်လို့ ပြန်မပို့ပေးပဲ အစဖျောက်မယ်လိုက်ရင် ပြီးပါလေရောကွာ .."

ဖေဖေမှာ တစ်ညလုံးအိပ်မပျော်ဘဲ သက်ပြင်းတချချ ဖြစ်နေခဲ့ပါတော့သည်။ သို့သော် နောက်တစ်နေ့မနက်စောစောမှာပင် ဖေဖေ၏ ကျပျောက်နေသော ရုံးဖိုင်မှာ ကျွန်မတို့အိမ်သို့ ပြန်လည်ရောက်ရှိလာ ခဲ့ပါသည်။

ကျွန်မတို့ ရပ်ကွက်၏အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးရုံးမှ ဥက္ကဋ္ဌကြီးကလာ ပို့ပေးခြင်းဖြစ်ပါသည်။

"ဆရာကြီးရဲ့ဖိုင်ကို ညကမုန့်ပေါင်းသည်ကလေး တစ်ယောက်က ကောက်ရခဲ့တာတဲ့ခင်ဗျ၊အထဲမှာ ငွေတစ်သောင်းအုပ် တစ်အုပ်လည်းပါပါတယ်၊ ရေကြည့်ပါဦး ဆရာကြီး"

ဖေဖေမှာ အတိုင်းမသိဝမ်းမြောက်သွားပါသည်။

"ကျေးဇူးတင်လိုက်တာဗျာ၊ တစ်ကယ်တော့ ငွေထက်ရုံးမှတ်တမ်းတွေက ပိုအရေးကြီးတာပါ၊အဲဒီလာအပ်တဲ့ကလေးက ဘယ်သူလဲဗျ၊ ကျွန်တော်ကျေးဇူးဆပ်ပါရစေ၊ သူသာငွေလိုချင်ဇောနဲ့ ဖိုင်ကိုပါ အစဖျောက်ခဲ့ရင် ကျွန်တော် ဒုက္ခအရောက်ပဲ၊ တကယ့်ကိုရိုးသားတဲ့သူမို့ ဥက္ကဋ္ဌကြီးကို လာအပ်တာပါဗျာ."

"ကျွန်တော်တို့ မေးမြန်းလိုက်ပါတယ်၊ မုန့်ပေါင်းသည်ကလေးက မောင်ထူးလို့ ပြောပါတယ်။ ခုနစ်တန်းကျောင်းသား ကလေးပါ၊ အမေကိုကူညီပြီး ညတိုင်းမုန့်ပေါင်းလည်ရောင်းတဲ့ ကလေးတဲ့ခင်ဗျ"

ကျွန်မမှာ ကိုယ့်နားကိုယ် မယုံနိုင်အောင် အံ့အားသင့်မိပါသည်။ ကျွန်မ မျက်မုန်းကျိုးမိသော မောင်ထူးသည် ကျွန်မတို့ကဲ့သို့ ငွေကြေးဂုဏ်မကြွယ်ဝသော်လည်း ရိုးသားဖြောင့်မတ်ခြင်းဟူသော အမြတ်ဆုံးဂုဏ်တစ်ခုကို ပိုင်ဆိုင်ထားသူတစ်ဦးပါကလားဟု နားလည်သဘောပေါက်လိုက်ရပါတော့သည်။

\+ + +

ယခုတော့ မောင်ထူးသည် ကျွန်မတို့နှင့်ရင်းနှီးသော ခင်မင်ရသော သူငယ်ချင်းတစ်ဦး ဖြစ်ခဲ့ရပါပြီ။ သူ၏ ပျော်တတ်သောကြောင့် ရိုးသားစွာ နောက်ပြောင်ကျီစယ်တတ်ခြင်းကိုလည်း ကျွန်မတို့ နားလည်ခွင့်လွှတ်နိုင်ခဲ့ကြပါပြီ၊ ကျွန်မတို့ ပိုက်ဆံတွေ ဖောဖောသီသီသုံးတာမြင်တိုင်း မောင်ထူးက "ဂုဏ်ဆိုတာငွေကိုခေါ်တယ်၊ ငွေကိုသာ ရေလိုသုံးရင်.." အစပြုကာ ကလိတိတိသီဆိုနောက်ပြောင်မြဲဖြစ်သော်လည်း ကျွန်မတို့ စိတ်မဆိုးနိုင်ကြ တော့ပါ။ မောင်ထူးတွင် ငွေဂုဏ်ကြေးဂုဏ်ထက် ပိုမိုမြင့်မားသော ရိုးသားဖြောင့်မတ်ခြင်း စာရိတ္တဂုဏ် ရှိနေကြောင်း သိခဲ့ကြရပြီးသောကြောင့် ဖြစ်ပါသည်။

အေးခင်နန္ဒာ (ဆင်ဖြူကျွန်း)

□

www.burmeseclassic.com

www.burmeseclassic.com

# လုပ်တတ်ရင် လွယ်လွယ်လေး



ကလေးတို့ရေ

ပြီးခဲ့တဲ့လတုန်းက ကလေးတို့နဲ့ ခွေးခွေး ထွေးထွေးတွေ့ဆုံပြီး ဗဟုသုတဖြစ်စရာအကြောင်းကိစ္စ ကလေးတွေဝေငှဖို့ရာ ဦးဦးဘက်က ပျက်ကွက်သွားခဲ့ တယ်။ မဂ္ဂဇင်းကို အချိန်ပေးဖို့ရာ ခရီးထွက်နေတာနဲ့ ပျက်ကွက်ခဲ့ရတာပါ။ နောက်ဆို ကြိုကြိုတင်တင်ကလေး ရေးထားပါ့မယ် ‥ စိတ်သာချ။

ကိုင်း ‥ သည်တစ်လလည်း ကလေးတို့အတွက် ဗဟုသုတယူစရာ အကြောင်းအရာများစွာတွေထဲက မြန်မာ့တိုင်းရင်းဆေးဗဟုသုတလေးတွေကို တင်ပြဖို့ ရည်ရွယ်ထားပါတယ်။ ဦးဦးတို့ မြန်မာနိုင်ငံမှာ အလျှံ ပယ်ပေါကြွယ်ဝနေတဲ့ သစ်ပင် သစ်ရွက်၊ သစ်ခေါက်၊ သီးမြစ်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေရဲ့ အကျိုးပြု ပုံလေးတွေပဲပေါ့။

## ၁။ မျက်စိတွေပူနေရင် ဘာလုပ်မလဲ

လူ့ခန္ဓာကိုယ်တစ်ခုလုံးမှာရှိကြတဲ့ အင်္ဂါအစိတ် အပိုင်းဆိုတာတွေဟာ သူ့နေရာနဲ့သူ အသုံးဝင်ကြတာ ချည်းပဲ။ အရေးပါအရာရောက်ကြတာချည်းပဲ။ အဲသည် အထဲမှာမှ အမြင်အာရုံဖြစ်တဲ့ မျက်စိဆိုတာကတော့ အရေးပါအရာရောက်ဆုံးပေါ့။ မျက်စိအမြင်ကွယ်ခဲ့ရင် ဘဝတစ်ခုလုံးဟာ အရှုံးကြီးမို့ သဘာဝကပေးလာတဲ့ မျက်စိကို တန်ဖိုးထားကြဖို့ လိုပါတယ်။ ဒီလိုပါပဲ လူ့ဘဝမှာ အသိပညာအတတ်ပညာကင်းမဲ့ရင် ဘဝမျက်ကန်းနဲ့မခြား ပါဘူး။ သည်တော့ ဂရုစိုက်ကြကွယ့် ‥ နော။

တကယ်လို့များ ကလေးတို့ရဲ့ မျက်စိတွေဟာ အပူကန်လို့ပဲဖြစ်ဖြစ်၊ ဓာတ်သဘောတွေဖောက်ပြန် လို့ ပူနေရင်ဖြင့် ဘယ်လိုများ မျက်စိအေးအောင် လုပ်ကြ မှာတဲ့လဲ။

နည်းသိရင် ‥ ဘာခက်မှာတဲ့လဲကွယ်။

အဲသလိုအဖြစ်မျိုးကြုံရင် ဂေါ်ဖီထုပ်ကို သတိ ရလိုက်ပါ။ ဂေါ်ဖီထုပ်ဟာ ဗီတာမင်ဓာတ်တွေ အလွန် ကြွယ်ဝတဲ့ မီးဖိုချောင်သုံး အစားအသောက်ပေါ့။ သည်တော့ မျက်စိတွေပူလာခဲ့မယ်ဆိုရင်ဖြင့် ဂေါ်ဖီထုပ်ကို သုပ်စားပါ။ ဒါမှမဟုတ် ကြော်ချက်ပြီး စားပါ။ သုပ်လည်း မစားချင်ဘူး။ ကြော်ချက်ပြီးတော့လည်း မစားချင်ဘူး

www.burmeseclassic.com

ဆိုရင်ဖြင့် ထမင်းစားတဲ့အခါ အတို့အမြှုပ်အဖြစ် အားရပါးရစားပေးလိုက်စမ်းပါ။ မျက်စိပူတဲ့ဝေဒနာဟာ ယူပစ်လိုက်သလို သက်သာပျောက်ကင်းသွားပါလိမ့်မယ်။

## ၂။ မျက်စိအမြင် အားနည်းလျှင်

မျက်စိနဲ့ပတ်သက်ပြီး ဆက်ပြောရရင် တစ်ခါတစ်ရံမှာ အာဟာရချို့တဲ့လို့ပဲဖြစ်ဖြစ်၊ ဓာတ်သဘောဖောက်ပြန်လို့ပဲဖြစ်ဖြစ် အာရုံတွေမလန်းဆန်းတော့ဘဲ မျက်စိအမြင်တွေ အားနည်းသွားတတ်ပါတယ်။ အမြင်အားနည်းတဲ့အခါ မြင်ရတွေ့ရတဲ့ပုံရိပ်တွေဟာ ပြတ်ပြတ်သားသား၊ ထင်ထင်ရှားရှားမဟုတ်တော့ဘဲ ဝေဝေဝါးဝါး၊ ထွေထွေပြားပြား ဖြစ်သွားတတ်ပါတယ်။ ကြာရင် သဘာဝမျက်စိနဲ့ကြည့်လို့မရတော့ဘဲ ဒီဂရီပါဝါမျက်မှန်တွေရဲ့ အကူအညီကို ယူရပါလိမ့်မယ်။

သည်တော့ ကလေးတို့အဖို့ မျက်စိအမြင်အားနည်းတာမျိုးနဲ့ကြုံရင် ဘယ်လိုများ လုပ်ကြမှာတဲ့လဲ။

နည်းသိရင် .. ဘာခက်မှာတဲ့လဲကွယ်။

ကလေးတို့ မုန်လာဥဝါကို သိကြတယ်မဟုတ်လား။ မုန်လာဥမှာလည်း မုန်လာဥဖြူ၊ မုန်လာဥနီ၊ မုန်လာဥဝါဆိုပြီး အရောင်ပေါ်လိုက်လို့ အာဟာရဓာတ်တွေ ကွဲပြားမှုရှိကြတယ်။ အဲ .. မျက်စိအမြင်အားနည်းပြီဆိုရင်တော့ မုန်လာဥဝါကို လက်ကိုင်ပြုကြပေတော့။ လုပ်ရမှာကတော့ မုန်လာဥဝါကို သရက်ခြစ်နဲ့ခြစ်ပြီး သုပ်စားချင်စား၊ သုပ်မစားချင်ရင်လည်း ကြော်ပြီးတော့ သာစားပေတော့။ အားနည်းနေတဲ့အမြင်တွေ ကြည်လင်လန်းဆန်းသွားပါလိမ့်မယ်။

## ၃။ ခံတွင်းအနံ့တွေ ဆိုးဝါးလျှင်

လူ့ခန္ဓာကိုယ်မှာ ခံတွင်းဟာ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုပဲပေါ့။ လူဟာ အစားအစာမစားရဘဲ အသက်ရှင်ရပ်တည်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ တချို့ကပြောကြတယ်။ 'လူရဲ့ခံတွင်းဟာ အသီးအရွက်တွေ သတ္တဝါတွေရဲ့ သင်္ချိုင်း'တဲ့။ တွေးကြည့်တော့လည်း ငြင်းစရာမရှိပါဘူး။ အဲသလို အစားအသောက်ပေါင်းစုံ စားသောက်ဝါးမျိုနေတဲ့ခံတွင်းဆိုတာဟာ သန့်ရှင်းဖို့ သိပ်ကို အရေးကြီးပါတယ်။ သည်တော့ အစာစားပြီးတိုင်း ပလုတ်ကျင်းကြဖို့၊ ညအိပ်ရာဝင်ခါနီး သွားတိုက်ပေးဖို့ လိုအပ်ပါတယ်။ ခံတွင်းမသန့်ရှင်းရင် စားကြွင်းစားကျန်တွေဟာ သွားကြိုသွားကြားမှာ ညပ်နေပြီး စကားပြောတဲ့အခါဖြစ်ဖြစ်၊ ခံတွင်းဟလိုက်တဲ့အခါဖြစ်ဖြစ် အနံ့ဆိုးတွေဟာ တလှောင်းလှောင်းနဲ့ ဘေးလူတွေမခံနိုင်အောင် ဖြစ်ရပါတယ်။ ခံတွင်းအနံ့ဆိုးရှိတဲ့သူကို လူတွေဟာ ဝေးဝေးက ရှောင်လေ့ရှိပါတယ်။ သည်တော့ ခံတွင်းအနံ့အသက်တွေ ဆိုးဝါးနေခဲ့ရင် ပျောက်ကင်းဖို့ရာ ဘယ်လိုများလုပ်ရမှာတဲ့လဲ။

နည်းသိရင် ဘာခက်မှာတဲ့လဲကွယ်။

ခံတွင်းအနံ့ဆိုးတွေ မထွက်ရအောင် သန့်ရှင်းဖို့ရာ လိုတာပေါ့။ အဲ .. ကလေးတို့ ထမင်းစားတဲ့အခါကျရင် ဥသျှစ်ရွက်အနုကလေးတွေကို တို့မြှုပ်ပြီး စားကြည့်လိုက်စမ်းပါ။ ဥသျှစ်ရွက်ရဲ့ ထူးခြားတဲ့အစွမ်းအာနိသင်ကြောင့် ပုပ်ဟောင်နံညှီနေတဲ့ အနံ့အသက်တွေဆိုတာ သက်သာ ပျောက်ကင်းသွားပါလိမ့်မယ်ကွယ်။

## ၄။ အသံဝင်လို့ အသံတွေပျက်နေခဲ့လျှင်

လူတစ်ဦးနဲ့တစ်ဦး ပြောဆိုဆက်ဆံကြတဲ့နေရာမှာ စကားဆိုတာ အရေးပါတဲ့အရာပါ။ စကားဖြစ်ပေါ်လာတဲ့နေရာမှာလည်း အသံရဲ့အခန်းကဏ္ဍကို ချန်ထားလို့မရပါဘူး။ လူတစ်ယောက်ရဲ့နှုတ်ဖျားကထွက်လာတဲ့ အသံဆိုတာဟာ အသံအပေါ်မူတည်ပြီး ခံ့ညားစေသလို၊ စက်ဆုပ်စရာလည်း ကောင်းပါတယ်။ အသံဝင်နေတဲ့သူ၊ အသံပျက်နေတဲ့သူရဲ့စကားသံဆိုတာ ဘယ်လိုပဲ ကြားရကြားရ၊ နားဝမှာ မသက်သာလှပါဘူး။ သည်တော့ အသံတွေဝင်လို့ အသံတွေပျက်နေခဲ့မယ်ဆိုရင် သက်သာပျောက်ကင်းအောင် ဘယ်လိုများ လုပ်ကြရမှာတဲ့လဲ။

နည်းသိရင် ဘာခက်မှာတဲ့လဲကွယ်။

ကလေးတို့ ဆီးဖြူသီးကို သိကြတယ်မဟုတ်လား။ အရသာက ခပ်ဖန်ဖန်။ သူ့ကိုဝါးပြီးတဲ့နောက် ရေအေးအေးလေးတစ်ခွက်လောက် သောက်ချလိုက်မှဖြင့် ပြောမပြတတ်လောက်အောင် ချိုမြသွားတော့တာကလား။ အဲ .. အဲသည့်ဆီးဖြူသီးကို ရေနွေးလေးနဲ့ပြုတ်၊ ပြီးရင် ဆုံထဲထည့်ထောင်း။ ရလာတဲ့ ဆီးဖြူသီးထောင်းကို သုပ်ပြီးတော့ စားချင်စား၊ ဒါမှမဟုတ် တို့စားချင်စား။ စားပြီး



www.burmeseclassic.com

www.burmeseclassic.com

တာနဲ့ သိပ်မကြာပါဘူး။ ဆီးဖြူသီးရဲ့ အာနိသင်ကြောင့်အသံဝင်နေတာတွေ၊ အသံပျက်နေတာတွေဟာ နိဂုံးကမ္ပတ်အဆုံးသတ်သွားပါလိမ့်မယ်ကွယ်။

**၅။ ခံတွင်းပျက်လို့ အစားအသောက်စားမဝင်လျှင်**

တစ်ခါတရံမှာ ဘယ့်ကလောက်ပဲ ဖွယ်ဖွယ်ရာရာတွေ ချက်ပြုတ်ထား ချက်ပြုတ်ထား။ ကောင်းမေ့ညွှန့်မေ့ဆိုတဲ့ ဟင်းလျာတွေ ဘယ်လိုပဲ စီမံ၊ စီမံ၊ စားလို့သောက်လို့မဝင်ဘဲ ခံတွင်းပျက်တာမျိုးနဲ့ ကြုံရတတ်ပါတယ်။ အစားအသောက်ပျက်တာ ရက်မကြာရင်တော့ အကြောင်းမဟုတ်ပါဘူး။ ရက်တွေကြာရှည်လာခဲ့မယ်ဆိုရင် အာဟာရတွေ ခြောက်ခန်းပြီး ရုပ်ခန္ဓာတွေ ယိုယွင်းသွားပါလိမ့်မယ်။ သည်တော့ ခံတွင်းကောင်းဖို့ အရေးကြီးပါတယ်။ ဒါဖြင့်ရင် ခံတွင်းပျက်လို့ အစားအသောက်တွေစားမဝင်ရင် ဘယ်လိုလုပ်ကြမှာတဲ့လဲ။

နည်းသိရင် ဘာခက်မှာတဲ့လဲကွယ်။

အဲသည့်နေရာမှာတော့ ခရမ်းချဉ်သီးဟာ အကောင်းဆုံးပါပဲ။ ကလေးတို့အနေနဲ့ ခရမ်းချဉ်သီးခပ်စိမ်းစိမ်းလေးတွေကို ပါးပါးလှီးပြီး ဆီချက်၊ ပဲမှုန့်၊ ပုဇွန်ခြောက်တွေနဲ့ သုပ်စားပေါ့။ သုပ်စားတာမကြိုက်ရင်လည်း အခတ်တစ်မျိုးမျိုးနဲ့တွဲဖက်ပြီး ချက်စားပေါ့။ ဒါမှမဟုတ် ခရမ်းချဉ်သီးမှည့်ကို မီးခွေးခွေးမှာအုံးပြီး အခွံနွှာလို့ ငပိရည်မှာဖျော်ပြီး သုံးဆောင်နိုင်ပါသေးတယ်။ ဟင်းချက်ရင်လည်း ခရမ်းချဉ်အနှစ်များများရအောင်လုပ်ပြီး အားရပါးရသာ စားပေးပေတော့။ ဘာမှ စားမဝင်တဲ့ မစားချင်တဲ့ ခံတွင်းပျက်ကြီးဟာ မရပ်မနား မပြတ်ဝါးချင်တဲ့ ခံတွင်းကောင်းကြီးဖြစ်လာပါလိမ့်မယ်။

ကဲ .. ဒီတစ်လတော့ ဒီမျှပါပဲကွယ်။ နောက်တစ်လမှာ ပြန်တွေ့ကြသေးတာပေါ့။ ပျော်ပျော်ပါးပါးနေနော်။

ကလေးတို့ရဲ့ဦးဦး

**မှတ်စုမောင်**

❑

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၂]

**အစက် ၄ စက်နေရာတွင် ရှေ့စာလုံးတို့ကို ဆက်လိုက်ပါက အဓိပ္ပါယ်ရှိသော စာကြောင်း ၅ ကြောင်း ဖြစ်ပေါ်လာအောင် အင်္ဂလိပ်အက္ခရာ ၄ လုံးကိုဖြည့်ပါ။**

P
FL
C ——— ( . . . . )
W
CL

[အဖြေမှန်သူကို ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတစ်အုပ်စီချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲအဖြေလွှာများကို **ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ် ၈၀(A)၊ အပေါ်ဆုံးထပ်၊ ၁၂၄လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့** သို့ လိပ်မူ၍ ၁–၇–၂၀၁၀ ရက်နေ့အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာမျက်နှာ (၁၅၈)တွင် ဖော်ပြပေးထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဝေရက်

## the squeakquel

## ALVIN AND THE CHIPMUNKS 2

ပေ့ါ(ပ်)သီချင်း သီဆိုဖြေဖျော်တတ်ပြီး လူစကား ပြောတတ်သော ချစ်(ပ်)မန့်မျိုးနွယ် ရှဉ့်ညီနောင်သုံးကောင် ဖြစ်သည့် အယ်(လ်)ဗင်၊ ဆိုင်မွန်နှင့် သီယိုဒိုတို့ ပြင်သစ် နိုင်ငံ ပါရီမြို့၌ ရံပုံငွေဂီတပွဲဖြေဖျော်စဉ် အယ်(လ်)ဗင့် ကြောင့် ၎င်းတို့၏သခင်ဖြစ်သူ ဒေ့(ဗ်)မှာ ဆိုင်းဘုတ်ပိပြီး ဒဏ်ရာပြင်းစွာရသဖြင့် ဆေးရုံရောက်သွားသည်။ ဒေ့(ဗ်)က အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေစဉ် ရှဉ့်သုံး ကောင်ကို စောင့်ရှောက်ဖို့ သူ့အဒေါ် ဂျက်ကီကို အကူ အညီတောင်းသည်။

လေယာဉ်ပျံဖြင့်ရောက်လာသော ဂျက်ကီ့ကို ရှဉ့်လေးသုံးကောင်က လေဆိပ်၌သွားကြိုစဉ် လှေကားပေါ် မှ ၎င်းလိမ့်ကျပြီး ဆေးရုံတင်လိုက်ရသည်။ ထို့ကြောင့် ဂျက်ကီ၏မြေးဖြစ်သူ 'တိုဘီ'က ရှဉ့်သုံးကောင်ကို ဆက် လက်စောင့်ရှောက်ရသည်။

ထိုအချိန်၌ ဓာတ်ပြားတိုက်မန်နေဂျာဟောင်း အီယန်မှာ အလုပ်လက်မဲ့ဖြစ်ပြီး 'ဂျက်'ဓာတ်ပြားတိုက်၏ မြေအောက်ခန်းတွင် နေထိုင်လျက်ရှိသည်။ တစ်နေ့၌ ဘရစ်တနီ၊ ဂျင်းနက်နှင့် အယ်လီနာဆိုသူ သီချင်းဆို



www.burmeseclassic.com

www.burmeseclassic.com



တတ် ကတတ်သော ချစ်(ပ်)မန့်မျိုးနွယ် ရှဉ့်မလေးသုံးကောင် အီယန့်ထံရောက်လာပြီး သီချင်းဆိုပြကြသည်။ အီယန်က ၎င်းတို့ကို Chippettes (ချစ်ပက်စ်) ဟု အမည်ပေးကာ စင်တင်ပေးဖို့ ကြံစည်သည်။ အယ်(လ်)ဗင်တို့ညီနောင်သုံးကောင်မှာ ကျောင်းပြန်တက်နေစဉ် ကျောင်းသားရိုင်ယန်းနှင့် အပေါင်းပါတို့၏ မကြာခဏ ကျီစယ်အနိုင်ကျင့်ခြင်းခံရသည်။

သီယိုဒိုကို ကျီစယ်သူ ရိုင်ယန်းအား ဆိုင်မွန်နှင့် အယ်(လ်)ဗင်တို့က တိုက်ခိုက်ခြင်းကြောင့် ကျောင်းအုပ်ဆရာမကြီး 'ဒေါက်တာရှုဘင်'က ခေါ်တွေ့သည်။ သို့သော် ရှုဘင်မှာ ချစ်(ပ်)မန့် ဂီတအဖွဲ့၏ ပရိသတ်ဖြစ်သောကြောင့် ကျောင်းတက်ခွင့်ယာယီဆိုင်းငံ့ခြင်းမခံလိုပါက ကျောင်းမှ ဂီတသင်တန်းအတွက် ရံပုံငွေရအောင် အဆိုအကပြိုင်ပွဲကြီးတွင် ကိုယ်စားပြုယှဉ်ပြိုင်ကာ ဆုကြေးဒေါ်လာ ၂၅၀၀၀ ရယူပေးမည်ဟုပြောရာ အယ်(လ်)ဗင်တို့က လက်ခံလိုက်သည်။

အယ်(လ်)ဗင်တို့ညီနောင်သုံးဦး ဘရစ်တနီ၏ ဂီတပွဲသွားကြည့်သောအခါ အီယန်မှာ ၎င်းတို့မန်နေဂျာဖြစ်နေကြောင်း တွေ့ကြရသည်။ အီယန်က ဘရစ်တနီတို့အဖွဲ့ကိုပါ ပြိုင်ပွဲယှဉ်ပြိုင်ခွင့်ပေးဖို့တောင်းဆိုရာ ဒေါက်တာရှုဘင်က ခွင့်ပြုလိုက်သည်။ သို့ဖြစ်၍ အဆိုအက ပြိုင်ပွဲကြီးတွင် Chipmunks နှင့် Chipettes အဖွဲ့တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြရမည်ဖြစ်၏။

ကျောင်း၏စားသောက်ခန်းမဆောင်တွင် အီယန်းကို မယုံဖို့ အယ်(လ်)ဗင်က ဘရစ်တနီကို သတိပေးသော်လည်း သူမက အယ်(လ်)ဗင်ပြောတာ မယုံချေ။ ပြိုင်ပွဲတွင် ဘရစ်တနီကို ဦးစားပေးဖို့ ဂျင်းနက်နှင့် အယ်လီနာ့ကို အီယန်က ပြောထားသည်။

အယ်(လ်)ဗင်တို့ သီချင်းဆိုရမည့်အလှည့်ရောက်သော်လည်း အယ်(လ်)ဗင်မှာ ကျောင်းသားအားကစားသမားများနှင့် လျှောက်လည်နေသဖြင့် ဆိုင်မွန်နှင့် သီယိုဒိုတို့က ပြိုင်ပွဲကို လက်လွှတ်လိုက်သည်။

သို့တစေ တိုဘီတိုက်တွန်း၍ နှစ်ကောင်တည်းဆိုသောအခါ ကျောင်းသားများက ရှုတ်ချကြသည်။ ဘရစ်တနီတို့ ပဏာမအဆင့် ယှဉ်ပြိုင်ရာ အနိုင်ရသွားပြီးမှ ကျောင်းသို့ အယ်(လ်)ဗင် ပြန်ရောက်လာသည်။ အိမ်ပြန်ရောက်တော့ သူ့ညီနှစ်ကောင်က သူ့ကို ဥပေက္ခာပြုကြသည်။

သီယိုဒိုသည် စိတ်ညစ်ပြီး တိရစ္ဆာန်ဥယျာဉ်ထဲ ဝင်ပြေးသွားရာ လင်းယုန်ငှက်ကြီး၏အစာဖြစ်ခါနီး ဆိုင်မွန်နှင့် အယ်(လ်)ဗင်တို့က လက်မတင်လေးကယ်တင်ပြီး ထွက်ပြေးလွတ်မြောက်သွားကြသည်။

အဆိုအကပြိုင်ပွဲကြီးကို မပြိုင်ဘဲ ဘရစ်တနီ စပီးယား(စ်)၏ ဂီတပွဲမှာ ပဏာမအစီအစဉ် ဖြေဖျော်ခွင့်



www.burmeseclassic.com

www.burmeseclassic.com








ရသောအခါ အီယန်က ဂျင်းနက်နှင့် အယ်လီနာတို့အား ဟာမိုနီသာ ဆိုခွင့်ပေးသည်။

ၚင်းတို့က ငြင်းသောကြောင့် အီယန်က လှောင်အိမ်ထဲထည့်ပြီး ကားဖြင့်ခေါ်သွားသည်။ ဘရစ်တနီက အယ်(လ်)ဗင့်ကို ဖုန်းဆက်အကြောင်းကြားသဖြင့် အယ်(လ်)ဗင်က ဆိုင်ကယ်စီးပြီးလိုက်လာစဉ် ဆိုင်မွန်က ဂျင်းနက်ကို လှောင်အိမ်သော့ဖျက်နည်း ဖုန်းဖြင့် ပြောပြသည်။

အီယန်၏ကားခေါင်မိုးမှ အမိုးအရှင်ဖွင့်ထားစဉ် ဘရစ်တနီတို့ ထွက်ပြေးပြီး အယ်(လ်)ဗင့်ဆိုင်ကယ်ပေါ် ခုန်ကူး၍လိုက်သွားကြသည်။ အီယန်၏ကား အရှိန်လွန်ကာ စတိုးဆိုင်ကိုဝင်တိုက်ပြီး အဝေးထိန်းစနစ်သုံး ကလေးကစားစရာ ရဟတ်ယာဉ်လေးကို အီယန်ခိုးပြေးကာ အယ်(လ်)ဗင်တို့ကို လိုက်ဟန့်တားသည်။ အယ်(လ်)ဗင်နှင့် ဘရစ်တနီတို့က ယင်းရဟတ်ယာဉ်ပေါ် ခုန်တက်ကြပြီး အီယန့်ကို ဆိုင်ကယ်ဦးထုပ်များဖြင့် ပိုင်းပေါက်ကြသည်။ ဂျင်းနက်က ဒေါက်ဖိနပ်နှင့် ဆိုင်ကယ်ကို ပစ်ပေါက်ရာ ဆိုင်ကယ်က လမ်းပေါ် ခြေကားယားလဲကျနေသော အီယန့်ပေါင်ခွကြားကို ဝင်တိုက်လေသည်။

အယ်(လ်)ဗင်နှင့် Chipettes ဂီတအဖွဲ့တို့ အီယန့်ကို နှုတ်ဆက်ပြီး ကျောင်းသို့ ပြန်သွားကြသည်။ တီးဝိုင်းပြိုင်ပွဲ၌ ဆိုင်မွန်နှင့် သီယိုဒိုတို့ သီချင်းမဆိုတော့၍ တိုဘီက ကိုယ်စားဝင်ဆိုပေးသည်။

ထိုစဉ် Chipettes အဖွဲ့နှင့် အယ်(လ်)ဗင်တို့ ရောက်လာကာ "တို့တွေအားလုံး မိသားစုပါ" သီချင်း သံပြိုင်သီဆို ကခုန်ကြရာ ပထမဆုရပြီး ၚင်းတို့ကျောင်းမှ ဂီတသင်တန်းလည်း ဆက်ဖွင့်ခွင့်ရရှိသွားလေသည်။

*Jason Lee, Zachary Levi, David Cross, Justin Long* တို့က ဒစ်ဂျစ်တယ်ကာတွန်းဇာတ်ကောင်လေးများနှင့် တွဲဖက်သရုပ်ဆောင်ထားပြီး *John Vitti* ၏ဇာတ်ညွှန်းကို ဒါရိုက်တာ *Betty Thomas* ရိုက်ကူးသည့် *Alvin & The Chipmunks: The Squeakquel* မှာ ကလေးရောလူကြီးပါ နှစ်သက်မည့် ဟာသဇာတ်ကား ကောင်းတစ်ကားဖြစ်ပါသည်။

**(ဤဇာတ်ကားကို 20th Century Fox မှ (၈၈) မိနစ်စာ ဒီဗွီဒီအဖြစ် ထုတ်လုပ်ဖြန့်ချိထားသည်။)**

www.burmeseclassic.com

# LETTER WRITING

UNCLE NYEIN

ဒီလ Letter Writing ကဏ္ဍမှာ မင်္ဂလာတောင်ညွန့်မြို့နယ်မှာနေထိုင်တဲ့ သူငယ်ချင်းက နာမကျန်းဖြစ်နေတဲ့ မိခင်ရဲ့သမီးဆီကို စာလှမ်းရေးပြီး အားပေးစကားဆိုတဲ့ ပေးစာတစ်စောင်ကို တင်ဆက်လိုက်ပါတယ်။ သူမနဲ့ သူမရဲ့မေမေတို့ သူငယ်ချင်းရဲ့အိမ်ကိုလာပြီး အားပေးကြမယ့်အကြောင်းနဲ့ပ သူငယ်ချင်းရဲ့မိခင် မကြာခင် ပြန်ကောင်းဖို့ ဆုတောင်းနေတဲ့အကြောင်းတို့ကို စာထဲမှာ ထည့်ရေးထားပါတယ်။

***You are Khin Nan Kyaing. You live at No.71, 120th Street, Yaytwingon Ward, Mingala Taung Nyunt Township, Yangon.***

***One of your classmate is Thin Thin. She is sick and Thin Thin is worried about her health. Write a letter to Thin Thin and tell her your mother and you are visiting their house coming Saturday to encourage Thin Thin's mother.***

No.71, 120th Street,
Yaytwingon Ward,
Mingala Taung Nyunt
Township, Yangon.
Date : 27th February 2010

Dear Thin Thin,

Cho Cho called at my house yesterday. She told one that your mother has been ill in bed for five days now. I am very much anxious to hear that news. Please tell her that my mother and I will be visiting your house coming Saturday to encourage her.

Please also tell her that we have been wishing her a speedy recovery

Your loving friend,
Khin Nan Kyaing

## Glossary

1. Cho Cho called at my house yesterday = မနေ့က ချိုချို ငါ့အိမ်ကို ရောက်လာတယ်။
2. your mother has been ill in bed for five days now = မင်းရဲ့မေမေ အိပ်ရာထဲမှာ နာမကျန်းဖြစ်နေတာ ၅-ရက်ရှိသွားပြီလို့
3. I am very much anxious to her that news = ... အဲဒီသတင်းကိုကြားရလို့ ငါ သိပ်စိတ်လှုပ်ရှားစိုးရိမ်သွားတယ်။
4. to encourage her = ... သူမကို အားပေးစကားပြောဖို့။
5. also tell her that = ... လို့လဲပဲ ပြောပြပေးပါ။
6. We have been wishing her a speedy recovery = ... သူ မြန်မြန်ပြန်နေကောင်းပါစေလို့ တို့ဆုတောင်းနေတယ်ဆိုတာကို
7. Your loving friend = သင့်ချစ်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

[ မြန်မာ့ရိုးရာပုံပြင်များ - ၁၀၄ ]

# အကြီးချစ် နှင့် ယောက္ခမ

မောင်ရှုကြည်







www.burmeseclassic.com

www.burmeseclassic.com

ရှေးလွန်လေပြီးသောအခါက ရွာတစ်ရွာတွင် ရတနာသုံးပါးကြည်ညိုသော အမယ်အိုတစ်ယောက်ရှိ၏။ သူသည် စိတ်သဘောထားကောင်းမွန်သောကြောင့် ရွာသူရွာသားများက ချစ်ခင်ကြည်ညိုကြ၏။ သို့ကြောင့် တစ်ရပ်တစ်ရွာလုံးက ချစ်ခင်ကြည်ညိုသည်ကို အကြောင်းပြု လျက် သူ့အား 'အဖွားချစ်' ဟု ခေါ်ကြ၏။

အဖွားချစ်အား တစ်ရွာလုံးက ချစ်ခင်ကြည်ညို စေကာမူ အဖွားချစ်၏ ချွေးမကာမူ မချစ်ခင် မကြည်ညိုပါ။ အဖွားကြီးရှိတဲ့အတွက် ထမင်းချက်လို့ မလောက်ဘူးဟု ပြောဆို ဆူဆဲသည်။ အဖွားချစ်စားသော ထမင်းမှာ ကြောင်စာမျှသာဖြစ်သည်။ အမှန်စားနိုင်သူက ချွေးမ ဖြစ်သည်။

"ရှင့်အမေကြောင့် ဆန်အကုန်မြန်တယ်။ တောထဲ ခေါ်သွားပြီး ထားခဲ့ပါ"

ထိုအခါတွင် အမေချစ်၏သားက ဖနီးသည်ကို တရားပြသည်။

"ကျေးဇူးရှင်အမေကို သည်လိုမပြောကောင်းပါဘူးကွယ်။ သည်အမေကကျွေးမွေးပြုစုလို့ သည်အရွယ်ကို ငါရောက်လာရတာ"

"အို .. ဘာပဲဖြစ်ဖြစ် ရှင့်အမေနဲ့အတူ မနေနိုင်ဘူး"

အဖွားချစ်၏ချွေးမသည် အမှန်ပင် အထုပ်အပိုး ပြင်၏။ ထိုအခါ အဖွားချစ်၏သားက တောင်းပန်သည်။

"ရှင်မရယ်၊ မင်းမရှိရင် ငါ ဘယ်သူနဲ့ နေရမှာလဲ"

"ကျွန်မ မသွားစေချင်ရင် ရှင့်အမေ မရှိမှဖြစ်မယ်"

မယားသည် မည်သည့်မိန်းမကိုမဆို ကောက်ယူလျှင်ရ၏။ အမေသော်ကား တစ်သက်တွင် တစ်ယောက်သာရနိုင်၏။ အစားထိုး၍မရသော အနန္တကျေးဇူးရှင် ပေတည်း။

လောကတွင် အမေ့ကျေးဇူးကို ကောင်းစွာသိသောသားတွေ တစ်ပြုံကြီးရှိပါလျက် အဖွားချစ်၏သားကား အောက်တန်းလည်းကျ၏။ ညံ့လည်း ညံ့၏။ သို့ကြောင့် ကတိပေးလိုက်သည်။

"မင်းတော့ မဆင်းပါနဲ့ကွာ။ အမေ့ကို တောထဲခေါ်သွားပြီး စွန့်ပစ်ပါ့မယ်။ မင်း မဆင်းပါနဲ့"

"ကောင်းပြီ ရှင့်ကတိအတိုင်း တည်ပစေ"

အဖွားချစ်သည် ရွာဦးစေတီကို ပန်းသွားကပ်ရာက ပြန်လာသည်။ သားနှင့်ချွေးမတို့၏အစီအစဉ်ကို မသိပေ။ သားနှင့်ချွေးမကိုပင် သူပြုခဲ့သောကောင်းမှုအတွက် အမျှဝေနေသေး၏။

"ဟုတ်ကဲ့ .. သာဓုပါအမေ။ လောလောဆယ်တော့ လှည်းပေါ်တက်ပါ အမေ"

အသင့်ပြင်ထားသော လှည်းကိုကြည့်လျက်၊ အဖွားချစ် အံ့အားသင့်နေသည်။

"ဟဲ့ သွားစရာရှိလည်း စောစောစီးစီး မစီစဉ်ပဲကိုး"

"လှည်းပေါ်ရောက်မှ ပြောပါ့အမေရယ်။ တက်မှာသာ တက်စမ်းပါ"

အဖွားချစ်သည် သားကိုချစ်သောကြောင့် သားကို ညှိုညင်ညူစူမှုကို မခံဘဲ လှည်းပေါ်သို့တက်၏။ လှည်းပေါ်သို့ အဖွားချစ်တက်လျှင်တက်ချင်း လှည်းမောင်းပြီး ထွက်သည်။ အပြင်းမောင်းသည်။ အဖွားချစ်မှာ လဲပြိုအော်ဟစ်လျက် လိုက်ပါလာရာ နေဝင်ပြီးချိန်တွင် တောအုပ်ထဲသို့ ရောက်လေ၏။

"မောင်ကြီးမောင်မှ ဘာလုပ်မလို့လဲသား"

အဖွားချစ်က မေးစေကာမူ သားက မဖြေပေ။ အဖွားချစ်ကို ညောင်ပင်တစ်ပင်၏ခြေရင်း၌ ပွေ့ချထားခဲ့ပြီး လှည်းမောင်းကာ ထွက်သွားလေ၏။

ညဥ့်ကြီးသန်းခေါင်လည်းဖြစ်၊ ရောက်ပေါက်ဖူးခြင်းမရှိသော တောအုပ်အလယ်၌ရောက်နေသောအခါ အဖွားချစ်မှာ မသွားတတ် မလာတတ်ပေ။ သို့ဖြစ်သဖြင့် ပါလာသော တဘက်ကလေးကို ညောင်မြစ်ပေါ်တွင်ခင်းပြီး အိပ်လေ၏။ အိပ်မပျော်မီ သတ္တဝါအများကို မေတ္တာပို့၏။ မေတ္တာပို့ရသော ကုသိုလ်ကောင်းမှုအဖို့ကို သတ္တဝါများသို့ အမျှပေးဝေပြန်သည်။


ထို့နောက်တွင် အဖွားချစ်သည် တဖြည်းဖြည်း သမ်းဝေရာက အိပ်ပျော်သွားလေတော့၏။ တောအုပ်ကြီး၏ အလယ်ခေါင်၌အိပ်ပျော်နေသော အဖွားချစ်၏ အနံ့ကို ကျားများရရှိ၏။ ကျားများသည် လူနံ့ရရှိစေကာမူ ချက်ချင်းကပ်မလာဝံ့ပေ။ ကျားများကို ဒုက္ခပေးမည့် လူသားမှဆိုးလော၊ ကျားပြုသမျှနုရမည့် သားကောင် လူသားများလော။

ကျားသည် အနံ့ခံလျက် တရွေ့ရွေ့လာရာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ညောင်ပင်အောက်၌ အိပ်ပျော်နေသော အဖွားချစ်ကို တွေ့ရလေ၏။

"စားရက်ကြုံလို့ လူနဲ့တိုးတာပဲ"

သို့ရာတွင် ကျားနှင့်အဖွားချစ်ကြားတွင် သစ်ပင်စောင့်နတ် ဘွားခနဲပေါ်လာချေ၏။

"အိပ်ပျော်နေတဲ့လူဟာ သူတော်ကောင်းဖြစ်ရင် စားခွင့်မပြုနိုင်ဘူး"

"သူတော်ကောင်း ဟုတ်မဟုတ်ကို ဘယ်လိုလုပ်ပြီး ခွဲခြားသိနိုင်ပါ့မလဲ ရုက္ခစိုးမင်းရဲ့"

ကျားက စောဒကတက်သည့်အတွက် သစ်ပင်စောင့်နတ်သည် ကြက်တောင်တစ်ချောင်းယူလာသည်။ အိပ်ပျော်နေသော အဖွားချစ်၏ နှာခေါင်းကို ကြက်တောင်ဖြင့်ကလိရာ အဖွားချစ် ချေဆတ်လေသည်။

"ဟပ်ချိုး ဘုရား၊ ဟပ်ချိုး ဘုရား"

ထိုအခါ သစ်ပင်စောင့်နတ်က အားရစွာဖြင့် ကျားကိုပြော၏။

"သူဟာ သူတော်ကောင်းဖြစ်တဲ့အတွက် စားခွင့်မရှိဘူး။ သားကောင်တွေပဲ လိုက်လံရှာဖွေပြီး ဖမ်းဆီးစားသောက်ချေပေတော့"

ကျားမှာ သစ်ပင်စောင့်နတ်၏ ခွင့်ပြုချက် မရသောကြောင့် ညောင်ပင်အောက်မှ ထွက်ခွာသွားရ၏။ ရုက္ခစိုးနတ်သည် သူတော်ကောင်းအဖွားချစ်ကို တစ်ညလုံးစောင့်ရှောက်သည်။ နံနက်လင်းသောအခါတွင်လည်း အဖွားချစ်ဘေးတွင် ရွှေခွက်တစ်ခွက် ချထားပေး၏။

"သူတော်ကောင်း နတ်ကောင်းမဆိုတာဒါပဲ။ ကြည့်စမ်း။ ငါ့ကို တောခွေးတွေ၊ ကျားတွေစားပြီး သေပါစေဆိုပြီး ထားခဲ့တာပဲ။ ဒါဒပမယ့် ဘုရားပုတိုးရှိခိုး၊ အမျှအတန်းဝေ၊ မေတ္တာပို့ပြီးမှအိပ်တော့ ဘယ် တောခွေးဘယ်ကျားမှ မစားတဲ့အပြင်"

အဖွားချစ်သည် ရွှေခွက်ကို အင်ဖက်များဖြင့်ထုပ်သည်။ ရွှေခွက်ကို မမြင်ရသဖြင့် စိတ်ကောင်းဝင်နေသူသည် ရွှေခွက်ကို မြင်ရချိန်၌ လောဘစိတ်ဝင်လာနိုင်သည်။ လောဘစိတ်ဝင်သည်ကို အသာထား။ ကြားထဲက အဖွားချစ် အသတ်ခံရနိုင်သည်။ သို့ကြောင့် ရွှေခွက်ကို အင်ဖက်ဖြင့် ထုပ်ခြင်းဖြစ်သည်။

သားနှင့်ချွေးမထံသို့ အဖွားချစ်မသွားပါ။

မြို့ကြီးရပ်ကြီးများသို့ အဖွားချစ်သွားသည်။ ရွှေခွက်ရောင်းရငွေဖြင့် တိုက်ကြီးတစ်လုံးဝယ်သည်။ အခိုင်းအစေပေါင်း မြောက်မြားစွာဖြင့် အေးချမ်းစွာနေသည်။ ချွေးမ၏ပြုစုမှုလည်းမခံရ၊ သားဖြစ်သူ၏ အပြစ်တင်လည်း မခံရချေ။

အဖွားချစ်၏သားသည်လည်းကောင်း၊ အဖွားချစ်၏ ချွေးမသည်လည်းကောင်း အဖွားချစ်သေပြီဟု ထင်နေကြ၏။ အိမ်နီးချင်းများက "အဖွားချစ် မမြင်ပါကလား"ဟု မေးသောအခါ တိတ်တဆိတ် ထွက်သွားကြောင်း လိမ်ညာပြီး ပြောခဲ့ကြ၏။ သို့ဖြစ်သဖြင့် အဖွားချစ်ကွယ်လွန်ပြီထင်ခဲ့စေကာမူ ထိုစကားမမှန်ကြောင်း ပြောသူများပေါ်ပေါက်လာ၏။

"အဖွားချစ် ဘယ်မှာ ကွယ်လွန်လို့တုန်း"

"ဟ သူ့သားနဲ့ သူ့ချွေးမ ပြောတာပဲလေ"

"သူတို့လည်း အတိအကျ မပြောနိုင်ပါဘူး။ မပြောမဆို ထွက်သွားတယ်လို့ မတင်မကျပြောတာပါ"

ဤသို့ဖြင့် အဖွားချစ်မသေကြောင်း ကောလာဟလဖြစ်ပွား၏။ သို့သော် အဖွားချစ်မသေဆိုသည်မှာ လူပြောသူပြောမဟုတ်။ အစစ်အမှန်ဖြစ်ကြောင်း သက်သေပြနိုင်သူ ပေါ်ပေါက်လာ၏။ အဖွားချစ် မသေကြောင်းမှာ သတင်းသော့မျှ မဟုတ်ရုံမက၊ အသိဖြစ်လေတော့၏။

"ဟဲ့ . . နင်တို့ပြောတော့ အဖွားချစ်သေပြီဆို"

"သူအိပ်တဲ့အိပ်ရာမှာ မတွေ့တော့၊ ယောင်ယမ်းအိပ်မက်မက်ပြီး တောထဲဝင်သွားရာက တောကောင်တွေရဲ့ ရန်မူခံရပြီး ကွယ်လွန်သွားတယ်အထင်နဲ့ ပြောမိတာအမှန်ပါပဲ"

အတိအကျပြောသူက ပြောလာသောအခါ အဖွားချစ်၏ချွေးမမှာ မယုံကြည်ချင်ဘဲနှင့် လက်ခံယုံကြည်ရလေ၏။ ထိုမျှသာမကသေးဘဲ ခင်ပွန်းဖြစ်သူကိုပါ အပြစ်ပြောခြင်း၊ ရန်ရှာခြင်းများပြုလေ၏။

"ရှင့်အမေ မသေဘူးဆိုပါကလား"

"ဟား . . ဝမ်းသာလိုက်တာ"

အဖွားချစ်၏သားမှာ အမေမသေဘူးဟု သိရသဖြင့် ဝမ်းသာအားရဖြစ်သွားရာ ဇနီးဖြစ်သူက -

"ဘာဝမ်းသာတာတုန်း"ဟု ဝေါက်ငမ်းမှ ကြွေးဆည်ရ၏။

"ဟဲ့ . . ငါ့အမေ မသေတာ ဝမ်းသာတာ ဘာဖြစ်သတုန်း။ မင့်အိမ်ပေါ်မှာလာပြီး အသက်ရှင်နေတာ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လား"

သူ့စကားမှန်သဖြင့် အဖွားချစ်၏ချွေးမသည် ကိုယ်ရှိန်သတ်ထားလိုက်၏။ သို့ရာတွင် ရင်ထဲက အမုန်းတရားကို ဖုံးကွယ်ထား၏။ ဤသို့ဖြင့် ၃-၄ရက်ကြာချိန်တွင် တီးတိုးသတိပေး၏။

"ကျွန်မတို့က တောကြီးမျက်မည်းမှာ ထားခဲ့ပါလျက် ရှင့်အမေ ဘာကြောင့် မသေသလဲ။ လုံခြုံတဲ့ တစ်နေရာမှာ ရှင်သွားထားပြီး အိမ်ဝယ်ပေး၊ အခိုင်းအစေတွေ ထားပေးတာ မဟုတ်လား"

အမှုသည် အဖွားချစ်၏သားထံသို့ လှည့်လာသောကြောင့် အဖွားချစ်၏သားမှာ မျက်လုံးပြူး မျက်ဆံပြူးဖြစ်ရလေ၏။

"မဟုတ်ရဘူးကွာ။ သူ့ဘာသာသူ သူတော်ကောင်းကို နတ်ကောင်းမတာ ဖြစ်မှာပါ"

"မယုံဘူး"

"မယုံရင် မင်းလူလွှတ်ပြီး စုံစမ်းပေါ့"

ဤသို့ဖြင့် အဖွားချစ်၏ချွေးမသည် အဖွားချစ်အကြောင်းကို စုံစမ်းကြည့်၏။ သားဖြစ်သူ၏ ပယောဂမပါကြောင်း သိရသောအခါ လေသံပြောင်းသွား၏။

"သားသမီးနဲ့မိဘပဲ ခွင့်လွှတ်မှာပါ"

"အမေ့မျက်နှာကို ငါ မကြည့်ရဲတော့ဘူး။ ဒါကြောင့် မသွားရဲဘူး"

အဖွားချစ်၏သားမှာ ရိုးသားသူဖြစ်သဖြင့် ကိုယ့်ကိုကိုယ် အပြစ်တင်၍မဆုံးတော့ပေ။ သို့သော် သူ၏ဇနီးက ပါးနပ်၏။

"မျက်နှာအောက်ချပြီးတောင်းပန်ရင် ရှင့်အမေက ရှင့်ကိုခွင့်လွှတ်မှာပါ။ အဲသည်အခါကျတော့မှ ဘယ်လိုဖြစ်ပြီး အခုလို ချမ်းသာကြွယ်ဝတဲ့ သူဌေးမကြီးဘဝကို ရောက်လာသလဲ မေးခဲ့ပေါ့"

မှန်ပါသည်။

အဖွားချစ်သည် ယခင်ကတည်းက မေတ္တာရှင်ဖြစ်ခဲ့၏။ ယခုအခါတွင်ကား အခြားသတ္တဝါများကိုပင် မေတ္တာထားနေရာ သားအရင်းကို ပြောစရာမရှိတော့ပေ။ သို့ကြောင့် ကောင်းမွန်စွာ ဧည့်ခံကျွေးမွေးသည်။ သားသိလိုသည်များကို မခြွင်းမချန်ပြောပြပြီးမှ လက်ဆောင်ပစ္စည်းများ ပေးလိုက်လေ၏။

အဖွားချစ်၏ချွေးမသည် လည်ပင်းကိုးတောင်ရှည်မတတ် ခင်ပွန်းဖြစ်သူကို မျှော်လင့်နေ၏။ အရိပ်အယောင် မြင်လျှင်မြင်ချင်း ပြေးလာ၏။

"ဘာတဲ့လဲ၊ ပြောမပြလိုက်ဘူးလား"

"ပြောပြပါတယ်"

"ဒါဖြင့် အခုပြော"

အဖွားချစ်၏သားသည် အမောအပန်းမဖြေဘဲ ဇနီးသည်၏အလိုကျ မဆောင်ရွက်နိုင်ပါ။ မိခင်ပေးလိုက်သော လက်ဆောင်ပစ္စည်းများကို နေရာတကျချထားပြီးမှ ဇာတ်စုံခင်းသည်။

"အမေ့ဖြစ်ပုံက သည်လိုကွ"

အဖွားချစ်၏ချွေးမသည် အံ့သက်မရှူ မျက်တောင်မခတ်ဘဲ ခင်ပွန်းဖြစ်သူ၏စကား၌ စိတ်ဝင်စား၏။

"အမေ့ကို လှည်းပေါ်ကပွေ့ချပြီး ညောင်ပင်ရင်းမှာထားခဲ့တော့ မမှောင်သေးဘူးတဲ့"

"ဩော် .. အင်း .. အင်း။ မြင်မြင်ထင်ထင်နဲ့ ရွှေအိုးတွေ့သွားတယ်လား"

အဖွားချစ်၏ချွေးမက အလောတကြီးဖြတ်မေး၏။

"မဟုတ်ပါဘူးကွာ။ အမေက 'ငါ့မှာ ရတနာသုံးပါးသာလျှင် အားကိုးရှိတော့တယ်' ဆိုပြီး ဘုရားရှိခိုးတယ်၊ သတ္တဝါတွေကို မေတ္တာပို့တယ်၊ အမျှအတမ်းဝေတယ်"

ထိုအခါ အဖွားချစ်၏ချွေးမက မဲ့ရွဲ့ပြီး ငေါက်ငမ်းသည်။

"ရှင့်အမေ သူဌေးဖြစ်တာကို သိချင်တာရှင့်။ ဘုရားရှိခိုးတာတွေ၊ မေတ္တာပို့တာတွေ လာပြောမနေနဲ့"

"ဟဲ့ အဲဒါမပါရင် ဘယ်ပြည့်စုံမလဲဟ"

"ပြောပြော တကတည်း ရှည့်ကိုရှည်တယ်"

အဖွားချစ်၏ချွေးမသည် မကြည်မသာဖြင့် ဆက်လက်နားထောင်၏။

"အမေအိပ်ပျော်ခါနီးမှာ ကျားတစ်ကောင်ရောက်လာတယ်တဲ့။ နောက် ရက္ခစိုးပေါ်လာပြီး သူ့နှာခေါင်းကို ကြက်တောင်နဲ့အကြပ်မှာ ဟပ်ချိုးဘုရားလို့ ချေသတဲ့။ အဲဒါ မိုးလင်းတော့ သူ့ခြေရင်းမှာ ရွှေခွက်ကြီးတွေ့တာပဲတဲ့"

"သွားမယ်၊ အဲသည့်ညောင်ပင်ကို အခုလိုက်ပို့"

အဖွားချစ်၏သားသည် သူ့ဇနီးကို ထိုနေရာသို့ မပို့လိုပေ။ ထိုနေရာမှာ တောနက်သဖြင့် သားရဲတိရစ္ဆာန်


www.burmeseclassic.com

www.burmeseclassic.com

ထူပြောသည်။ နေ့အချိန်မှာပင် ကြောက်လန့်ဖွယ်နေရာ ဖြစ်သည်။

"ကဲ လှည်းတပ်၊ အဲသည့်ညောင်ပင်ကိုသွားရအောင်"

"နေ့အချိန်မှာတောင် သားရဲတိရစ္ဆာန်ပေါ်များပါတယ်ကွာ။ မသွားချင်စမ်းပါနဲ့။ နေပါဦး မင်းက ဘာသွားလုပ်မှာတုန်း"

"ရှင့်အမေလိုပဲ ချမ်းသာအောင်လုပ်မှာပေါ့"

အဖွားချစ်၏သားက ခေါင်းရမ်းလိုက်၏။

"မဖြစ်ပါဘူးကွာ၊ မသွားပါနဲ့"

"ဘာကြောင့် မဖြစ်ရမှာတုန်း။ ရှင်က ကျွန်မကြီးပွားချမ်းသာတာကို မမြင်ချင်လို့လား"

"မဟုတ်ပါဘူးကွာ။ ငါ့အမေက သူတော်ကောင်းမို့ အသက်ရှင်ပြီး ကြီးပွားချမ်းသာပေမယ့် မင်းက ငါ့အမေလို သူတော်ကောင်းမဟုတ်တဲ့အတွက်"

"ဟင် .. ကျွန်မက သူယုတ်မာပေါ့"

အဖွားချစ်၏ချွေးမသည် ခင်ပွန်းဖြစ်သူကို ထုရိုက်ကုတ်ဖဲ့ပြီး ရန်ထောင်သည်။ သို့အတွက် သူ့ကို လှည်းပေါ်သို့တင်ကာ တောထဲသို့ ထွက်ခဲ့လေ၏။ နေဝင်ရိုးရီတွင် ညောင်ပင်အောက်သို့ရောက်ကာ ထားခဲ့ပြီးလျှင် အဖွားချစ်၏သားသည် မိခင်ထံသို့ တန်းပြီးလာခဲ့၏။

"အမေရေ အမေ့ချွေးမတော့ မပြန်လမ်းကို မြန်းပြီ။ ဒါကြောင့် အမေနဲ့အတူနေဖို့ သားလာခဲ့တာပါ"

အဖွားချစ်မှာ ထိုစကားကိုကြားရ၍ ဝမ်းမသာပေ။

"သွား .. သွား .. ငါ့ချွေးမကို အခုပြန်ခေါ်ချေ"

"အမေရယ် အခုတော့ မှောင်ပါပြီ။ မနက်မှပဲ သွားခေါ်ပါရစေတော့"

မှန်ပါသည်။ အဖွားချစ်၏ချွေးမမှာ ညောင်ပင်အောက်သို့ရောက်လျှင်ရောက်ချင်း "ကျားရယ် မြန်မြန်လာပါတော့" မြည်တမ်းလျက် အိပ်ချင်ယောင်ဆောင်နေ၏။ သူ ဆုတောင်းသည့်အတိုင်း ကျားရော ရက္ခစိုးပါ ရောက်လာသည်။

"သူဟာ သူတော်ကောင်း ဟုတ်မဟုတ် ငါ စမ်းသပ်ဦးမယ်"

ရက္ခစိုးသည် အသင့်ပါလာသောကြက်တောင်ဖြင့် ချွေးမ၏နှာခေါင်းကို ကလိ၏။

"ဟပ်ချိုး နင့်မေကလွှား၊ ရွှေခွက်ပေးစေသား။ ဟပ်ချိုးနင့်မေကလွှား"

အဖွားချစ်၏ချွေးမက ထိုသို့ချေဆတ်သဖြင့် ရက္ခစိုးက ကျားကိုပြောသည်။

"သူဟာ သူတော်ကောင်းမဟုတ်တဲ့အတွက် မင့်သဘောပဲ"

သို့ဖြစ်သောကြောင့် နောက်တစ်နေ့နံနက်တွင် ညောင်ပင်အောက်သို့ အဖွားချစ်၏သားရောက်သွားသောအခါ လူ့အရိုးစုတစ်စုံနှင့် လူ့ဦးခေါင်းခွံတစ်ခုကိုသာ တွေ့မြင်ရပေတော့၏။

မောင်ချဲကြည်

□


## ကျေးဇူးအထူးတင်ရှိပါသည်

စရဏမဂ္ဂဇင်း၏ ဥပဒေအကြံပေးနှင့် ရတနာ့ပန်းခင်းရုပ်စုံမဂ္ဂဇင်း၏ ပင်တိုင်စာရေးဆရာဖြစ်သူ Supreme Court Advocate & Legal Consultant ဦးအောင်ဘော် (ဘော်ဘော်-ဥပဒေ) L.L.B, DBL, DML, DIL, DLP, WIPO (Switzarland) သည် ရတနာ့ပန်းခင်းရုပ်စုံမဂ္ဂဇင်းတွင် ကလေးများ ဉာဏ်ရည်နှင့် ဗဟုသုတတိုးတက်မြင့်မားရေးရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်ပေးလျက်ရှိသော ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ အားလုံးအတွက် ယခုဖွန်လ၌ ချီးမြှင့်မည့်ဆုငွေများကို မွေးနေ့ကိုသိလ်ပြုလှူဒါန်းသည့်အတွက် ဦးအောင်ဘော် (ဘော်ဘော်-ဥပဒေ)နှင့် မိသားစုအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ရတနာ့ပန်းခင်းရုပ်စုံမဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကျော်


# တရုတ်နီတိ

ပုံပြင်များ

## POPULAR CHINESE FABLES

*Translated by Wu JINGYU*


*Illustrated by TIAN HENGYU*














www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ဘော်ဘော်(ဥပဒေ)

# အံ့ဖွယ်ကမ္ဘာ့စံချိန်တင် မှတ်တမ်းများ
# AMAZING RECORDS





## အပုဆုံးအမြွှာလူပုကလေးနှစ်ဦး

ကမ္ဘာပေါ်တွင် အရပ်အပု ဆုံးအမြွှာညီနောင်နှစ်ဦးအဖြစ် ကမ္ဘာ့မှတ်တမ်းတင်ခံရသူမှာ ဂျွန် John နှင့် ဂရက်ရိုက် Greg Rice ဆိုသူတို့ ဖြစ်ကြသည်။ သူတို့နှစ်ယောက်၏ အရပ်ကို တိုင်း၍ပေါင်းကြည့်ပါက ၁၇၃ စင်တီမီတာမျှသာ ရှိသည်ကို တွေ့ရသည်။



## ကြက်သားကြော်ကိုအမြန်စားပြနိုင်သူ

ကြက်သားကျော်များကို အချိန် အနည်းငယ်အတွင်း အားလုံးကုန်အောင်စားပြနိုင်သူအဖြစ် ကမ္ဘာ့မှတ်တမ်းဝင်စံချိန်တင်နိုင်ခဲ့သူမှာ စပိန်နိုင်ငံ၊ ကိုတီဂူတီမြို့မှ ဗာလင် တင်းဖလော့ရင့်တီနို Valentin Florentino ဖြစ်သည်။ သူသည် ၄ ပေါင် ၁၀ အောင်စရှိကြက်သားကြော်ကို ၁၀ မိနစ် ၃၇ စက္ကန့်ဖြင့် ကုန်အောင်စားပြနိုင်ခဲ့လေသည်။




## ကိုယ်အလေးချိန်အများဆုံးကြောင်ကြီး

အိမ်မွေးတိရစ္ဆာန်များတွင် ကိုယ်အလေးချိန်အများဆုံး ကြောင် အဖြစ် ကမ္ဘာ့စံချိန်တင် မှတ်တမ်းတင်ခံရသူမှာ 'ဟင့်မီ' Himmy ဆိုသည့် ကြောင်ကလေးဖြစ်သည်။ ကြောင် ကလေးသည် ရိုးရိုးအစားအစာများဖြစ်သော ငါး၏ကျောက်ကပ်၊ နှလုံးတို့ကို သာ ပုံမှန်စားသုံးသော်လည်း သူ့ကိုယ်အလေးချိန်မှာ ၄၆ ပေါင် ၁၅ အောင်စကျော်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အမြင့်ဆုံးရှန်ပိန်ခွက်

မင်္ဂလာအခမ်းအနားများတွင် အခမ်းအနားသို့ တက်ရောက်လာသူများကို မင်္ဂလာသတို့သား၊ သတို့သမီးတို့ လောင်းထည့်သည့် ရှန်ပိန်အရက်များဖြင့် ဧည့်ခံရာ ဖန်ခွက်များထဲသို့ ရှန်ပိန်အရက်တစ်ခွက်ချင်းစီ စီးကျအောင် ပြုလုပ်ထားသော ရှန်ပိန်ဖန်ခွက်ဆင့်ထပ်ထားသည့် Champagne fountain များတွင် ရှန်ပိန်ခွက်အမြင့်ဆုံးအဖြစ် စံချိန်တင်ခဲ့သည့်ဟိုတယ်မှာ အမေရိကန်ပြည်ထောင်စု၊ လော့အင်ဂျလိ(စ်)မြို့မှ ဘော့တ်မိုးဟိုတယ် Biltmore Hotel ဖြစ်ပြီး ၁၉၈၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့က အဆိုပါ Champagne fountain ကို ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၂၄ ပေ ၇ လက်မ အမြင့်ရှိသည်ဟု ဆိုသည်။



## ဆံပင်အရှည်ဆုံးအမျိုးသမီး

အမေရိကန်ပြည်ထောင်စု၊ ဝါဆက်စတာမြို့တွင် နေထိုင်သော ဒိုင်ယာနေး ဝှစ်တ် Diane Witt အမျိုးသမီးသည် အလွန်ရှည်လျားသော ဆံကေသာထားရှိသူအဖြစ် ကမ္ဘာ့မှတ်တမ်းတင်ခံရသူဖြစ်သည်။ သူမသည် လွန်ခဲ့သည့် ၁၅ နှစ်ခန့်က သူ့ဆံပင်ကို ဖြတ်ခဲ့သော်လည်း ယခုအချိန်တွင် သူ့ဆံပင်သည် ၈ ပေခွဲအထိ ထူးကဲစွာ ရှည်နေပြီဖြစ်သည်။ အများအားဖြင့် ဆံပင်သည် ၃ ပေခန့်အထိသာ ရှည်လျားပြီး ဆက်လက်မရှည်ကြတော့သော်လည်း သူမ၏ဆံပင်သည် ဆက်လက်ရှည်လျားလာသည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

| အနောက်တိုင်းရိုးရာပုံပြင် |






www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက နယ်မြေပိုင်နက် အမြောက်အမြားကို အုပ်စိုးပိုင်သတော်မူတဲ့ ရှင်ဘုရင်တစ်ပါးရှိခဲ့ဖူးတယ်။ သူစစ်ထွက်တိုက်တိုင်း အောင်ပွဲခံတာချည်းပဲမို့ နှစ်ကာလကြာလာတဲ့အခါ သူဟာ သာမန်ဘုရင်ထက် ပိုမြင့်တဲ့ ကေရာဇ် အဆင့်ကိုရောက်ရှိလာခဲ့တယ်။

'ကေရာဇ်'ဖြစ်လာပြီးနောက်၊ တစ်ည အိပ်ရာဝင်ချိန်မှာ သူ့စိတ်အာရုံထဲကို အခုလို အတွေးအခေါ်တစ်ရပ် ဝင်လာခဲ့တယ်။

"မြေကမ္ဘာပေါ်မှာပဲဖြစ်ဖြစ်၊ ကောင်းကင်ပေါ်မှာပဲဖြစ်ဖြစ် ငါကိုယ်တော်မြတ်ထက်ကြီးမြတ်တဲ့ ပုဂ္ဂိုလ်မရှိတော့ပါကလား"

ဒီလိုတွေးခေါ်ရင်းပဲ 'ကေရာဇ်ကြီး' စက်တော်ခေါ်တော်မူသွားခဲ့တယ်။ မနက်မိုးလင်းလို့ သူ နိုးလာတဲ့အခါ ပတ်ဝန်းကျင်တစ်ခွင် တစ်ပြင်လုံး သာတောင့်သာယာရှိနေတာကိုမြင်ရလို့ သူ့ရဲ့ အိပ်ဖန်တော်စောင့်'ကို ခေါ်ပြီး –

"ဒီကနေ ငါကိုယ်တော်မြတ် တောကစားထွက်တော်မူမှာမို့ လိုအပ်သမျှတွေ အကုန်ပြင်ဆင်ထားခိုင်းစမ်း"

ခဏနေကြာတော့ နန်းတော်ရှေ့မှာ မြင်းတွေ၊ အမဲလိုက်ခွေးတွေ ရောက်လာကြတယ်။ တံပိုးမှုတ်သံတွေ ကြားရပြီးတဲ့နောက် 'ကေရာဇ်ကြီး'နဲ့သူ့နောက်တော်ပါတွေဟာ မြင်းကိုယ်စီနဲ့ တောကစားထွက်ကြတာကို တွေ့ရတယ်။

မနက်ကတည်းက တောကစားထွက်လာကြတဲ့ 'ကေရာဇ်ကြီး'နဲ့ နောက်တော်ပါတွေဟာ အခုဆိုရင် တောနက်ထဲရောက်နေပြီပေါ့။ ကွင်းပြင်တွေကို ဖြတ်သန်းတုန်းက နေခြစ်ခြစ်တောက်ပူနေတာမို့ သစ်ရိပ်ဝါးရိပ်တွေနဲ့ အုံ့ဆိုင်းနေတဲ့ တောအုပ်ထဲက မြေခင်းတစ်နေရာမှာ သူတို့မြင်းပေါ်က ဆင်းပြီး အရိပ်ခိုအနားယူကြတယ်။ 'ကေရာဇ်ကြီး'က ဒီလောက်နဲ့ အားမရနိုင်သေးလို့ အနီးအနားမှာ တစ်ခုခုရှိလိုရှိငြား လိုက်ရှာနေတယ်။ သိပ်မဝေးလှတဲ့တစ်နေရာမှာ ရေကန်တစ်ကန်တွေ့တော်မူလို့ သူ့လူတွေကို အခုလို လှမ်းအမိန့်ပေးတယ်။

"ဟိုရှေ့နားကရေကန်မှာ ငါကိုယ်တော်မြတ် ချိုးရေတော်သုံးတော်မူမှာမို့ မောင်မင်းတို့ ဒီမှာပဲ စောင့်နားကြပေတော့"

'ကေရာဇ်ကြီး'ဟာ တစ်ကိုယ်တည်း မြင်းစီးထွက်သွားပြီး ရေကန်စပ်ရောက်သွားတယ်။ သူ့စီးတော်မြင်းရဲ့ဇက်ကြိုးကို အနားက သစ်ပင်တစ်ပင်မှာ ချည်ထားလိုက်တယ်။ အဲဒီနောက် ဝတ်လဲတော်တွေကို ချွတ်ခွာပြီး ကမ်းစပ်မှာ ပုံထားလိုက်တယ်။ 'ကေရာဇ်ကြီး'ဟာ ဟိုနားဒီနား ကူးခတ်ရုံမက ရေအောက်ကိုလည်း မကြာခဏ ငုပ်ဆင်းတော်မူတယ်။

'ကေရာဇ်ကြီး' ရေငုပ်လို့ကောင်းနေတုန်းမှာ ရေကန်နားကို 'ကေရာဇ်ကြီး'နဲ့ ရုပ်ရည်ရော ခန္ဓာကိုယ်အချိုးအစားပါ ချွတ်စွပ်တူသူတစ်ဦး ရောက်လာတယ်။ သူက ကမ်းစပ်မှာပုံထားတဲ့ ဝတ်လဲတော်တွေကို သူ့ကိုယ်ပေါ် ကောက်စွပ်ရုံမက စီးတော်မြင်းပေါ်တက်ပြီး ထွက်ခွာသွားတော့တယ်။

'ကေရာဇ်ကြီး' ရေကူးလို့ အားရသွားတဲ့အခါ ကမ်းပေါ် ပြန်တက်တယ်။ သူ့ဝတ်လဲတော်တွေရော၊ စီးတော်မြင်းပါ မတွေ့ရတော့ပါကလား။ သူဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်တယ်။ ဘယ်သူ့ကိုမှ မတွေ့ရဘူး။ သူ ခေါ်ကြည့်တယ်။ ပြန်ထူးသံလည်း မကြားရဘူးလေ။ နေပြောက်တောင်မထိုးလို့ တစ်တောလုံးမှာ အနွေးဓာတ်မရနိုင်သလို လေကလည်း တဖြူးဖြူး တိုက်နေပြန်တော့ သူ့ခမျာ ခိုက်ခိုက်တုန်အောင် ချမ်းရှာနေပြီပေါ့။ လမ်းဘေးမှာ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း သူ အကြံထုတ်တယ်။ နောက်ဆုံး သူ အကြံတစ်ခု ပေါ်လာလို့ အခုလိုပြောတယ်။

"ဟုတ်ပြီ၊ ဒီအနီးအနားမှာ 'သူရဲကောင်း (Knight) တစ်ဦးနေထိုင်တယ်။ ဟိုတလောကကပဲ သူ့ကို ငါ သူကောင်းပြုရုံမကဘူး သူနေထိုင်ဖို့ ရဲတိုက်ငယ်တစ်လုံးပါ ပေးသနားထားတယ် မဟုတ်လား။ သူ့ဆီသွားမယ်။ သူ့ကျေးဇူးရှင်ဖြစ်တဲ့ ငါ့ကို အဝတ်အစားနဲ့ နွေးထွေးအောင် သူ ကျေးဇူးဆပ်မှာ သေချာပါတယ်"

'ကေရာဇ်ကြီး'ဟာ ကျူပင်တွေကိုချိုးပြီး ကျူရိုးတွေနဲ့ ဖျာတစ်ချပ်ဖြစ်အောင် အမြန်ယက်ပြီး အဲဒီကျူဖျာကြမ်းနဲ့ သူ့ကိုယ်ကို ပတ်လိုက်တယ်။ အဲဒီနောက် သူရဲကောင်းနေထိုင်တဲ့ ရဲတိုက်ဆီ လျှောက်သွားတယ်။ ရောက်တဲ့အခါ တံခါးမကြီးကို တအားထုပြီး လှမ်းခေါ်တယ်။ တံခါးမကြီးနောက်မှာရှိတဲ့ အစောင့်တစ်ယောက်က တံခါး ချက်ချင်းဖွင့်မပေးဘဲ ခုလို လှမ်းမေးတယ်။



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူတုန်း"

"တံခါးဖွင့်စမ်း၊ ဘယ်သူလဲဆိုတာ မင်းသိလိမ့်မယ်"

'တံခါးစောင့်'က တံခါးဖွင့်ပေးလိုက်တယ်။ သူ အံ့အားသင့်သွားလို့ ခုလို မေးပြန်တယ်။

"ခင်ဗျား ဘယ်သူလဲ"

"ဟိတ်၊ ငါ ကေရာဖ်ကြီးကွ၊ မင်းသခင်သွားခေါ်စမ်း၊ ငါ့ဝတ်လဲတော်တွေနဲ့ စီးတော်မြင်းပျောက်သွားလို့ ငါ့အတွက် ဝတ်လဲတော်တွေယူခဲ့ဖို့ သူ့ကို ပြောလိုက်ပေ့"

"သနားစရာကောင်းလိုက်တဲ့ 'ကေရာဖ်ကြီး' ပါလား ဟရို ..၊ မကြာမတင်လေးကပဲ 'ကေရာဖ်ကြီး' ဒီနားတစ်ပိုက်မှာ ရှိခဲ့သေးတယ်။ သူနဲ့ သူ့နောက်တော်ပါတွေ တောကစားထွက်လာကြတာလေ။ ကျွန်တော့်သခင်ဟာ တောလိုက်လို့ရခဲ့တဲ့ အမဲကောင်တွေကို ချက်ပြုတ်စေပြီး 'ကေရာဖ်ကြီး'နဲ့အတူ စားသောက်ခဲ့သေးတယ်။ ခင်ဗျား ဒီမှာ စောင့်၊ ကျွန်တော့်သခင်ကို သွားခေါ်ပေးမယ်။ ဟုတ်တယ်ဗျို့၊ ကျွန်တော့်သခင်ကို 'ရောဖ်ကြီး' ရှေ့တော်မှောက် အခစားဝင်ခိုင်းမယ်"

ခဏအကြာမှာ 'ရဲတိုက်စောင့်'နဲ့အတူ သူ့သခင် 'သူရဲကောင်း'ထွက်လာကြတယ်။ အနားရောက်တော့ 'ရဲတိုက်စောင့်'က လက်ညှိုးညွှန်ပြရင်း –

"အဲဒီမှာ 'ကေရာဖ်ကြီး'၊ 'မဟာကေရာဖ်မင်း'ကို ရှုစားတော်မူပါ သခင်ကြီး"

"ရှေ့တော်ကိုတိုးပြီး ဒူးထောက်စမ်း။ မောင်မင်းကို ငါ ကိုယ်တော်မြတ် သူကောင်းပြုတော်မူခဲ့တယ်။ ဟော်ဒီ ရဲတိုက်မှာ နေထိုင်ဖို့ ခွင့်ပြုတော်မူခဲ့တယ်။ အခုလည်း မောင်မင်းကို အခွင့်အရေးတစ်ခု ထပ်ပေးတော်မူဦးမယ်။ အဲဒါကတော့ မောင်မင်းရဲ့ 'ကေရာဖ်မင်း' ကို ဝတ်လဲတော်တွေနဲ့ အမြန်ဆုံးဆင်မြန်းပေးဖို့ပဲပေ့"

"ဟဲ့ .. ခွေးတိရစ္ဆာန်၊ သောက်ရူး၊ ငါ အခုလေးတင် 'ကေရာဖ်ကြီး'နဲ့အတူ မြင်းစီးရာကနေ ဟောဒီ ရဲတိုက်ကို ပြန်လာခဲ့တာကွ"လို့ 'သူရဲကောင်း'က ပြောပြီး 'ရဲတိုက်စောင့်'ကို ခုလို လှမ်းအမိန့်ပေးတယ်။

"ဒီကောင့်ကို ရိုက်ပုတ်ပြီး နှင်ထုတ်ပစ်စမ်း"

'ရဲတိုက်စောင့်'က တစ်ချက်ရယ်မောပြီးမှ သူ့ဘေးက တခြားအစောင့်တွေကို ခုလိုပြောတယ်။

"ဟေ့ကောင်တွေ 'ကေရာဖ်ကြီး' တစ်ပါးကို ရိုက်ပုတ်ဖို့ဆိုတာ ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ခုပဲကွ၊ လာကြစမ်း။ ဝိုင်းရိုက်ကြရအောင်"

သူပြောပြီးပြီးချင်း သူတို့အားလုံးဟာ 'ကေရာဖ်ကြီး'ကို ဝိုင်းဝန်းရိုက်နှက်ပြီး ရဲတိုက်ဝင်းအပြင်ဘက်ကို ဆွဲထုတ်ပစ်ကြတယ်။

"အောက်တန်းစားသူရဲကောင်း၊ သူအခု စံစားနေသမျှ စည်းစိမ်တွေအားလုံး ငါကိုယ်တော်မြတ် ပေးသနားတော်မူထားတာတွေချည်းပဲ။ ဒါနဲ့တောင် ဒီကောင်က ငါ့ကို ဒီပုံစံမျိုးနဲ့ ကျေးဇူးပြန်ဆပ်တယ်။ နေပလေ့စေဦး။ ငါကိုယ်တော်မြတ် ရာဇပလ္လင်တော်ပေါ် ပြန်ရောက်တဲ့အခါကျမှ ဒီကောင့်ကို အခေါ်လွှတ်ပြီး မှတ်လောက်သားလောက်အောင် ဆုံးမပစ်မယ်။ ဒီကနေ သိပ်မဝေးတဲ့ တစ်နေရာမှာ 'မြို့စားကြီး' (The Duke) နေထိုင်နေတယ်။ သူနဲ့ငါက တစ်လျှောက်လုံး သွားအတူ လာအတူမို့ ငါ့ကို မမှတ်မိစရာအကြောင်းမရှိဘူး။ သူ 'ကေရာဖ်မင်း' ကို သူ ကောင်းကောင်းမှတ်မိမှာပါလေ"လို့ 'ကေရာဖ်ကြီး' က တစ်ယောက်တည်း မကျေမချမ်းနဲ့ ရေရွတ်ပြောဆိုနေတယ်။

'ကေရာဖ်ကြီး' ဟာ 'မြို့စားကြီး'ရဲ့ ရဲတိုက်ဆီရောက်အောင် လမ်းလျှောက်သွားပြန်တယ်။ ဟိုရောက်တော့ တံခါးမကြီးကို သုံးချက်ဆင့်ထုတယ်။ 'ရဲတိုက်စောင့်'က တံခါးမကြီးကို ဖွင့်ပေးတဲ့အခါ ကိုယ်ပေါ်မှာ ကျုပ်ဖျာကြမ်းပတ်ထားပြီး တစ်ကိုယ်လုံး အညှိအမည်းစွဲ သွေးသံတစ်ရဲရဲနဲ့ သူစိမ်းတစ်ယောက်ကိုမြင်ရလို့ အံ့အားသင့်သွားတယ်။ 'ကေရာဖ်ကြီး'ဟာ အရင်နေရာမှာလို လေသံမာမာနဲ့မပြောတော့ဘဲ အပျော့ဆွဲနည်းဗျူဟာ ပြောင်းလိုက်တယ်။

"မောင်မင်းတို့မြို့စားမင်းကို သွားလျှောက်စမ်းပါကွယ်၊ သူ့ 'ကေရာဖ်မင်း'ကို ဓားပြတစ်စု တိုက်ခိုက်လုယက်ထားလို့ သူ့မှာ ဝတ်စရာ ဝတ်လဲတော်လည်း မရှိ၊ စီးစရာ မြင်းလည်း မရှိတော့ဘူးလို့"

'ရဲတိုက်စောင့်' က တံခါးမကြီးကို ပြန်ပိတ်ပြီးမှ 'မြို့စားကြီး' ဆီပြန်သွားတယ်။ ဟိုရောက်တော့ ခုလို လျှောက်တင်လိုက်တယ်။

"မြို့စားမင်းဘုရား၊ ရဲတိုက်အပြင်ဘက်မှာ ရုပ်ရည်ကြမ်းတမ်းပြီး အဝတ်အစားမပါတဲ့ အရူးတစ်ယောက် ရောက်နေပါတယ် ဘုရား။ သူ့ကိုယ်သူ ကေရာဖ်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

မင်း'လို့ ပြောပြီး 'မြို့စားမင်းကို အခေါ်ခိုင်းနေပါတယ် ဘုရား''

"ဆန်းတော့ အဆန်းသားပဲကွ၊ ဘာပဲဖြစ်ဖြစ် ငါ ကိုယ်တော်တိုင် ထွက်ကြည့်မယ်''

ရဲတိုက်တံခါးမကြီးဖွင့်လိုက်တော့ 'မြို့စားကြီး'ဟာ သူမြင်ရတဲ့ 'ကေရာဇ်ကြီး'ကို မမှတ်မိနိုင်အောင်ဖြစ်နေတုန်း၊ 'ကေရာဇ်ကြီး'က ခုလို စပြောတယ်။

"မောင်မင်း ငါကိုယ်တော်မြတ်ကို မမှတ်မိတော့ဘူးလား။ မောင်မင်း 'ကေရာဇ်မင်း' လေကွယ်။ ဒီမနက်တုန်းကပဲ ငါကိုယ်တော်မြတ် မောင်မင်းနဲ့အတူ တောကစားထွက်ခဲ့သေးတယ်လေ။ ငါကိုယ်တော်မြတ် ချိုးရေတော်သုံးဖို့ ရေကန်ဘက်သွားနေတုန်း မောင်မင်းတို့ကို စောင့်ခိုင်းခဲ့သေးတယ် မဟုတ်လား။ ငါကိုယ်တော်မြတ် ချိုးရေတော်သုံးပြီး ရေကန်ပေါ်တက်လာတော့ ဝတ်လဲတော်တွေရော စီးတော်မြင်းပါ မတွေ့ရတော့ဘူးကွယ်။ ဟို ခွေးကောင် 'သူရဲကောင်း' ဆီသွားပြန်တော့ ငါ ကိုယ်တော်မြတ်ကို ဆဲဆိုရိုက်နှက်လွှတ်ပစ်တယ်လေ''

သူ့စကားအဆုံးမှာ မြို့စားမင်းက သူ့လူတွေကို ခုလို အမိန့်လှမ်းပေးတယ်။

"ဒီလိုလူတစ်ယောက်ကို ဒီအတိုင်း လွှတ်ထားလို့ မဖြစ်ဘူး။ သူ့ကို သံကြိုးတွေနဲ့ ချည်နှောင်ပြီး အချုပ်ခန်းထဲ ပို့လိုက်စမ်း။ သူလဲလျောင်းဖို့ ကောက်ရိုးတွေ ခင်းပေး။ စားစရာနဲ့ သောက်ရေတွေလည်း ပေးထားဟေ့''

အဲဒီ နောက်အခုလို ဆက်ပြောပြန်တယ်။

"အံ့ဩမကုန်နိုင်ဖွယ်ပါလား ဟရို့။ ငါတို့ ရဲတိုက်ရှေ့မှာ အရူးတစ်ယောက် ရောက်လာတယ်။ သူ့ အပြောအရ ဒီမနက် ငါ 'ကေရာဇ်မင်း'နဲ့အတူ တောကစားအတူထွက်ခဲ့တယ်ဆိုတော့ မနက်တုန်းက ဒီတောအုပ်ထဲမှာ သူ ရှိနေရမယ်။ 'ကေရာဇ်မင်း' ရေကန်ဘက် ချိုးရေတော်သုံးဖို့ သွားခဲ့တယ်ဆိုတာလည်း အမှန်ပဲ။ ဝတ်လဲတော်တွေနဲ့ စီးတော်မြင်း အခိုးခံရတယ်လို့ သူ ပြောတယ်။ နို့ပေမယ့် 'ကေရာဇ်မင်း'ဟာ ဝတ်လဲတော် အပြည့်အစုံ ဝတ်ဆင်ထားရုံမက စီးတော်မြင်းနဲ့အတူ ငါတို့နားနေကြတဲ့နေရာဆီ ရောက်လာခဲ့တယ်ဆိုတော့ တွေးရခက်ကြီးပဲဟေ့''

အချုပ်ခန်းထဲရောက်တဲ့အခါမှာ 'ကေရာဇ်ကြီး' ဟာ လဲလျောင်းပြီး တစ်ယောက်တည်း စဉ်းစားခန်း ဝင်တော်မူတယ်။

"ငါ့အပေါ် ဘယ်လိုကြမ္မာဆိုးတွေ သက်ရောက်နေပါလိမ့်။ ငါ ဒီလောက်တောင်ပဲ နိမ့်ကျနေသလား။ 'မြို့စားကြီး' တောင်ငါ့ကို မမှတ်မိလောက်အောင် ငါ့ အသွင်အပြင် အများကြီး ပြောင်းလဲသွားသလား။ ငါ ဘယ်လိုပဲ ဝတ်ဆင်ထား၊ ဝတ်ဆင်ထား၊ ငါ့ကို မှတ်မိသေးတဲ့သူတစ်ယောက်ယောက်ရှိတန် ကောင်းပါရဲ့လေ''

သူ့ကို အရူးထင်ပြီးအစောင့်တွေက သံကြိုးတွေ ဖြုတ်ထားရုံမက၊ အချုပ်ခန်းတံခါးကိုလည်း တော်ရုံပဲ စေ့ထားလို့ အစောင့်တွေ အိပ်မောကျချိန်မှာ 'ကေရာဇ်ကြီး' ဟာ အချုပ်ခန်းထဲက ခိုးထွက်လွတ်မြောက်သွားတယ်။ သူတစ်ညလုံး ထွက်ပြေးခဲ့တာ မိုးစင်စင်လင်းတော့ သူ့ နန်းတော်ရှေ့က မုခ်ဝရှေ့ရောက်လာတယ်။

မုခ်ဝတံခါးမကို အဆက်မပြတ်ခေါက်ပြီးတဲ့နောက် ရဲမက်တော်တစ်ဦးထွက်လာပြီး -

"ခင်ဗျား ဘယ်သူလဲ၊ ဘာလိုချင်လို့လဲ''

"ဟိတ်ကောင်၊ မင်း ငါ့ကို မမှတ်မိတော့ဘူးလား။ မင်းတို့ရဲ့ အရှင်သခင် 'ကေရာဇ်မင်း'လေကွာ။ ကိုင်း၊ ဖယ်ပေးစမ်း၊ ငါ အထဲဝင်မယ်''

ဒါပေမယ့် ရဲမက်တော်က အားကောင်းမောင်းသန်ဖို့ သူ့ကို အထဲအဝင်မခံဘဲ အပြင်ကို တွန်းထုတ်တယ်။ သူ့နှုတ်ကလည်း -

"ခင်ဗျားက ကျွန်တော့်အရှင်သခင် 'ကေရာဇ်မင်း' ဟုတ်စ''လို့ ရဲမက်တော်ကမေးပြီး နန်းတွင်းညီလာခံခန်းမဆီ လက်ညှိုးညွှန်ပြီး သူ့ကိုပါလှမ်းကြည့်ခိုင်းတယ်။ ခန်းမထဲက ရာဇပလ္လင်ပေါ်မှာ 'ကေရာဇ်မင်း' အခန့်သား ထိုင်နေတော်မူရုံမက သူ့ဘေးမှာလည်း 'ကေရီမိဖုရား' ထိုင်နေတော်မူတာကို သူတွေ့မြင်ရတယ်။

ဒီအခါမှာ 'ကေရာဇ်မင်း'ဟာ စိတ်မထိန်းနိုင်တော့လို့ သူ့ကို ညီလာခံခန်းမထဲ ဝင်ခွင့်ပြုဖို့ အော်ကြီးဟစ်ကျယ်တောင်းဆိုတယ်။ ရဲမက်တော်ကလည်း မပေးနိုင်ဘူးလို့ ငြင်းဆိုတယ်။

ဒီလို တစ်ယောက်တစ်ခွန်းအော်ကြီးဟစ်ကျယ် ပြောဆိုနေကြတဲ့အသံတွေကို ညီလာခံခန်းမထဲက လူတွေ ကြားရလို့ သူတို့ရှိရာကို ပြေးလာကုန်ကြတယ်။ အဲဒီထဲ 'ကေရာဇ်ကြီး'နဲ့ ဆင်တူတဲ့ ပုဂ္ဂိုလ်ရယ် 'ကေရီမိဖုရား' ရယ်လည်း ပါလာတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

'ကေရာဇ်ကြီး'က သူ့ 'ကေရီမိဖုရား'ကို ခုလို လှမ်းပြောတယ်။

''မောင်တော်ဘုရားလေ၊ နှမတော်ရယ်၊ မမှတ်မိတော့ဘူးလားကွယ်''

'ကေရီမိဖုရား'က မျက်နှာတော်ကို ဘေးတစ်ဖက်လွှဲပစ်တယ်။ သူ့ဘေးမှာရပ်နေတဲ့ ပုဂ္ဂိုလ်ကြီးက သူ့မှူးမတ်တွေကို ခုလို ဆန္ဒတောင်းတယ်။

''မောင်မင်းတို့ ဒီလူကို ဘာလုပ်သင့်သလဲ''

''သူ့ကို သတ်ပစ်သင့်ပါတယ်ဘုရား''လို့ မှူးမတ်တွေက ဝိုင်းဝန်းလျှောက်တင်ကြတယ်။

သူတို့ဟာ သူ့ကို ရိုက်နှက်ဆဲဆိုပြီး နန်းတော်အပြင်ဘက် မောင်းထုတ်ပစ်ကြတယ်။

'ကေရာဇ်ကြီး' ခမျာ ဝမ်းနည်းပူဆွေးလွန်းလို့ ဘာလုပ်ရမှန်းမသိဘူးဖြစ်နေတယ်။ ခုနေ သူသေသွားရင် ကောင်းမှာပဲလို့ စိတ်ထဲမှာတနုံ့နုံ့ခံစားမိတယ်။ သူခြေဦးတည့်ရာလျှောက်သွားခဲ့တာ နောက်ဆုံးတော့ သူချိုးရေတော်သုံးခဲ့ဖူးတဲ့ တောအုပ်တစ်နေရာက ရေကန်နားရောက်သွားသတဲ့။

သူကမ်းနဖူးမှာ ထိုင်ချတယ်။ ဖြစ်ပျက်ခဲ့သမျှဟာ အိပ်မက်တစ်ခုလိုပါပဲလား။ သို့ပေမယ့် သူ အိပ်ပျော်နေတာမဟုတ်ပဲ နိုးနေတယ်။ သတိရှိနေတယ်ဆိုတာ သူကောင်းကောင်းသိတယ်။ တစ်ကိုယ်လုံးချမ်းတုန်နေရုံသာမက ဆာလောင်မွတ်သိပ်နေတာမို့ သတိလစ်လုမတတ်ဖြစ်နေတယ်ဆိုပဲ။ သူဟာ မြေပြင်ပေါ် ဒူးထောက်ပြီး ရှိုက်ကြီးတငင်နဲ့ခုလိုပြောဆိုတယ်။

''ငါဟာ အခုဆိုရင် 'ကေရာဇ်မင်း' မဟုတ်တော့ဘူး၊ ဆင်းရဲမွဲတေပြီး အပြစ်တွေ ဗလပွလုပ်ထားတဲ့ သူ တစ်ယောက်ဖြစ်နေပါပကောလား။ တစ်ချိန်တုန်းကဆို မြေကမ္ဘာနဲ့ ကောင်းကင်ပေါ်မှာ ငါ့ထက်ကြီးကျယ်မြင့်မြတ်တဲ့သူတစ်ဦးတစ်ယောက်မှ မရှိတော့ဘူးလို့ ထင်မှတ်ခဲ့ဖူးတယ်မဟုတ်လား။ ခုတော့ ငါသိပါပြီ။ ငါဟာ ဘာကောင်မှ မဟုတ်တော့ဘူး။ ငါ့ထက် နုံချာတဲ့သူ၊ ငါ့ထက်သိမ်ငယ်တဲ့သူတစ်ယောက်မှ မရှိတော့ပါဘူးဆိုတာ''

အဲဒီနောက် ''ကျွန်တော်မျိုးရဲ့ တစ်ချိန်တစ်ခါက ထောင်လွှားမောက်မာမှုတွေကို 'ဘုရားသခင်ကိုယ်တော်မြတ်' ခွင့်လွှတ်တော်မူပါဘုရား''လို့လည်း 'ဘုရားသခင်'ကို တိုးလျှိုးတောင်းပန်တယ်။

အဲဒီလို ငိုယိုပြောဆိုအပြီး သူ့မျက်ရည်တွေကို လက်နဲ့ သုတ်ပစ်လိုက်တဲ့အခါ သူ့ရှေ့တော်မှောက်မှာ သူ့ဝတ်လဲတော်တွေကို မြင်ရရုံမက စီးတော်မြင်းပါ အဆင်သင့် ရပ်စောင့်နေတာတွေ့လို့ သူ အလွန် အံ့ဩသွားရတယ်။

'ကေရာဇ်ကြီး'ဟာ ဝတ်လဲတော်တွေကို အမြန်ကောက်ဝတ်ပြီးမှ စီးတော်မြင်းပေါ်တက်လို့ ရွှေနန်းတော်ဘက်ထွက်သွားခဲ့တာ။ နန်းတော်ရှေ့ရောက်တော့ နန်းတော်စောင့်တွေက တံခါးဖွင့်ပေးပြီး သူ့နားကို မင်းချင်းတွေ ဝိုင်းလာကြတယ်။ သူ့မြင်းရဲ့ ဇက်ကြိုးကို ထိန်းပေးသူက ပေး။ သူ့ကို မြင်းပေါ်က ကူချပေးသူက ချ၊ သူ့ကို ဦးညွှတ်ဒူးထောက် အရိုအသေပေးတဲ့သူက ပေးနဲ့ ယောက်ယက်ခတ်ကုန်ကြတာပေါ့။

'နန်းတော်စောင့်တပ်မှူး' က တအံ့တဩနဲ့ ခုလို မေးလျှောက်တယ်။

''အရှင်ဘုရား အပြင်ကို ဘယ်အချိန်က ထွက်သွားတော်မူခဲ့သလဲဘုရား။ ကျွန်တော်မျိုး လုံးဝ မမြင်တွေ့လိုက်ရပါလား ဘုရား''

'ကေရာဇ်မင်း'ဟာ နန်းတော်ရဲ့ ညီလာခံ ခန်းမဆီကို တစ်လှမ်းချင်း ကြွတော်မူတယ်။ အရင်တစ်ခါလိုပဲ မှူးမတ်အစုံအလင်နဲ့ မင်းမိဖုရားတွေကိုပါ သူ မြင်ရပြန်တယ်။ သူ့ကိုယ်သူ 'ကေရာဇ်မင်းပါ' ဆိုပြီး ပလ္လင်ပေါ်မှာ အခန့်ထားထိုင်နေတဲ့ ပုဂ္ဂိုလ်ကလွဲလို့ ကျန်နန်းတွင်းသူ နန်းတွင်းသားအားလုံး 'ကေရာဇ်ကြီး'ဘက် မျက်နှာလှည့်ပြီး ထွက်ကြိုကြတယ်။

ထွက်ကြိုတဲ့သူတွေရဲ့နောက်ကထပ်ပြီး ဟိုပုဂ္ဂိုလ် လိုက်ပါလာတယ်။ သူဟာ မင်းဝတ်မင်းစားနဲ့မဟုတ်ဘဲ တောက်ပဖြူဖွေးတဲ့ဝတ်ရုံ ဆင်မြန်းထားတာကို 'ကေရာဇ်ကြီး' မြင်တွေ့ရတယ်။ သူ့ရှေ့ထွက်ပြီး 'ကေရာဇ်ကြီး' ရှေ့တော်မှောက်ရောက်လာတဲ့အခါမှာ 'ကေရာဇ်ကြီး'က ဒူးထောက်ဦးညွှတ်ပြီး အရိုအသေပေးတော်မူတယ်။ သူက 'ကေရာဇ်ကြီး'ကို အခုလို စပြောတယ်။

''ကျွန်ုပ်ဟာ သင့်ရဲ့ ကိုယ်စောင့်နတ်ပါပဲ၊ သင်ဟာ အလွန်မာနထောင်လွှားသူတစ်ဦးဖြစ်ခဲ့တယ်။ ကိုယ့်ကိုယ်ကို တုနိုင်းမရှိတဲ့ ပုဂ္ဂိုလ်မှတ်ပြီး သွေးနားထင်ရောက်ခဲ့တယ်။ ဒါကြောင့် သင့်မာနတွေကို လျှော့ကျအောင် ကျွန်ုပ် လုပ်ခဲ့ရတယ်။ တစ်ချိန်တည်းမှာပဲ သင့်ထီးနန်း



www.burmeseclassic.com

www.burmeseclassic.com

မယိုင်မလဲအောင် သင့်ကိုယ်စား ကျွန်ုပ်ကပဲ ထိန်းသိမ်းစီမံပေးခဲ့တယ်။ အခု သင် အမြင်မှန်ရပြီး ကိုယ့်ကိုယ်ကို နှိမ့်ချရမှန်းသိလာလို့ သင့်ထီးနန်းစည်းစိမ်ကို သင့်လက်ထဲ ပြန်အပ်လိုက်ပါပြီ။ ‘မိမိကိုယ်ကို မိမိ နှိမ့်ချခြင်း’ဆိုတဲ့ စိတ်ဓာတ်သည်သာလျှင် ထီးနန်းစိုးစံဖို့ အထိုက်တန်ဆုံး စိတ်ဓာတ်ပါ အသင် ‘ကေရာဇ်မင်း’ ”


ပြောပြောဆိုဆိုနဲ့ ‘ကိုယ်စောင့်နတ်’ ကွယ်ပျောက်သွားတယ်။ ‘ကိုယ်စောင့်နတ်’ရယ်၊ သူပြောဆိုခဲ့တဲ့ စကားသံတွေရယ်ကို ‘ကေရာဇ်မင်း’ကလွဲလို့ ဘယ်သူမှ ကြားခဲ့ရတာမဟုတ်ပါဘူး။ ‘ကေရာဇ်မင်း’ ဦးညွတ်ဒူးထောက်လုပ်နေတာကိုလည်း နန်းတွင်းသူ နန်းတွင်းသားတွေက သူတို့ကို အရိုအသေပေးနေတာလို့ ထင်မှတ်ကုန်ကြတယ်။

အဲဒီနေ့ကစပြီး ‘ကေရာဇ်ကြီး’ဟာ သူ့ရာဇပလ္လင်ပေါ် သူပြန်ထိုင်ပြီး သူ့မဟာနိုင်ငံတော်ကြီးကို ဉာဏ်အမြော်အမြင်ပြည့်ဝစွာ သမာသမတ်ကျစွာနဲ့ စီမံအုပ်ချုပ်သွားတယ်လို့ သိရတယ်။

**( Old Legends စာအုပ်မှ Horace H.Scudder ၏ အနောက်တိုင်းရှိုးရာပုံပြင် The Proud King )**

ပဲခူးမျိုးသွင်

❑



**မတူတဲ့အချက်၁၀ချက်ကိုရှာပါ**

ကလေးတို့ရေ

ဖော်ပြထားတဲ့ ပုံ ၂ ပုံကို သေသေချာချာမကြည့်ရင် တူတယ်လို့ ထင်ရပါတယ်။ အမှန်တော့ အဲဒီ ၂ပုံမှာ မတူတဲ့အချက် ၁၀ ချက်စီရှိနေပါတယ်။ ဘယ်ဟာတွေမတူကြသလဲဆိုတာ မျက်စိလျှင်လျှင်ထားပြီး ရှာကြည့်ကြပေါ့ကွယ်။ အဖြေကို စာမျက်နှာ ၁၆၀ မှာ ဖော်ပြပေးထားပါတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com




## မိုးဦးကျရာသီမှာ ဂရုပြုဆောင်ရွက်ရမည့်အချက်များ

သားတို့သမီးတို့ရေ

မိုးရာသီကိုရောက်လာကြတော့မယ့် အချိန်ကာလမှာ ကျန်းမာရေးအတွက် ဂရုစိုက်ရမယ့်အချက်အလက်တွေ ဆွေးနွေးချင်ပါတယ်။ ရာသီဥတုက စွတ်စိုလာတယ်၊ ပတ်ဝန်းကျင် စိမ်းစိုလာတဲ့အခါ ခြင်တွေပေါက်ပွားလာကြလေ့ရှိပြီး၊ ခြင်ကိုက်ခံကြရတဲ့အန္တရာယ်ရှိလာပါတယ်။ အသီးအနှံတွေ ပေါများကာ နာနတ်သီး၊ သရက်သီး စတဲ့ အမှည့်လွန် အမှိုက်သရိုက်တွေဟာ မသန့်ပြန့်တဲ့ ရေနှင့် ယင်ကောင်တွေကြောင့် အစာလမ်းကြောင်းရောဂါ၊ ဝမ်းလျှောဝမ်းပျက်ရောဂါတွေ ဖြစ်လာတတ်ကြပါတယ်။

အလားတူ မိုးရွာလိုက်၊ နေပူလိုက်၊ စိုစွတ်လိုက်၊ ခြောက်သွေ့လိုက်နဲ့ မမျှတတဲ့ ကာလတွေမှာ နှာစေး ချောင်းဆိုး၊ တုတ်ကွေးဆန်ဆန် ဖျားနာမှုတွေလည်း ဖြစ်လာလေ့ရှိတတ်ကြပါတယ်။

ခြင်ကိုက်ခံရရင် ကူးစက်နိုင်တဲ့ ရောဂါအချို့ကတော့ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ Clikungunya ခေါ် အဆစ်အမြစ်ကိုက်ခဲဖျားနာလေ့ ရှိတဲ့ ဗိုင်းရပ်ရောဂါ၊ ဆင်ခြေထောက်ခေါ် လင့်အကျိတ်ပိတ်ဆို့ရောဂါတွေနဲ့ မြန်မာပြည်မှာ ဖြစ်လေ့မရှိတဲ့ အာဖရိကတိုက်မှာသာ အဖြစ်များတဲ့ Yellow Fever ခေါ် အသားဝါအဖျားရောဂါတွေ ဖြစ်တတ်ကြပါတယ်။

ရောဂါဖြစ်စေတဲ့ ပိုးတွေကို သယ်ဆောင်ယူကာ ကိုက်တတ်တဲ့ ခြင်အမျိုးအစားတွေကလည်း ရောဂါတစ်မျိုးနှင့် တစ်မျိုး မတူကြပါဘူး။

ငှက်ဖျားရောဂါပိုးသယ်ဆောင်တဲ့ ခြင်က 'အနော်ဖလိ' ခြင်မျိုးစိတ် ဖြစ်ပါတယ်။

သွေးလွန်တုတ်ကွေး DHF ဖြစ်စေတဲ့ခြင်က 'အေးဒိစ်' ဖြစ်ပါတယ်။

Chikungunya ရောဂါဖြစ်စေတဲ့ ခြင်အမျိုးအစားကတော့ အေးဒီစ်၊ ကျူးလက်နှင့် မန်ဆိုးနီးယား ခြင်မျိုးစိတ်ပါ။

ဆင်ခြေထောက်လင့်အကျိတ် ရောဂါသယ်တဲ့ ခြင်ကတော့ ကျူးလက်၊ အနော်ဖလီးနှင့် မန်ဆိုနီးယား ခြင်မျိုးစိတ်တွေဖြစ်ပါတယ်။

အေးဒီစ်ခြင်ကပဲ အသားဝါအဖျား ဗိုင်းရပ်ရောဂါ Yellow Fever ရောဂါပိုးတွေ သယ်လေ့ရှိကြပါတယ်။

အမှိုက်အညစ်အကြေးများ၊ ယင်ကောင်၊ ရေမသန့်ပြန့်မှုများကနေ ဖြစ်ပွားတတ်တဲ့ ရောဂါတွေက ဝမ်းလျှောဝမ်းပျက်ရောဂါ၊ အစာမကြေ ရင်ပြည့်ရင်ကယ်



www.burmeseclassic.com

www.burmeseclassic.com

ရောဂါ၊ သံကောင်စွဲရောဂါ၊ ဝမ်းကိုက်ရောဂါအမျိုးမျိုး၊ အသဲရောင် အသားဝါ A, D, E ရောဂါတို့ ဖြစ်ကြပါတယ်။

ရာသီဥတုမမှန်တရင် တုတ်ကွေးဖျားနာ၊ နှာစေး ချောင်းဆိုးရောဂါတွေ၊ ကြက်ငှက်တုတ်ကွေး၊ ဝက်တုတ်ကွေးရောဂါတွေ ကူးစက်ပျံ့နှံ့လေ့ ရှိတတ်ကြပါတယ်။

အဲသည်ရောဂါတွေ ကူးစက်မှုမခံရအောင် ကာကွယ်နိုင်ရအောင် လုပ်ဆောင်သင့်တဲ့ အချက်လေးတွေ ဆွေးနွေးဖော်ပြပေးလိုက်ပါတယ်။

ခြင်ကြောင့် ရောဂါတွေ မဖြစ်ရအောင်၊ ခြင်ကိုက်မခံရအောင် ဂရုစိုက်ကြပါ။ ငှက်ဖျားခြင်တွေက ညမှာ ကိုက်တယ်။ ညပိုင်း စာကြည့်တဲ့အခါ၊ TV ဗွီဒီယိုကြည့်တဲ့အခါ၊ ခြင်မကိုက်အောင် ဘောင်းဘီရှည်၊ လုံခြည်တွေထူဝတ်ပါ။ ခြင်မကိုက်လိမ်းဆေးလိမ်း၊ ခြင်ပြေးတဲ့ ဆေးဖြန်း၊ ဆေးထွန်း၊ ခြင်းဆေးစိမ် ခြင်ထောင်တွေ သုံးကြပါ။

သွေးလွန်တုတ်ကွေး ဖြစ်စေတဲ့ခြင်က ခြင်ပုန်း ဖြစ်ပါတယ်။ နေ့အခါ ကိုက်တတ်တယ်။ မူကြို သားသား မီးမီးတို့ နေ့လည်အိပ်ရင် ခြင်ထောင်နှင့် သိပ်ပါ။

ခြင်မပေါက်ပွားစေဖို့ ရေစည်ရေအိုးတွေကို လုံလုံ ဖုံးအုပ်ထားပါ။ ရေကို သုံးရက်တစ်ကြိမ် လဲထည့်ပါ။

အိမ်ပတ်ဝန်းကျင် ရေစီးရေလာကောင်းအောင်၊ ရေမဝပ်ရအောင်၊ ရေဝပ်တဲ့ ခွက်စုတ်၊ တာယာစုတ်တွေ ရှင်းထားပါ။ လောက်လန်းများစစ်ထုတ်ပေးပါ။ ဘုရားသောက်တော်ရေ ပန်းအိုး၊ ကြောင်အိမ်အောက်ခံ ရေတွေကို မကြာမကြာ လဲပေးပါ။

စက်ဆီ၊ ရေနံဆီ၊ ဆီ၊ ဆား စတာတွေကို ကြောင်အိမ်အောက်ခံရေမှာ ထည့်နိုင်ပါတယ်။ ခြင်မပေါက်ပါ။ အိမ်တွင်း၊ အခန်းတွင်းအလင်းရောင်ရစေဖို့ ပြတင်းပေါက်တွေ ဖွင့်ထားပါ။ ခြင်ခိုအောင်းရာ နေရာများမှာ သန့်ရှင်းရေးဆောင်ရွက်ပါ။ ခြင်ဆေးဖြန်း၊ ခြင်ဆေးမှုတ်တာတွေ ဆောင်ရွက်ကြပါ။

ယင်ကောင် မပွားရရအောင် ယင်လုံအိမ်သာ သုံးစွဲပါ။ အမှိုက်များ စနစ်တကျ စွန့်ပစ်ပါ။ အစားအစာများ ချက်ပြုတ်လျှင်၊ စားသောက်မည်ဆိုလျှင် လက်ကို ဆပ်ပြာဖြင့် သန့်သန့် ဆေးကြောပြီးမှ ချက်ပြုတ်ပါ။ စားသောက်ပါ။ သန့်လေးသန့်စနစ်ကို သုံးစွဲပါ။

(က) လက်သန့်ရှင်းပါစေ၊ အိမ်သာတက်ပြီးတိုင်း လည်း လက်သန့်စင်ဆေးကြောပါ။

(ခ) အစားအစာများ သန့်ရှင်းစင်ကြယ်လတ်ဆတ်ပါစေ။

(ဂ) သောက်ရေသန့်သုံးစွဲပါ။

(ဃ) အိမ်သာ သန့်ရှင်းစင်ကြယ်ပါစေ၊ ယင်လုံအိမ်သာ သုံးစွဲပါ။

တုတ်ကွေးဖျားနာ၊ နှာစေးချောင်းဆိုး မကူးစက်ရလေအောင်

- တစ်ကိုယ်ရည်သန့်ရှင်းရေး ဂရုစိုက်ပါ။
- နှာချေ ချောင်းဆိုးပါက လက်ကိုင်ပုဝါ ဖုံးအုပ်သုံးစွဲပါ။
- မိမိလက်ကို ဆပ်ပြာဖြင့် စင်ကြယ်အောင် ဆေးကြောပါ။
- အာဟာရပြည့်ဝသည့် အစားအစာများ စားသောက်ပါ။
- ကိုယ်လက်လှုပ်ရှား (အားကစားတစ်မျိုးမျိုး) မှန်မှန်လုပ်ပါ။
- မိမိနေထိုင်ရာအိမ်၊ ကျောင်း၊ ရုံး၊ အလုပ်ရုံ ပတ်ဝန်းကျင် လေဝင်လေထွက်ကောင်းပါစေ၊ အလင်းရောင်ကောင်းပါစေ။
- လူစုလူဝေးနေရာ၊ ပွဲလမ်းကျင်းပရာနေရာနဲ့ ရုပ်ရှင်ရုံ ဗီဒီယိုရုံများသို့ သွားလာမှုကို ရှောင်ကြဉ်ပါ။
- ရောဂါ ကူးစက်ဖြစ်ပွားနိုင်သည်ဟု သံသယရှိပါက နှာခေါင်းစည်း (Masks) တပ်ဆင်ကာကွယ်ပါ။
- အရည်များများသောက်ပါ။

အထက်ပါအချက်အလက်များ အလေးဂရုပြုဆောင်ရွက်ကြမယ်ဆိုရင် ရောဂါအန္တရာယ်များက ကာကွယ် တားဆီးနိုင်ကြမှာဖြစ်ပါတယ်။

အားလုံးကျန်းမာကြပါစေ

**ဘဘဒေါက်တာရေချမ်း(Family)**

❑



www.burmeseclassic.com

www.burmeseclassic.com

## ဘာတွေမှားနေပါသလဲ

ကလေးတို့ရေ


ဖော်ပြပါပုံမှာ မှားယွင်းနေတဲ့အချက် ၁၀ ချက်ရှိနေပါတယ်။ ဘာတွေမှားယွင်းနေပါသလဲ။ အဖြေကို စာမျက်နှာ ၁၆၀ မှာ ဖော်ပြပေးထားပါတယ်။




## တူတဲ့ပုံနှစ်ခုကိုရွေးပေးပါ

ကလေးတို့ရေ

A, B, C, D ပုံ (၄)ခုဟာ သေသေချာချာမကြည့်ရင် တူတယ်လို့ ထင်ရပါတယ်။ အမှန်တော့ ပုံ(၄)ပုံမှာ တူတဲ့ပုံ (၂)ခုသာရှိပါတယ်။ ကျန်တာတွေက အနည်းငယ်စီ လွဲမှားနေကြပါတယ်။ တူတဲ့ပုံဟာ ဘယ်ပုံတွေပါလဲ။ အဖြေကို စာမျက်နှာ (၁၆၀) မှာ ဖော်ပြပေးထားပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

# ENGLISH SPEAKING FOR THE YOUNG

## လူငယ်များအတွက် အင်္ဂလိပ်စကားပြော

Uncle Nyein

ရန်ကုန်မြို့ကနေ တာမွေမြို့နယ် အထကကို ကျောင်းပြောင်းသွားခဲ့တဲ့ Ko Ko နဲ့ ကယားပြည်နယ် လွိုင်ကော်မြို့ကနေ တာမွေမြို့နယ် အထကကို ကျောင်းပြောင်းလာခဲ့ရတဲ့ Kyaw Kyaw တို့ ကျောင်းထမင်းစား အနားယူချိန်မှာ အပြန်အလှန်စကားပြောခန်းကို စာလုံးပေါင်းရော အသံထွက်ပါ တင်ဆက်လိုက်ပါတယ်။

**Kyaw Kyaw** မင်္ဂလာပါကိုကို။
Good afternoon, Ko Ko.
(ဂွတ်(ဒ်)အာဖတာနွန်း ကိုကို)

**Ko Ko** မင်္ဂလာပါကျော်ကျော်
Good afternoon, Kyaw Kyaw.
(ဂွတ်(ဒ်)အာဖတာနွန်း ကျော်ကျော်)

**Kyaw Kyaw** မင်းရဲ့အိမ်စာအုပ်ကို ဆရာမဆီတင်ပြီးပြီလား။
Have you put up your homework book to the teacher?
(ဟက်(ဗ်)ယူပွတ်(တ်)အပ်(ပ်) your homework book to the teacher?)

**Ko Ko** အေး၊ ငါတင်ပြီးပြီ။ မင်းရော
Yes, I have. How about you?
(ယက်(စ်)အိုင်ဟက်(ဗ်)၊ ဟောင်းအဘောက်(တ်)ယူ)

**Kyaw Kyaw** အေးကွ၊ ငါလဲတင်ပြီးပြီ။
Yes, I have, too.
(ယက်(စ်) အိုင်ဟက်(ဗ်)တူး)

**Ko Ko** မင်း စနေ တနင်္ဂနွေနေ့တွေကို အိမ်မှာ ဘယ်လိုအသုံးချတယ်ဆိုတာ ငါ မေးလို့ရမလား
Kyaw Kyaw .. May I ask you about how you spend a day at home on weekdays?
(ကျော်ကျော်၊ မေအိုင်အတ်(စ်ခ်)ယူ အဘောက်ဟောင်းယူ spend a day at home အက်(တ်) weekends? )

**Kyaw Kyaw** မင်းသိတဲ့အတိုင်းပဲ အဲဒီရက်တွေမှာ ငါ ကျောင်းသွားဖို့ မလိုဘူးလေ။ ဒီတော့ ငါ မနက် (၇)နာရီလောက်မှ အိပ်ရာက ထတယ်။
As you know, I don't have to go to school on those days. So, I get up from bed only about 7:00 0'clock in the morning.
(အက်(စ်)ယူနိုး၊ အိုင်ဒုန့်ဟက်(ဗ်)တူဂိုးတူစကူး(လ်) အွန်ဒိုး(စ်)ဒေး(စ်)၊ စိုးအိုင်အက်(တ်)အပ်(ပ်) ဖရွန်ဘက်(ဒ်)အုံးလီးအဘောက်ဆဲဗင်းအိုကလောက် အင်းဒမောနင်း)



www.burmeseclassic.com

www.burmeseclassic.com

**Ko Ko** ငါလဲ အဲဒီလိုပဲ။ မင်း ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ်သေးသလား
So do I. Do you take exercise for your health?
(စိုး ဒူးအိုင်၊ ဒူးယူတိတ်(ခ်) အိတ်(ခ်စ်စီ) ဆိုက်(စ်)ဖော် your heath )

**Kyaw Kyaw** အေး၊ ငါ ခြေလွတ်လက်လွတ် (ပစ္စည်းမပါ) အပေါ့စားလေ့ကျင့်ခန်းလုပ်တယ်
Yes, I do free-hand exercise.
(ယက်(စ်)အိုင်ဒူးဖရီးဟင်း(န်းဒ်) အိတ်(ခ်စ်စီ) ဆိုက်။)

**Ko Ko** မင်း ဘယ်လောက်ကြာကြာလုပ်သလဲ။
How long do you do ?
(ဟောင်းလောင်း ဒူးယူဒူး)

**Kyaw Kyaw** နာရီဝက်လုပ်တယ်ကွ၊
For half an hour
(ဖော် ဟတ်(ဖ်) an hour)

**Ko Ko** အဲဒီနောက်ကော ဘာလုပ်သလဲ
After that; what do you do?
(အာဖတာ ဒက်(ထ်)၊ ဝှပ်(တ်) ဒူးယူဒူး)

**Kyaw Kyaw** ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက် အနားယူလိုက်တယ်။
I take a rest for about ten to fifteen minutes.
(အိုင်တိတ်(ခ်) a rest ဖော်အဘောက် ten to fifteen မိနစ်(တ်စ်))

**Ko Ko** အဲဒီနောက်တော့ကော
Then?
(then ?)

**Kyaw Kyaw** အဲဒီနောက် ငါ မနက်စောစောစာ စားတယ်ကွာ။
I have my breakfast then
(အိုင်ဟက်(ဗ်)မိုင် ဘရိတ်(ခ်)ဖတ်(စ်တ်) then )

**Ko Ko** မနက်စောစော မင်း ဘာစားလေ့ရှိသလဲ။
What do you usually have for your breakfast?
(ဝှပ်(တ်)ဒူးယူ ယူရှဲလီး ဟက်(ဗ်) ဖော် your ဘရိတ်(ခ်)ဖတ်(စ်တ်))

**Kyaw Kyaw** အဲဒါကို ပုံသေမသတ်မှတ်ထားဘူးကွ။ ယေဘုယျအားဖြင့်တော့ မုန့်ဟင်းခါးနဲ့ ကော်ဖီစားကြသောက်ကြတယ်။
It's not frixed. We generally have 'mon-hin-gar' and coffee.
(အစ်(တ်စ်) နော့(တ်) ဖစ်(ခ်စ်ဒ်)၊ ဝီဂျင်နရယ်လီး ဟက်(ဗ်)မုန့်ဟင်းဂါး and coffee)

**Ko Ko** ငါ့မိသားစုနဲ့ ငါလည်း အဲဒီလိုပဲ စားကြတယ်ကွ။ တခါတလေ ပဲပြုတ်နဲ့ထမင်းစားတယ်။
So do my family and I. Sometimes we have steamed beans and rice.
(စိုးဒူးမိုင်ဖဲမလီး and I. Sometimes ဝီဟက်(ဗ်)စတင်း(မ်ဒ်) ဘင်း(န်စ်) and rice.)

**Kyaw Kyaw** မနက်စောစောစာစားပြီးတော့ရော မင်းဘာလုပ်သလဲ။
After breakfast, what do you do?
(အာဖတာ breakfast, ဝှပ်ဒူးယူဒူး)


www.burmeseclassic.com

www.burmeseclassic.com

**Ko Ko** — ငါ မနက် (၈)နာရီကနေ (၁၀)နာရီအထိ ကျောင်းစာတွေကြည့်တယ်။
I Study my school lessons from 8:00 to 10:00 in the morning.
(အိုင်စတယ်ဒီမိုင်စကူး လက်ဆင်(စ်) ဖရွန် အိတ်(တ်)တူ ten in the morning.)

*[ကျော်ကျော် အိပ်ရာဝင်တဲ့အချိန်အထိ တစ်နေ့တာလှုပ်ရှားမှုတွေကို နောက်လမှာ ဆက်လက်တင်ဆက်ပါမည်။]*

**NOTES မှတ်စုမှတ်ရာများ**

1. How about you? — မင်းကော ဘယ်လိုလဲ (စာအုပ်တင်ပြီးပြီလား)
2. Yes, I have, too. — အေး၊ ငါလည်းပဲ တင်ပြီးပြီ။ **လဲပဲ** လို့ အဓိပ္ပာယ်ပေါက်အောင် too ကို သုံးပုံနဲ့ အဲဒီ too ကို ထားသိုပုံ၊ **too** ရဲ့ရှေ့မှာ ' , ' ကော်မာထည့်ပေးရပုံတို့ကို သတိရပါ။
3. on weekdays — weekdays **အတွက် day** ကိုကြည့်ပြီး သူ့ရှေ့မှာ **on** သုံးပါ။
4. at weekends — weekends **အတွက် ends** ကိုကြည့်ပြီး သူ့ရှေ့မှာ **at** ကိုသုံးပါ။
5. take exercise for your health — သင့်ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ်သည်။ exercise (လေ့ကျင့်ခန်း)ကို take နဲ့တွဲသုံးပုံ သတိထားပါ။
6. what do you have for breakfast — မနက်စာစား ဘာစားသလဲ (breakfast/ lunch/dinner တို့ရဲ့ရှေ့လှမ်းလှမ်းမှာ **what** ပါလာရင် **for** ထည့်သုံးပါ။

*[ What ရဲ့နေရာမှာ what မဟုတ်ဘဲ when သို့မဟုတ် what time စတဲ့အချိန်ကို မေးမည့်စကားဖြစ်နေရင် breakfast ရဲ့ရှေ့မှာ for မလိုတော့ပါ။ ဥပမာ – what time do you have breakfast? (သင်ဘယ်အချိန် မနက်စာစားစား စားသလဲပေါ့ ]*


7. So do I — ငါလည်း အဲဒီလိုပဲ **လုပ်တယ်**
8. So am I — ငါလည်း အဲဒီလိုပဲ **ဖြစ်တယ်**

*do* နဲ့ *am* ကို *so* နဲ့ *I* နဲ့တွဲပြီး သုံးပုံသတိထားပါ။

***[Uncle Nyein]***

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၃]

**တတိယမြောက်စက်ဝိုင်းတွင် ကွက်လပ်နေရာ၌ လိုနေသောကိန်းကိုဖြည့်ပေးပါ။**




[အဖြေမှန်သူကို ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်၊ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတစ်အုပ်စီချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲအဖြေလွှာများကို **ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ် ၈(A)၊ အပေါ်ဆုံးထပ်၊ ၁၂၄လမ်း၊ သမြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့** သို့ပေးပို့၍ ၁–၇–၂၀၁၀ ရက်နေ့အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာမျက်နှာ (၁၅၈)တွင် ဖော်ပြပေးထားပါသည်။]

www.burmeseclassic.com

(ကလေးဝတ္ထုတို)

# အတွေ့အကြုံတစ်ခု

■ ရဲဘော်မြသိန်း(ဟိုပုန်း)

ကျွန်တော်၏အမည်သည် စိုင်းအာကာမင်းခန့် ဖြစ်ပါသည်။ ကျွန်တော်သည် တောင်ကြီးမြို့နယ် အေးသာယာမြို့သစ်တွင် နေထိုင်ပါသည်။

တစ်ခုသောနွေရာသီကျောင်းပိတ်ရက်တစ်ရက်တွင် ကျွန်တော်သည် ရွှေညောင်မြို့မှ ကလောမြို့နယ် မြင်းတိုက်အထိ မီးရထားဖြင့် ခရီးထွက်ခဲ့ပါသည်။ တကယ်တော့ မြင်းတိုက်ဘူတာအနီးနှင့် မနီးမဝေးရှိ မြင်းစိုင်းကုန်းကျေးရွာတွင် ကျွန်တော်၏ကြီးကြီး ခေါ်မြမြ အေးရှိပြီး ကြီးကြီးက ကျွန်တော့်ကို နွေရာသီကျောင်းပိတ်ရက်အတွင်း လာရောက်လည်ပတ်နေထိုင်ရန် ခေါ်ယူထားသောကြောင့် အခုလို ခရီးထွက်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်သည် မီးရထားမစီးဖူးသဖြင့် ယခု မီးရထားစီးရသည်ကို အလွန်ဝမ်းသာ ပျော်ရွှင်လျက်ရှိပါသည်။ မီးရထားသည် ကားကဲ့သို့မဟုတ်ဘဲ ဘီးများက သံလမ်းများပေါ်တွင် လိမ့်၍လိမ့်၍သွားနေသဖြင့် စီးရသည်မှာ ညင်သာချောမွေ့လှပါသည်။ တစ်နည်းအားဖြင့် ကားကဲ့သို့ ခုန်ခြင်း ဆောင့်ခြင်း မြောက်တက်ခြင်းမရှိဘဲ ငြိမ့်ငြိမ့်ညောင်းညောင်းနှင့် အလွန်စီးလို့ကောင်းပါသည်။ ဇိမ်ကျလှပါသည်။ စီးရသည်မှာ အရသာရှိလှပါဘိ။

"ဟေ့ . . လူလေး . . ပြူတင်းပေါက်အပြင်ဘက်ကိုချည်း ထွက်ကြည့်မနေနဲ့ . . အန္တရာယ်များတယ်"

ကျွန်တော်နှင့်အတူလိုက်ပါလာသည့် အဖိုးက ကျွန်တော့်ကို သတိပေးလိုက်ပါသည်။

"ဟာ . . ဖိုးဖိုးကလည်း . . ခေါင်းလေး နည်းနည်းလေးထွက်ကြည့်တာပါ။ လယ်ကွင်းတွေ၊ ငှက်တွေ၊ တောတောင်တွေ၊ ရေကန်ရေအိုင်တွေနဲ့ မိုးကောင်းကင်ပြာပြာကြီးတွေက ရှုခင်းရှုကွက်တွေ ကြည့်ကောင်းလို့ပါ"

ကျွန်တော်က ရှည်လျားပေများစွာဖြင့် ကြီးကြီးကျယ်ကျယ်ဆင်ခြေပေးလိုက်ပါသည်။ ကျွန်တော့်အပြောက ပန်းချီဆရာလေးသံလိုလို ကဗျာဆရာလေးသံလိုလို ဖြစ်ပါသည်။

"အေးပါ . . ကြည့်တာလည်း ကြည့်ပေါ့ . . အပြင်ဘက်မှာ တစ်ချိန်လုံး ခေါင်းပြူမထွက်ဖို့ ပြောတာပါ။ အပြင်ဘက်ကတစ်ခုခုနဲ့ ထိမိ တိုက်မိမှာစိုးလို့ပါ"

အဖိုးက ကျွန်တော့်ကို ထပ်ဆင့်သတိပေး ပြောဆိုလိုက်ပါသည်။

ကျွန်တော်သည် အဖိုးစကားကို မပစ်ပယ်သော်လည်း အလေးအနက်မထားခဲ့သည်မှာတော့ အမှန်ပင်ဖြစ်ပါသည်။ ဟုတ်ပါသည်။ ကြည့်ပါ။ အဖိုး၏အလစ်တွင် ကျွန်တော်သည် ပြူတင်းပေါက်ဘောင်တန်းအပေါ်မေးတင်ပြီး တစ်ချိန်လုံးနီးပါး မီးရထားအပြင်ဘက်သို့ ရောက်ရှိခဲ့သည်လေ။ ထိုအခါ ဦးခေါင်းအစိတ်အပိုင်းအချို့သည် အပြင်ဘက်သို့ ရောက်ရှိခဲ့သည်လေ။ မီးရထားမစီးဘူးသူတစ်ယောက်၏ မသိတတ်မှုတစ်ခုပေပဲလား။ သို့မဟုတ် အတွေ့အကြုံမရှိသူတစ်ယောက်၏ အားနည်းချက်တစ်ရပ်ပေပဲလား။

ဒီလိုနှင့် ကျွန်တော်တို့စီးလာသော မီးရထားသည် ဟဲဟိုးမြို့အစသို့ ရောက်ရှိလာပါသည်။ ဤနေရာတွင် ကျွန်တော်တစ်ခုပြောပြလိုပါသည်။ ကျွန်တော်တို့ မီးရထားကြီး ဘဝသံသရာတံတားကို ဖြတ်ကူးခြင်းအကြောင်း ဖြစ်ပါသည်။ ပထမတွင် မီးရထားသည် ဘဝသံသရာတံတားကြီး၏ အောက်ခြေတိုင်များမှ ဖြတ်သွားပြီး စက်ဝိုင်းပုံသဏ္ဌာန် ကွေ့ပတ်၍ တောင်ကို ဖြည်းဖြည်းချင်း တက်ပါသည်။ ဘဝသံသရာတံတားကို ကျွန်တော်တို့ မော့ကြည့်လို့ရပါသည်။ တံတားကြီးသည် ကျွန်တော်တို့ ဦးခေါင်းတည့်တည့်ပေါ်တွင် ရှိခဲ့ပါသည်။ ထိုမှ ခပ်ဝေးဝေး ခပ်လှမ်းလှမ်းမှ တရွေ့ရွေ့ကွေ့ပတ်ပြီးတက်ပါသည်။ စက်ဝိုင်းတစ်ပတ်ကျော်ကျော်လောက် ပတ်မိသည့်အခါ မီးရထားသည် ဘဝသံသရာတံတားကြီးပေါ်သို့ ရောက်ရှိပါသည်။ ဖြတ်သန်းခုတ်မောင်းပါသည်။ တံတား၏အော




www.burmeseclassic.com

www.burmeseclassic.com

# အတွေ့အကြုံတစ်ခု

ရဲဘော်မြသိန်း
(ပုံပြင်)



www.burmeseclassic.com

www.burmeseclassic.com

တွင် အစ ထပမ ကျွန်တော်တို့တက်လာခဲ့သော မီးရထား လမ်းကို နက်ရှိုင်းစွာ လှမ်းတွေ့ရပါသည်။ အသည်းထိတ်စရာ မြင်ကွင်းဖြစ်ပါသည်။

"စက်ဝိုင်းလို တစ်ပတ်လည်ပြီး ခုတ်မောင်းရလို့ နောက်ပြီး လူသတ္တဝါတွေရဲ့ ဘဝစက်ဝိုင်းမှာလည်း ဒီလိုပဲ သံသရာလည်နေကြလို့ ဘဝသံသရာတံတားလို့ ခေါ်ကြတာနဲ့တူတယ် လူလေးရဲ့"

အဖိုးက ကျွန်တော့်ကို ပြောလိုက်ပါသည်။ အဖိုးစကားကို ကျွန်တော် သေသေချာချာတော့ မသိပါ။ သို့သော် စက်ဝိုင်းပုံလမ်းက တံတားလို့ ကျွန်တော့်ဖာသာ ကျွန်တော် မှတ်သားထားလိုက်ပါသည်။

ဒီလိုနှင့် မီးရထားသည် ဟဲပိုးဘူတာရုံသို့ ရောက်ရှိပါသည်။ ထိုနေရာတွင် ခေတ္တရပ်ပြီး ဆက်မောင်းပါသည်။ လမ်းတစ်လျှောက်တွင် အဝေးကြီးမှ မြင်ကွင်းများကိုမြင်ရသလို အနီးလေးမှ မြင်ကွင်းများကိုလည်း မြင်ရပါသည်။ အနီးမြင်ကွင်းဆိုသည်မှာ မီးရထားပြူတင်းပေါက်နှင့် အလွန်နီးသော သဘာဝကျောက်နံရံများ၊ နေကြာပန်း၊ ဘောစကိုင်း၊ မန်ကျည်း၊ ဆီးပင်နှင့် အခြားသစ်ပင်သစ်ကိုင်းမျိုးစုံတို့၏ ပေါက်ရောက်နေမှုများဖြစ်ကြပါသည်။

"လူလေးနော် .. ပြူတင်းပေါက်နား သိပ်မထွက်ကြည့်နဲ့နော် .."

အဖိုးက ကျွန်တော့်ကို သတိပေးလိုက်ပြန်ပါသည်။

ကျွန်တော်ကလည်း ဝတ်ကျေတန်းကျေ ခေါင်းညိတ်ပြလိုက်ပါသည်။

"ဟေး .. ဟေး .. ဟေး .. ဝူး .. ဝူး .. ဝါး .. ဟား .. ဟား .. ဟား .."

ကျွန်တော်တို့ထိုင်ခုံနှင့် လေးခုံကျော်ကျော်လောက်တွင် ကလေးတစ်သိုက်တို့ ဆူညံအော်ဟစ်ပျော်မြူးနေကြပါသည်။ သူတို့သည် မီးရထားပြူတင်းပေါက်မှ နေကြာပန်းရိုင်းအချို့ကို လှမ်းလှမ်းခူးပြီး အော်ဟစ်ကြခြင်းဖြစ်ပါသည်။ သူတို့ ဘာမှမဖြစ်ကြပါ။ ဘာမှမဖြစ်သည့်အပြင် ပျော်ရွှင်စရာပင် ကောင်းနေကြပါသည်။ ကျွန်တော် သူတို့ကိုအားကျပြီး နေကြာပန်းများကို ခူးလိုက်မည်အပြု –

"ဟော့ .. လူလေး .. ဘာလုပ်တာလဲ .. ပြူတင်းပေါက်ကနေ ဘာဖြစ်လို့ လက်လှမ်းနေရတာလဲ"

အဖိုးက ကျွန်တော့်ကို ဟန့်တားလိုက်ပါသည်။

"ဟိုကလေးတွေလို .. နေကြာပန်းခူးချင်လို့"

ကျွန်တော်က ဆန္ဒကို ဖွင့်ပြောလိုက်ပါသည်။

"မခူးနဲ့ .. အန္တရာယ်များတယ်လို့ .. ငါပြောထားသားနဲ့"

အဖိုးက ငေါက်သံကလေးနှင့် ပြောလိုက်ပါသည်။ ကျွန်တော် ရထားပြူတင်းပေါက်ကို လက်မလှမ်းရဲတော့ပါ။ ကျွန်တော့်ခုံနေရာတွင် ကျွန်တော်ခပ်ကုပ်ကုပ်ကလေး ငြိမ်နေလိုက်ပါသည်။ အခု ကျွန်တော်တို့စီးလာသော မီးရထားသည် ရိတ်ခနဲ ရိတ်ခနဲ ခုတ်မောင်းပြေးလွှားနေရာ ဟဲပိုးလေယာဉ်ပျံကွင်းကို တစ်ချက် လှမ်းမြင်လိုက်ပါသည်။ လေယာဉ်ပျံနှစ်စီးရပ်ထားသည်ကို တွေ့ရပါသည်။

ဒီဇယ်မီးရထားကြီးသည် သံလမ်းများပေါ်တွင် ခုတ်မောင်းပြေးလွှားနေဆဲဖြစ်ပါသည်။ တောင်ပေါ်လမ်းများဖြစ်၍ အရှိန်လျှော့လိုက် အရှိန်မြင့်လိုက် တစ်လှည့်စီဖြစ်ပါသည်။ မီးရထားတွဲများအောက်က သံလမ်းအဆက်များနှင့် ဘီးများပွတ်တိုက်သံတို့သည် "ဂလုပ် .. ဂလုပ် ဂလုပ် .. ဂလုပ် .." နှင့် စည်းချက်ဝါးချက်ညီနေရာ နားထောင်၍ပင် ကောင်းလှပါသေးတော့သည်။

ထိုစဉ် ..

"အောင်မလေး .. လုပ်ကြပါဦး .. လုပ်ကြပါဦး၊ လုပ်ကြပါဦး .. ကျွန်မကလေးမျက်နှာ သွေးတွေနဲ့ သွေးတွေနဲ့ .. လုပ်ကြပါဦး .. လုပ်ကြပါဦး"

"အူး .. အူး .. အူး .. ဝါး .. ဝါး .. ဝါး .. ဝါး .. အူး .. အူး .. အူး .. အူး .."

"အောင်မလေး .. လုပ်ကြပါဦး .. သွေးတွေ၊ သွေးတွေ .. သွေးတွေ .."


"ဝါး .. ဝါး .. ဝါး .. အူး .. အူး .. အူး .. အူး .. ဝါး .. ဝါး .."

မီးရထားတစ်တွဲလုံး ထိတ်လန့်ချောက်ချားစရာ အသံဗလံများ ရုတ်ချည်းထွက်ပေါ်လာပါသည်။ အလန့်တကြားအော်ဟစ်သံနှင့် ရူးရူးဝါးဝါး ကလေးငိုသံများက ရောပြွမ်းဆူညံသွားပါသည်။ ထို့ပြင် တခြားသောလူများ၏ အံ့အားသင့်သံ၊ ဝေဖန်အော်ဟစ်သံ၊ အကြံဉာဏ်ပေးသံ၊ လာရောက်ကူညီကြသည့်အသံဗလံများလည်း ရောထွေးဆူညံသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ကျွန်တော်တို့ ထိုင်ခုံနှင့် လေးခုံကျော်ကျော်လောက်က ကလေးတစ်ယောက် မီးရထားပြူတင်းပေါက်အပြင်ဖက်က သစ်ကိုင်းတစ်ကိုင်းနှင့် ရိုက်ခတ် ထိမိုက်မိသွားခြင်းဖြစ်ပါသည်။ တိတိပပပြောရလျှင် အခက်များပါသော ဆီးပင်၏ဆီးကိုင်းနှင့် ကလေး၏မျက်နှာကို ထိမိုက် ရိုက်မိသွားခြင်းဖြစ်ပါသည်။

''အပြင်ထွက်မကြည့်ပါနဲ့ ပြောတာ မရဘူး .. သတိတစ်ချက်လွတ်သွားတာနဲ့ .. ထိမိုက်မိတာပဲ .. ဟီး .. ဟီး .. ဟီး .. ဟီး .. ဟီး .. ဟီး .. ဟီး ..''

အမေဖြစ်သူက ပြောလည်းပြော ငိုလည်း ငိုယိုနေပါသည်။ စိတ်ပျက်လက်ပျက်နှင့် ဘာလုပ်ရ ဘာကိုင်ရမှန်းလည်း အမေမျာ မသိရှာတော့ပါ။

''အီး .. ဟီး .. ဟီး .. ဟီး .. ဟီး .. ဟီး''

''အား .. အား .. အီး .. အီး .. ဟီး .. ဟီး''

ကလေးငိုသံနှင့် မိခင်ငိုသံတို့ ရောပြွမ်းနေပါသည်။ စိတ်မချမ်းမြေ့စရာမြင်ကွင်းနှင့် အသံဗလံများပေတကား။

''ကဲ .. ကဲ .. လောလောဆယ် .. ဒီလက်ကိုင်ပုဝါသန့်သန့်နဲ့ပဲ အုပ်ထားအုံး။ ရှေ့ အောင်ပန်းဘူတာကျရင်ဆင်းပြီး ဆေးရုံပို့မှ ဖြစ်မှာ ..''

လူကြီးတစ်ဦးက လာရောက် ကူညီပြောဆိုလိုက်ပါသည်။

''ဟုတ်တယ် .. အောင်ပန်းမှာ အရပ်ဖက်ဆေးရုံရော .. တပ်မတော် စစ်ဆေးရုံရောရှိတယ် .. နီးရာဆေးရုံ အမြန်ပို့မှ ဖြစ်မှာ ..''

နောက်ထပ်လူကြီးတစ်ဦးကလည်း ဝင်၍ ပြောဆိုလိုက်ပါသည်။

''ကူညီကြပါဦးရှင် ကျွန်မမှာ နို့စို့ကလေးက တစ်ဖက် ဒီကလေးတွေကတစ်ဖက်နဲ့ မနိုင်မနင်းဖြစ်နေလို့ ကျွန်မသားလေးမျက်လုံး မပြောကောင်း မဆိုကောင်း ပျက်စီးသွားရင် .. ဟီး .. ဟီး .. ဟီး .. ဟီး ..''

ကလေးအမေသည် အပူလုံးကြွပြီး ငိုယိုမြည်တမ်းနေပါသည်။ ဒုက္ခဆင်းရဲခြင်းတစ်မျိုးပါတည်း။

''အစ်မကြီး .. ဘာမှမစိုးရိမ်နဲ့ .. ဘူတာရုံကတာဝန်ရှိလူကြီးတွေက အကူအညီဆက်ပေးလိမ့်မယ်။ ဆေးရုံရောက်ဖို့က အဓိကပဲ။ ဟော့ .. ဟော့ .. ကလေးမင်း ၉ဆေရုံးရောက်ရင် မင်းဒဏ်ရာပျောက်သွားမှာ .. မငိုနဲ့ .. စိတ်တင်းထား .. မင်းက ငယ်ငယ်လေးနဲ့ သိပ်သတ္တိကောင်းတဲ့ ကောင်ပဲ''

အနီးပတ်ဝန်းကျင်ကလူများက ကလေးမိခင်နှင့် ကလေးတို့ကို တစ်ယောက်တစ်မျိုးစီး ဝိုင်းဝန်းအားပေးနှစ်သိမ့်ကြပါသည်။ သို့တစေ ကျွန်တော်အပါအဝင် အနီးအနားက လူအများကတော့ မျက်စိမျက်နှာများ မကောင်းကြပါချေ။

မကြာမီ မီးရထားသည် အောင်ပန်းဘူတာသို့ ဆိုက်ရောက်ပါသည်။ မျက်နှာတွင် သွေးချင်းချင်းနီရဲပေကျံနေသောကလေးလကို လူကြီးတချို့က ပွေ့ထုတ်ခေါ်ယူသွားကြပါသည်။ အမေဖြစ်သူက ပစ္စည်းတချို့ကို ကိုင်ဆွဲ၍လည်းကောင်း၊ နို့စို့ကလေးငယ်ကို ပွေ့ချီ၍လည်းကောင်း လိုက်ပါသွားပါသည်။ နောက်ပြီးတော့ လူမမယ်ကလေးများလည်း အမေနောက်က သုတ်သုတ်သုတ်သုတ်နှင့် ရောထွေးပါရှိသွားကြပါလေသည်။

''မီးရထားစီးရင် ဖြစ်တတ်လေ့ရှိတဲ့ အကြောင်းခြင်းရာအန္တရာယ်တစ်ခုပဲ .. ကိုယ်က အန္တရာယ်ကို ဖိတ်ခေါ်သလိုမျိုးမဖြစ်အောင် နေထိုင်ဆင်ခြင်ရမယ် .. ဒါမျိုးကို သတိနဲ့ ရှောင်ရှားရမယ်''

အဖိုးက တည်တည်ကြီးနှင့် ကျွန်တော့်ကို ရည်ညွှန်းပြောဆိုလိုက်မှန်း ကျွန်တော်သိပါသည်၊ ကောင်းပါသည်။

ကျွန်တော်သည် မြင်းတိုက်ဘူတာသို့ မီးရထားဆိုက်ရောက်သည့်တိုင်အောင်၊ မီးရထားပေါ်မှ ဆင်းခဲ့သည့်တိုင်အောင်၊ နောက်ပြီး ကြီးကြီးဖြူနေထိုင်ရာ မြင်းစိုင်းကုန်းကျေးရွာသို့ ရောက်ရှိသည့်တိုင်အောင် သွေးသံတရဲရဲနှင့် ကလေးတစ်ဦး၏မျက်နှာကို မြင်ယောင်နေတုန်းဖြစ်ပါသည်။ သနားစရာကောင်းလှပေစွ၊ စိတ်မချမ်းမြေ့စရာကောင်းလှပေစွ။

ကျွန်တော်တို့ မြေးအဖိုးနှစ်ယောက် ကြီးကြီးဖြူအိမ်သို့ရောက်သောအခါ မီးရထားပေါ်က ရင်တုန် စိတ်မချမ်းမြေ့စရာအဖြစ်အပျက်ကို အဖိုးက ခရီးရောက်မဆိုက်ပြောပြလိုက်ပါသည်။ ကြီးကြီးဖြူတို့မိသားစုက စိတ်မကောင်းခြင်းများစွာဖြင့် နားထောင်နေကြပါသည်။ ကျွန်တော်သည်လည်း မျက်လုံးကလေး ပေကလပ်ပေကလပ်နှင့် ငြိမ်နေလိုက်ပါသည်။

''အင်း .. လူလေးလည်း မှတ်သားအုံး .. မီးရထားပေါ်က ဖြစ်တတ်တဲ့ အန္တရာယ်တစ်ခုကို သတိနဲ့ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com

နေထိုင် ရှောင်ရှားရမယ်ဆိုတဲ့အကြောင်း၊ နောက်ပြီး ကြီးကြီးတို့ကျောင်းက ကျောင်းသူကျောင်းသားတွေကို လည်း ထပ်ဆင့်သတိပေးထားရဦးမယ်။ ကြီးကြီးတို့ ကျောင်းက ကလေးတွေက ကလောဘူတာတို့ ခွေးရုပ် ဘူတာတို့က ကျောင်းလာတက်တာများတယ်။ ဒီမှာက မီးရထားလမ်းကိုပဲ အသုံးများကြတယ်။ ကားလမ်းက အတော်လေးလှမ်းလို့ အသုံးနည်းတယ်''

ကြီးကြီးဖြူက ကျွန်တော့်ကို သွန်သင်ဆုံးမလိုက် သလို သူ့ကျောင်းက ကျောင်းသူကျောင်းသားများကို လည်း သည်သို့သည်နှယ် ဆုံးမသတိပေးမည့်အကြောင်း အမြော်အမြင်ကြီးစွာဖြင့် ပြောကြားလာပါသည်။ တကယ် တော့ ကြီးကြီးဖြူသည် အလယ်တန်းကျောင်းအုပ်ဆရာမ ကြီးတစ်ဦးဖြစ်ပါသည်။ တပည့်ကျောင်းသူ ကျောင်းသား များအပေါ် အချိန်မရွေး နေရာမရွေး ထာဝရထားရှိသော ဆရာမကြီးတစ်ဦး၏ စေတနာ မေတ္တာများပေတကား။

မည်သို့ဆိုစေ မီးရထားမစီးခဲ့ဘူးသော ကျွန်တော်၊ သို့သော် ယခု မီးရထားစီးဘူးပြီဖြစ်သော ကျွန်တော် သည် မီးရထားပေါ်က ရရှိခဲ့သော ခရီးသွားအတွေ့အကြုံ တစ်ခုကို ကျွန်တော်၏သူငယ်ချင်းများနှင့်တွေ့ဆုံလျှင် ပြန်ပြောသွားရဦးမည် ဖြစ်ပါသတည်း။

ရဲဘော်မြသိန်း(ဟိုပုန်း)

❑




## ဘာတွေယူဆောင်သွားသလဲ

လူငယ်ကလေးတစ်ယောက်ဟာ နွေရာသီအပန်းဖြေခရီးထွက်ဖို့ အိတ် တစ်လုံးနဲ့ခရီးထွက်ခဲ့ပါတယ်။ သူ့အိတ်ထဲ မှာ ဘာတွေထည့်ယူသွားသလဲဆိုတာ နံပါတ်ပါတဲ့အကွက်အလိုက် စာလုံးတွေကို ပြန်စဉ်ပေးပြီး ပစ္စည်း(၉)မျိုးကို ဖော်ပြ ပေးရမယ်။ ဘာပစ္စည်းတွေဖြစ်မလဲ။ အဖြေကို စာမျက်နှာ (၁၆၀)မှာ ဖော်ပြ ပေးထားပါတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com

[အင်္ဂလိပ်ရိုးရာပုံပြင်]

# အကားမဲ့တို့ ပျော်ကြံရာ..င်း






www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်အဖို့ တစ်ချိန်ထဲမှာ အသိဉာဏ်လည်း ထက်မြက်မယ်။ ရူးလည်း ရူးမိုက်မယ်ဆိုရင် ဖြစ်နိုင်ပါ့မလား။ ဒီမေးခွန်းအတွက် အဖြေက လွယ်လွယ်ကလေးပါ။ ဘယ်ဖြစ်နိုင်မလဲလို့ပဲ ဖြေကြမှာပေါ့။ လူအတော်များများအဖို့ တစ်ချိန်ချိန်မှာ အသိဉာဏ်ထက်မြက်ချင်ထက်မြက်မယ်။ တခြားအချိန်တစ်ချိန်ရောက်ပြန်တော့ ရူးမိုက်ချင် ရူးမိုက်ပါလိမ့်မယ်၊ ဒါက ဖြစ်တတ်တဲ့လူ့သဘော လူ့မနောပါလေ။ ဒါကြောင့်မို့ ခုနက အဖြေမှန်တယ်လို့ သာမန်အားဖြင့် ပြောနိုင်ပါတယ်။ ဒါပေမဲ့ အခုပြောမယ့် 'ဂေါ့သမ်ရွာ' (Village of Gotham) က လူတွေရဲ့အကြောင်းကို ဖတ်ကြည့်မယ်ဆိုရင် ဒီအဖြေမှန်သေးရဲ့လားဆိုတာ ရှင်းရှင်းသဘောပေါက်လာပါလိမ့်မယ်။

'ဂေါ့သမ်'ဆိုတာ 'အင်္ဂလန်ပြည်နယ်'ရဲ့ အလယ်ပိုင်းမှာရှိတဲ့ ရွာတစ်ရွာပါ။ 'နော့သင်းဟမ်း' (Nottingham) ဆိုတဲ့ မြို့ကကြီးအနားမှာရှိတဲ့ ရွာပဲဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀၀ ကျော်တုန်းက 'ဂျွန်' (John) လို့ခေါ်တဲ့ 'အင်္ဂလိပ်ဘုရင်' တစ်ပါး သူ့ တိုင်းခန်းလှည့်လည်ရင်းဝင်မယ်လို့ ရည်ရွယ်ထားတဲ့ ဒီရွာဆီ သူ့ 'မှူးမတ်' တစ်ဦး အဲဒီရွာကို စေလွှတ်ပြီး ရွာသူရွာသားတွေဟာ ဘယ်လိုလူစားမျိုးတွေလည်းဆိုတာ သေသေချာချာသိရအောင် စုံစမ်းခိုင်းဖူးပါတယ်။

အဲဒီ 'မှူးမတ်'ပြန်လာတော့ သူက 'ဂေါ့သမ်ရွာ' တစ်ရွာလုံး အရူးတွေချည်းပဲဖြစ်တယ်လို့ အစီရင်ခံသတဲ့။ အစီရင်ခံချက်အပြည့်အစုံကိုကြားပြီးတဲ့နောက် 'ဂျွန်ဘုရင်' ဟာ 'မှူးမတ်'ရဲ့အဆိုကို အပြည့်အဝ ထောက်ခံတော်မူတယ်။ အခုပြောမယ့်ပုံပြင်ကိုဖတ်ပြီးရင်လည်း စာဖတ်သူအနေနဲ့ သူတို့နှစ်ဦးလိုပဲ သဘောထားတူညီမယ်လို့ ယူဆရပါတယ်။

'နွေကြိုဥတု' Spring ရဲ့ သာယာတဲ့မနက်ခင်းတစ်ခုမှာ ခုနကပြောတဲ့ 'မှူးမတ်'ဟာ 'နော့သင်းဟမ်းမြို့တော်' ကနေ 'ဂေါ့သမ်ရွာ'ဘက်ကို မြင်းစီးထွက်လာပါတယ်။

တစ်အောင့်လောက်ကြာတော့ 'မှူးမတ်'ဟာ လမ်းပေါ်မှာ တစ်ယောက်တည်းတစ်တွတ်တွတ် စကားပြောနေတဲ့ လူတစ်ယောက်ကို တွေ့ရတယ်။ သူပြောတာကို နားထောင်ကြည့်တဲ့အခါ –

''ကိုးရာကိုးဆယ့်ရှစ်၊ ကိုးရာကိုးဆယ့်ကိုး၊ တစ်ထောင်၊ တစ်ထောင့်တစ် ..''

''ဟေ့လူ ဘာလုပ်နေတာတုန်း၊ ဘာပြုလို့ ဂဏန်းတွေ ရေတွက်နေရတာတုန်း''

''ဩော် .. ကျွန်တော်မျိုးက အချိန်သိချင်လို့ ဂဏန်းတွေ ရေတွက်နေတာပါဘုရား''

''ဟုတ်လား၊ ဒါဆို အခု ဘယ်အချိန်ရှိနေပြီလဲ''

''ကျွန်တော်မျိုး 'ဂေါ့သမ်ရွာ'က ထွက်လာတုန်းက နာရီသံချောင်း (၁၂)ချက်ထိုးတာကြားရလို့ (၁၂)နာရီဆိုတာ သိခဲ့ရပါတယ်ဘုရား၊ အဲဒီအချိန်ကစလို့ ကျွန်တော်မျိုးဟာ ၁၊ ၂၊ ၃ ဆိုပြီး ရေတွက်ပါတော့တယ်။ အခုအချိန်အထိ နာရီသံချောင်း ဆက်ထိုးနေမယ်ဆိုရင် အချက်ပေါင်း တစ်ထောင်နဲ့ တစ်ဆယ့်သုံးချက်ထိုးပြီပါလိမ့်မယ်''

'မှူးမတ်'က စိတ်မကောင်းဖြစ်သွားလို့ ခေါင်းတစ်ချက်ရမ်းလိုက်တယ်။

''လူထူးလူဆန်းပါလား ဟရို့၊ ဒီလူဟာ ပေါတောတောဖြစ်ချင်ဖြစ်မယ်၊ သွက်သွက်ခါအောင် ရူးနေတာလည်း ဖြစ်ချင်ဖြစ်မယ်''

'မှူးမတ်'ဟာ ရွာဘက် ဆက်ထွက်လာတယ်။ လယ်ကွင်းဘေးက သစ်ပင်တွေ အုပ်အုပ်ရှိတဲ့ တစ်နေရာကို ရောက်လာတဲ့အခါမှာ လူလေးငါးယောက်ဟာ သူတို့ခြေထောက်တွေကို ရေယှက်ပြီး လဲလျောင်းနေကြတာကို တွေ့ရတယ်၊ မနက်စောစောစီးစီး အလုပ်နားချိန် မဟုတ်ပါဘဲနဲ့ ဒီလူတွေလဲလျောင်းနေကြတာကိုမြင်ရတော့ 'မှူးမတ်' အတော်ကလေး အံ့ဩသွားလို့ ခုလို မေးကြည့်တယ်။

''ဟေ့လူတွေ၊ စောစောစီးစီး နားနေကြတယ်ပေါ့လေ၊ အလုပ်မလုပ်ကြဘူးလား''

''ကျွန်တော်မျိုးတို့က ဒီသစ်ပင်တွေအောက်မှာ မိုးခိုရအောင် ရောက်လာကြတာပါဘုရား''လို့ တစ်ယောက်က ဖြေတယ်။

''နို့၊ အခု မိုးမှမရွာတာ၊ ကောင်းကင်ကို မော့ကြည့်ကြစမ်း၊ တိမ်တစ်ဆုပ်တလေတောင် မတွေ့ရဘူး''

''ကျွန်တော်မျိုးတို့ ဒါကို သိပါတယ်ဘုရား''


''သိရင် ဘာပြုလို့ ထပြီးအလုပ်မလုပ်ကြတာတုန်း''

''လုပ်ချင်ပါတယ်ဘုရား၊ နို့ပေမယ့် ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

တွေ ရောထွေးနေတော့ ဘယ်ဟာ ကိုယ့်ခြေထောက်မှန်း မသိကြလို့ပါ ဘုရား''

''ဩော် . . ဒီလိုကိုး၊ ဒါ လွယ်ပါတယ်လေ၊ မင်းတို့ကိစ္စ ပြေလည်သွားအောင် ငါလုပ်ပေးနိုင်မယ်ဆိုရင် မင်းတို့ ငါ့ကို ပိုက်ဆံ ဘယ်လောက်ပေးကြမှာတုန်း''

''ကျွန်တော်မျိုးတို့ ငွေဒင်္ဂါးတစ်သျှိုလင် ကိုယ်တော့်ကို ပေးပါမယ်ဘုရား''

'မှူးမတ်'ဟာ မြင်းပေါ်ကဆင်းပြီး သစ်ကိုင်းတစ်ကိုင်း ချိုးယူတယ်။ ပြီးတော့ အဲဒီသစ်ကိုင်းနဲ့ ထပ်နေကြတဲ့ ခြေထောက်တွေကို တစ်အားလွှဲရိုက်ပစ်တယ်။ ခြေထောက်တွေ နာကုန်ကြတာမို့ ရွာသားတွေက သူတို့ခြေထောက်တွေကို အမြန်ဆွဲတင်ပြီး မတ်တတ်ထရပ်ကြတယ်။

''ကျွန်တော်မျိုးတို့ကို ဘာပြုလို့ ရိုက်ရတာလဲ ဘုရား''

''မင်းတို့ခြေထောက်တွေကို မင်းတို့ ပြန်ရှာတွေ့အောင် ကူညီနိုင်ဖို့က ဒီတစ်လမ်းတည်းပဲ ရှိလို့ပါ''

ရွာသားတွေလည်း မှူးမတ်ရဲ့အဖြေကိုလက်ခံပြီး သူ့ကို ငွေဒင်္ဂါး တစ်သျှိုလင်ပေးလိုက်ရတယ်။

'မှူးမတ်'က ဟက်ဟက်ပက်ပက်ရယ်မောပြီး မြင်းပေါ်ပြန်တက်တယ်။

''ဘယ်လိုကောင်တွေနဲ့ လာတိုးနေသလဲ မသိဘူး။ 'ဂေါ့သမ်' တစ်ရွာလုံး ဒီပုတ်ထဲက ဒီပဲတွေချည်းပဲ ထင်ပါရဲ့''

'မှူးမတ်' ခရီးဆက်ထွက်လာရင်း တောင်ကုန်းတစ်ကုန်းပေါ်အထက်မှာ နားရွက်ကားကား မုတ်ဆိတ်ရှည်ရှည်နဲ့ အဘိုးအိုတစ်ယောက် တွေ့ရတယ်၊ သူ့ဦးခေါင်းပေါ်မှာ ပိတ်ဦးထုပ်တစ်လုံး ဆောင်းထားသလို သူ့ကျောပေါ်လည်း လွယ်အိတ်ကြီးတစ်လုံး လွယ်ထားတာတွေ့ရတယ်။

အဘိုးအိုအနား ချဉ်းကပ်မိတဲ့အခါ အဘိုးအိုက သူ့အိတ်ထဲက ဒိန်ခဲပြားကြီးတစ်ချပ်ကို နှိုက်ယူပြီး တောင်ကုန်းအောက် လှိမ့်ချနေတာ တွေ့ရတယ်။ အဲဒီနောက် သူ့အိတ်ထဲကနေ ဒိန်ခဲတွေ တစ်ပြားပြီးတစ်ပြား ထုတ်ယူလှိမ့်ချနေတာ ဆက်တွေ့ရလို့ –

''ဘာလုပ်နေတာတုန်း အဘရဲ့''

''မင်းနဲ့ စကားပြောဖို့ အချိန်မရှိဘူးဟေ့၊ ငါ့ဒိန်ခဲပြားတွေဦးအောင် 'နော့သင်းဟမ်း' အရောက်သွားဖို့က ပိုပြီး အရေးကြီးတယ်။ ဒီဟာတွေကို ဈေးမှာရောင်းဖို့လေ''

''တော်တော့ အဘ၊ အဘဒိန်ခဲတွေက သူတို့ဘာသာသူတို့ ဈေးထဲရောက်အောင် သွားတတ်မှာ မဟုတ်ဘူး''

''မင်းမှားနေပြီ ကိုယ့်လူရေ၊ မင်းထက်ငါ ပိုသိတယ်။ ငါ ဒီအိတ်ကြီးသယ်လာတုန်းက ငါ့အိတ်ထဲက ဒိန်ခဲတစ်ပြား အပြင်ထွက်ပြီး တောင်အောက်ကို လိမ့်ဆင်းသွားတယ်။ ဒီတော့ ငါက မင်းကိုယ့်ဘာသာ ကိုယ်ဈေးရောက်အောင် သွားမလို့လားလို့ မေးတဲ့အခါ သူက မဖြေပဲ ဆက်သွားနေလို့ ငါက ဒီလိုဆို မင်းရဲ့အပေါင်းအဖော်တွေကိုလည်း တစ်ယောက်ပြီးတစ်ယောက် မင်းနဲ့အတူ လိုက်ခိုင်းမယ်ဟေ့လို့ပြောပြီး ကျန်တဲ့ကောင်တွေကိုပါ လှိမ့်ချပစ်တာပေါ့။ အမယ်လေးလေး ခုမှပဲ ဝန်ပေါ့သွားတော့တယ်။ ကိုင်းကွာ မင်းနဲ့စကားပြောဖို့ အချိန် သိပ်မရှိဘူး။ ငါ တောင်အောက်ကို အမြန်ရောက်မှ ဖြစ်မယ်''

''ဘုရား . . ဘုရား . . ရူးပါပေ့ . . သွပ်ပါပေ့''

'မှူးမတ်' တောင်အောက်ကိုရောက်တဲ့အခါ ချောင်းတစ်ခုကို တွေ့ရတယ်။ ချောင်းပေါ်မှာ တံတားတစ်စင်း ထိုးထားတယ်။ အဲဒီတံတားပေါ်ကနေဖြတ်ပြီး သူ တစ်ဖက်ကမ်း ကူးသွားတယ်။

တစ်ဘက်ကမ်းမှာ လူတစ်စု တန်းစီရပ်နေကြတာကို တွေ့ရတယ်၊ သူတို့ရှေ့မှာ သူတို့ဘက်လှည့်ပြီး လူတစ်ယောက်ရပ်နေတာကို တွေ့ရတယ်။ သူတို့ခေါင်းဆောင်ထင်ပါရဲ့။ သူ့လက်ထဲမှာ တုတ်တစ်ချောင်းကိုင်ထားလို့။ သူက သူ့တုတ်နဲ့ သူ့လူတွေကို တစ်ယောက်စီညွှန်ရင်း ''တစ်၊ နှစ်၊ သုံး၊ လေး''ဆိုပြီး ရေတွက်နေတာကို တွေ့ရတယ်၊ တစ်ခေါက်နဲ့ မကျေနပ်နိုင်လို့ သုံးခေါက်ပြန်ပြီး ရေတွက်နေတယ်။ တစ်ခေါက်ပြီးတိုင်း ဦးခေါင်းတစ်ခါခါ လုပ်နေတယ်။

''ဒီမှာ ကိုယ့်လူ၊ အခက်တွေ့နေတယ် ထင်ပါရဲ့။ ကျုပ် ဘာကူလုပ်ပေးရမလဲ၊ ဆိုစမ်းပါဦး''

''မှန်ပါ၊ ကျွန်တော်မျိုးတို့ အခက်အခဲကြုံနေရပါတယ် ဘုရား။ ကျွန်တော်မျိုးတို့ ဒီမနက် ငါးမျှားဖို့ ထွက်လာကြတော့ အားလုံးပေါင်း လူတစ်ဆယ့်နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါတယ် ဘုရား။ အခု ရေတွက်ကြည့်တော့ လူတစ်ဆယ့်တစ်ယောက်ပဲ ရေလို့ရတယ်။ ကျွန်တော်မျိုး သိသလောက်၊ တစ်ယောက်မှ ရေထဲကျမသွားပါဘူး။ ဒါနဲ့တောင် လူတစ်ဆယ့်တစ်ယောက်ပဲ ရေတွက်လို့ရတယ် ဘုရား''

'မှူးမတ်'က တန်းစီနေတဲ့လူတွေကို အရင်ရေတွက်ကြည့်တယ်။ ပြီးမှ သူတို့ရှေ့က ခေါင်းဆောင်ကို ပေါင်းထည့်တယ်။ အားလုံးပေါင်း တစ်ဆယ့်နှစ်ယောက်ဆိုတာကို တွေ့ရတယ်။

''မင့်လူတွေကို တစ်ခါပြန်ရေတွက်ကြည့်ပါဦး''

ခေါင်းဆောင်က ပြန်ရေတွက်တယ်။ သူကိုယ်သူ ထည့်မပေါင်းလို့ စောစောတုန်းကလို တစ်ဆယ့်တစ်ယောက်လို့ပဲ အဖြေထွက်နေပြန်တယ်။

''ဒီလိုလုပ်ကွာ၊ မင်းလူတန်းထဲဝင်နေရာယူ၊ အထဲက တစ်ယောက်တစ်လှည့်စီ ထွက်ပြီး ပြန်ရေတွက်ကြည့်၊ အဖြေပေါ်လာပါလိမ့်မယ်''

'မှူးမတ်'ခိုင်းတဲ့အတိုင်း သူတို့ တစ်ယောက်တစ်လှည့်စီ ရှေ့ထွက်ပြီး ရေတွက်ကြတယ်။ ''အားလုံးပေါင်း လူတစ်ဆယ့်တစ်ယောက်ရှိတယ်''ဆိုတဲ့ အဖြေတစ်မျိုးပဲ ပေးကြတယ်။ အဲဒီအခါမှာ ခေါင်းဆောင်က–

''တွေ့ပြီလားဘုရား၊ ဘယ်လိုရေတွက် ရေတွက် လူတစ်ဆယ့်တစ်ယောက်ပဲ ရတယ်။ ဒီတော့ လူတစ်ယောက်ပျောက်နေတာ သေချာနေပါပြီဘုရား''

''ဒီလိုဆို ပျောက်နေတဲ့လူတစ်ယောက်ကို ငါတွေ့အောင်ရှာပေးနိုင်မယ်ဆိုရင် မင်းတို့ ငါ့ကို ပိုက်ဆံဘယ်လောက် ပေးကြမှာလဲ''

''ငွေဒင်္ဂါးငါးသျှီလင်ကို ဝမ်းမြောက်ဝမ်းသာစွာနဲ့ ပေးမှာပေါ့ဘုရား''လို့ ခေါင်းဆောင်က ခပ်သွက်သွက် ပြန်ဖြေတယ်။

'မှူးမတ်'က ခေါင်းဆောင်ရဲ့လက်ထဲက တုတ်ချောင်းကိုဆွဲယူပြီး တန်းစီနေတဲ့လူတွေကို 'တစ်'ကနေ 'တစ်ဆယ့်တစ်'အထိ နှုတ်ကနေရေတွက်ရင်း သူတို့ကျောတွေကို ခပ်ဆတ်ဆတ်တစ်ချက်စီရိုက်တယ်။ နောက်ဆုံးမှာတော့ ခေါင်းဆောင်လုပ်သူရဲ့ကျောကို ခပ်ပြင်းပြင်း တစ်ချက်ရိုက်ပြီး နှုတ်ကလည်း –

''မင်းကတော့ တစ်ဆယ့်နှစ်ယောက်မြောက်ပဲ ဟေ့'' လို့ ပြောလိုက်တယ်။ ဒီအခါမှာ ခေါင်းဆောင်က–

''အမလေးလေး၊ ခုမှပဲ ရင်ပေါ့သွားတယ်။ ဒါဆိုရင် လူတစ်ယောက်မှ မပျောက်တော့ဘူးပေါ့ဘုရား''လို့ ပြောပြီး 'မှူးမတ်'လက်ထဲ ငွေဒင်္ဂါး ငါးသျှီလင်ထည့်ပေးလိုက်တယ်။

အဲဒီနောက် 'မှူးမတ်' ရွာထဲရောက်သွားတယ်။ ရွာထိပ်က တောင်ကုန်းတစ်ကုန်းဘေးမှာ အမိုးပြားနဲ့ အိမ်ကလေးတစ်အိမ်တွေ့ရတယ်။ တောင်ကုန်းနဲ့ အိမ်ခေါင်မိုးကို ဆက်သွယ်ဖို့ ပျဉ်ပြားကြီးကြီးတစ်ချပ် တင်ထားတယ်။

ရွာထဲက အိမ်အများစုရဲ့ ခေါင်မိုးတွေကို အုတ်ခဲတွေ ကျောက်တုံးတွေနဲ့ တည်ဆောက်ထားပေမယ့် ဒီအိမ်ရဲ့ခေါင်မိုးကို သစ်သားတန်းတွေနဲ့ တည်ဆောက်ထားတယ်။ အပေါ်မှာ ရွှံ့ရယ်၊ ထုံးရယ်၊ သဲရယ် ရောနယ်ထားတဲ့ သရွတ်မျိုးနဲ့ မံထားတာကို တွေ့ရတယ်။ ဒါကြောင့်မို့ ခေါင်မိုးပေါ်မှာ မြက်တွေပေါက်နေတယ်။

'မှူးမတ်'အိမ်နားကပ်ကြည့်တဲ့အခါ အိမ်ပိုင်ရှင်ဖြစ်ပုံရတဲ့ လယ်သမားတစ်ဦးဟာ တောင်ကုန်းပေါ်မှာ ရပ်နေတဲ့ သူ့နွားကို ပျဉ်ပြားပေါ်အတင်းတက်ခိုင်းပြီး ခေါင်မိုးပေါ်က မြက်တွေသွားစားဖို့ နောက်ကနေ တွန်းထိုးနေတာ မြင်ရတယ်။

''ဟေ့လူ . . ဘာလုပ်နေတာတုန်း''

''အိမ်ခေါင်မိုးပေါ်က မြက်တွေစားဖို့ ကျွန်တော်မျိုးရဲ့နွားကို သွားခိုင်းတာကို မသွားဘူးလုပ်နေလို့ အခက်ကြုံနေရပါတယ်ဘုရား''

''မောင်မင်းရဲ့နွားကို မြက်တွေဆီသွားခိုင်းလို့ မရရင် အိမ်ခေါင်မိုးပေါ်က မြက်တွေကို နွားဆီသွားခိုင်းပါလား''

''အဲဒီလိုခိုင်းလို့ မဖြစ်နိုင်ပါဘူး ဘုရား''

''ခိုင်းလို့ရအောင် လုပ်ပေးနိုင်ရင် မောင်မင်း ငါ့ကို ပိုက်ဆံဘယ်လောက်ပေးမလဲ''

''ကျွန်တော်မျိုးက ဆင်းရဲတဲ့ လယ်သမားတစ်ယောက်မို့ ကိုယ်တော့်ကို ကြေးနီဒင်္ဂါးတစ်ပဲနိပ်ပဲ ပေးနိုင်မှာပါ ဘုရား''

'မှူးမတ်'က ချက်ချင်း ခေါင်မိုးပေါ်တက်၊ မြက်တွေနုတ်ပြီး နွားရှေ့ကို ပစ်ပေးလိုက်တယ်။

''ကျေးဇူးတင်ပါတယ်ဘုရား။ ဒီလိုလုပ်လို့ရမှန်း ကျွန်တော်မျိုး တစ်ခါမှ မစဉ်းစားမိပါဘူးဘုရား''



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တော်ဟာ အလွန် ဉာဏ်ကောင်းသူပါပဲဘုရား''လို့ ပြောပြီး ကြေးဒင်္ဂါးပဲနီတစ်ပြား ဆက်သတယ်။

'မှူးမတ်'က တစ်အားရယ်မောပြီး 'နေ့သင်ဟမ်း မြို့'ဆီ ပြန်သွားတော့တယ်။

'နေ့သင်းဟမ်းမြို့' ရောက်ရောက်ချင်း 'ရှင်ဘုရင်' ရှေ့တော်မှောက် အခစားဝင်တယ်။ ပုံပြင်အစပိုင်းမှာ ပါရှိသလို 'ရှင်ဘုရင်'ဟာ 'ဂေါ့သမ်ရွာသူရွာသားတွေ' အားလုံး အရူးတွေချည်းပဲလို့ မှတ်ယူတော်မူပြီး သူ အဲဒီရွာဘက်ကို တိုင်းခန်းလှည့်မဝင်တော့ဘူးလို့ ဆုံးဖြတ်ချက်ချတော်မူတာပေါ့။

'ဂေါ့သမ်ရွာ'နဲ့ ပတ်သက်လို့ 'မှူးမတ်'ရဲ့အစီရင်ခံ ချက်ဟာ မှန်သင့်သလောက် မှန်ပါတယ်။ သို့ပေမယ့် ပိုပြီးမှန်ကန်တဲ့ အစီရင်ခံချက်တစ်ခုကိုတော့ သူ လျှောက်တင်ဖို့ ကွင်းကျန်ခဲ့တယ်။ ကွင်းကျန်တယ်ဆိုတာ မေ့ကျန်တာကိုပြောတာမဟုတ်ဘူး။ အဲဒီအကြောင်းကို 'မှူးမတ်'သိကိုမသိလို့ပါ။

ဒီလိုပါ။ ဟိုတလောက သူတို့ရွာကို 'ရှင်ဘုရင်' တိုင်းခန်းလှည့်ရင်း ဝင်လာမယ်လို့ ရွာသားတွေကြား ရတော့ ရွာသားတွေစိတ်ပူပြီး အရေးပေါ်အစည်းအဝေး ခေါ်တယ်။ သူတို့စိတ်ပူတဲ့အကြောင်းက သူတို့ရွာဟာ သိပ်ဆင်းရဲတာမို့ ရှင်ဘုရင်နဲ့ သူ့နောက်တော်ပါတွေ ရောက်လာရင် သူတို့ကောင်းကောင်းမွန်မွန် ကျွေးမွေး ပြုစုမှုမလုပ်နိုင်တာကိုပါ။ ဒါတင်မက ဘယ်တုန်းကမှ အခွန်တော်မကောက်ဖူးတဲ့ သူတို့ရွာကို ရှင်ဘုရင်ရောက် လာပြီးမှ အခွန်တော်တွေ အများကြီးကောက်ခိုင်းမှာ စိုးလို့ပါ။ 'ရှင်ဘုရင်' မလာခင် သူ့ 'မှူးမတ်'တစ်ဦးဦးကို ရွာအခြေအနေ ကြိုတင်လေ့လာဖို့ စေလွှတ်လိမ့်မယ်လို့ သူတို့တွက်ထားတယ်။ ဒါကြောင့် အဲဒီ 'မှူးမတ်' ရောက်လာရင် တစ်ရွာလုံး ရူးချင်ယောင်ဆောင်ကြမယ် ဆိုပြီး ကြိုတင်ဇာတ်တိုက် လေ့ကျင့်ထားကြတယ်လေ။ ဒါကို မှူးမတ် ဘယ်သိပါ့မလဲ။


( **English by Stage (Reading Book II)** စာအုပ်မှ အင်္ဂလိပ်ရိုးရာပုံပြင် **The Wise Fools** )

**မျိုးဟံသာ**

□

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၅]

**အောက်ဖော်ပြပါ ပုံ ၅ ပုံတွင် ပုံဒီဇိုင်းမဟုတ်ဘဲ ထူးခြားစွာကွဲလွဲနေသည့် ပုံတစ်ပုံ (odd-man-out) ကို ရွေးထုတ်ပေးပါ။**



1 2 3 4 5

[အဖြေမှန်သူကို ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခိုင်းရုပ်စုံမဂ္ဂဇင်းတစ်အုပ်စီချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံ ဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲအဖြေလွှာများကို **ရတနာပန်းခိုင်ရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ် ၈၀(A) အပေါ်ဆုံးထပ်၊ ၁၂၄လမ်း၊ သခြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့** သို့ လိပ်မူ၍ ၁–၇–၂၀၁၀ ရက်နေ့အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာမျက်နှာ (၁၅၉)တွင် ဖော်ပြပေးထားပါသည်။]

www.burmeseclassic.com

www.burmeseclassic.com

# ကလေးဟာသများ

## ထည့်မတွက်နဲ့

**လူကြီး** – "ဖိုးရွှေ • • မင်းတို့အတန်းမှာ စာတော်တဲ့ ကျောင်းသား ဘယ်နှယောက်ရှိသလဲ"

**ဖိုးရွှေ** – "ကျွန်တော့်ကို ထည့်မတွက်ရင် သုံးယောက်"

**လူကြီး** – "ကျွန်တော့်ကိုထည့်မတွက်ရင်လို့ ဘာလို့ ပြောရတာလဲ"

**ဖိုးရွှေ** – "ကျွန်တော်မှ စာမတော်တဲ"

စန္ဒာဝင်း(ကော့ကရိတ်)

□

## ပန်းချီဆရာကြီး

အတန်းထဲတွင်ဖြစ်သည်။

ဗိတာက သူ့ဘေးတွင်ထိုင်နေသော သူငယ် ချင်းကိုပြောသည်။

**ဗိတာ** – "မင်းဆွဲတဲ့ပန်းချီကားဟာ သိပ်အသက် ပါတာပဲ။ ကြည့်ရင်း ကြည့်ရင်းနဲ့ သွားရည်တောင် ယိုချင်လာပြီ"

**သူငယ်ချင်း** – "ဘာလဲ နေထွက်တဲ့ပုံကိုကြည့်ပြီး မင်းသွားရည်ယိုသလားကွ ဟေ • •"

**ဗိတာ** – "ငါက ကြက်ဥကြော်လားလို့"

စန္ဒာဝင်း(ကော့ကရိတ်)

□

## မေးတာကိုတစ်ယောက်တည်းဖြေလို့

ယနေ့ ဖိုးထင် ခါတိုင်းထက် နောက်ကျပြီး ကျောင်းမှအိမ်သို့ ပြန်ရောက်သည်။

ဆရာ၊ ဆရာမများမကြိုက်တာ တစ်ခုခုလုပ်မိ၍ ဒဏ်ထိနေလို့လားဟု သူ့မိခင်တွေးမိသည်။


"နင် ဒဏ်ထိအောင် တစ်ခုခုလုပ်လိုက်လို့ လားဖိုးထင်"ဟု သူ့မိခင်ကမေး၏။ "ဆရာမက သား ကို ကျောင်းအုပ်ကြီးဆီ ခေါ်သွားနေလို့ပါ"ဟု ဖိုးထင် ပြန်ပြောသည်။

ဖိုးထင်က "သား မှားတာ ဘာမျှမလုပ်ပါဘူး အမေ၊ သူများတွေမဖြေတဲ့မေးခွန်းကိုတောင် သားက ဖြေလိုက်သေးတယ်" သူ့မိခင်ကို ပြန်ပြောသည်။

"ဟဲ့ ဆရာမမေးတာကို ပြန်မဖြေတဲ့သူတွေ ကိုတော့ ကျောင်းအုပ်ကြီးဆီ ခေါ်မသွားဘဲ သားကို ကျမှ ပြန်ဖြေနိုင်ရက်သားနဲ့ ဘာဖြစ်လို့ ကျောင်းအုပ် ကြီးဆီ ခေါ်သွားရတာလဲ"ဟု မိခင်က မေး၏။

"အင်းလေ မေမေရာ၊ ဆရာမ မေးတာ ကိုလည်း သားတစ်ယောက်တည်း ပြန်ဖြေနိုင်ရက် သားနဲ့"

"နေပါဦး၊ ဆရာမက ဘာမေးလို့လဲ။ သား



ကရော ဘယ်လို ပြန်ဖြေလိုက်လို့လဲ သား"

"ဆရာမရဲ့စားပွဲရှေ့ကထိုင်ခုံမှာ ခွာမရတဲ့ ကော် ချွင်းဂန်း (Chewing gun) ကို ဘယ်သူကပ် ထားတာလဲလို့ ဆရာမကမေးတယ်"

"တစ်တန်းလုံး ဘယ်သူမှ ပြန်မဖြေဘူး။ သားက မတ်တပ်ရပ်ပြီး တစ်ယောက်တည်းဖြေလိုက် တယ်"

"နေပါအုံး။ သားက ဘယ်လို ပြန်ဖြေလိုက် သလဲ"

"ကျွန်တော်ကပ်ထားတာပါ ဆရာမလို့ သား ဖြေလိုက်တယ်"

အန့်တီလေး

□



www.burmeseclassic.com

www.burmeseclassic.com

## ရှိုးသားမှု

**ဆရာ** – ''မောင်ဂျင်နီ၊ မှန်မှန်ပြောစမ်း၊ စာစီစာကုံးကို ဘယ်သူ ရေးပေးသလဲ''

**ဂျင်နီ** – ''ကျွန်တော်မသိဘူး ဆရာမ၊ ကျွန်တော် အစောကြီးအိပ်ပျော်သွားတယ်''

**စန္ဒာဝင်း(ကော့ကရိတ်)**

❑

## ကျွန်တော်မဟုတ်ဘူး

**မိခင်** – ''ဟဲ့ သား၊ တူကို ထုမကာစားနဲ့လေ၊ လက်ကို ထိရင် နာနေဦးမယ်''

**သား** – ''စိတ်မပူပါနဲ့ မေမေ၊ သံကို ကိုင်ထားတာ ကျွန်တော့် သူငယ်ချင်းပါ''

**စန္ဒာဝင်း(ကော့ကရိတ်)**

❑

## နွားနို့၏အန္တရာယ်

ဂျော့(ချ်)သည် အသက် (၆၀)ပြည့်ပြီ။ သူ မကျန်းမာပါ။ သူမျက်နှာအမြဲသွေးဆုတ်နေသည်။ ဒါပေ မယ့် ဆရာဝန်ဆီသွားဖို့ အလွန်မုန်းသည်။

လွန်ခဲ့သည့်လက သူ့ဇနီးက သူ့ကိုပြောသည်။ ''မငိုက်မဲပါနဲ့ ဂျော့(ချ်)ရာ ဒေါက်တာဘရောင်းနဲ့ သွားတွေ့ လိုက်ပါ''

''ဟင့်အင်း၊ မသွားဘူး။ လွန်ခဲ့တဲ့အပတ်ကဆို ပိုဆိုးသွားခဲ့တယ်''ဟု ဂျော့(ချ်)က ပြောသည်။ သို့ပေမယ့် ဇနီးသည်က နားပူလွန်းသဖြင့် ဒေါက်တာဘရောင်းထံ သူ သွားလိုက်၏။




ဒေါက်တာဘရောင်းက သူ့အခြေအနေကို စစ်ဆေးပြီး ''ခင်ဗျား အရက်တွေ သိပ်သောက်တယ်၊ ဝီစကီသောက်တာကို ရပ်ပစ်လိုက်ပြီး နွားနို့သောက်ပါဗျာ'' ဟု ပြောသည်။

ဂျော့(ချ်)က ဝီစကီကို အလွန်ကြိုက်သည်။ နွားနို့ကို သူ မကြိုက်။ ''ငါ ကလေးတစ်ယောက် မဟုတ်ပါဘူး ကွာ''ဟု သူ့ဇနီးကို သူ အမြဲပြော၏။

ဂျော့(ချ်)က ဒေါက်တာဘရောင်းကို တစ်ချက်ကြည့်လိုက်၏။ ပြီးလျှင် –

''နွားနို့သောက်တာ အန္တရာယ်ရှိတယ်ဆရာ''ဟု သူကပြောသည်။

''နွားနို့သောက်တာ အန္တရာယ်ရှိတယ် ဟုတ်လား'' ဟု ဆရာဝန်က ပြန်မေးသည်။ ''ဘယ်လိုဖြစ်လို့ နွားနို့သောက်တာ အန္တရာယ်ရှိသွားတာလဲဗျ''ဟု ဆရာဝန်က တအံ့တသြမေး၏။

''အင်းလေး ဒေါက်တာ မနှစ်ကဆို ကျွန်တော့်ရဲ့ အချစ်ဆုံးမိတ်ဆွေဟာ နွားနို့ကြောင့်သေရတာပေါ့''

ဆရာဝန်က တစ်ကြိမ်ထပ်ရယ်မောပြီး ''ဘယ်လိုလုပ် အသက်ထွက်သွားတာလဲဗျ''ဟု မေးမြန်းရာ –

''ကျွန်တော့်မိတ်ဆွေရဲ့ကိုယ်ပေါ် နွားမကြီး လဲကျသွားတယ်လေ''ဟု ဂျော့(ချ်)က ပြန်ဖြေ၏။


***Uncle Nyein***

❑



www.burmeseclassic.com

www.burmeseclassic.com



# ဘွတ်ဖိနပ်နဲ့ ကြောင်ကလေး

မောင်သော်ပွန်း

retold by
**Fiona Patchett**

Illustrated by
**Teri Gower**



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါက အလွန်ဆင်းရဲတဲ့ ကြိတ်ခွဲစက်သမား တစ်ဦးရှိသတဲ့။ သူမှာ သားသုံးယောက်ရှိတယ်။ သူ ကွယ်လွန်တဲ့အခါ သူ့ရဲ့ ကြိတ်စက်တစ်လုံး၊ မြည်းတစ်ကောင်နဲ့ လိမ္မော်ညိုကြားရောင် ကြောင်ကလေးတစ်ကောင်ကျန်ခဲ့သတဲ့။



သူတို့ညီတစ်အကိုသုံးယောက်ဟာ ဖခင်ကြီးရဲ့ ကျန်ခဲ့တဲ့ ပစ္စည်းတွေကို ခွဲယူကြရာမှာ အစ်ကိုကြီးက ကြိတ်စက်ကို ယူပြီး အစ်ကိုလတ်က မြည်းကို ဆွဲယူသွားတဲ့အတွက် အငယ်ဆုံး"တွမ်" ဟာ သူတို့အစ်ကိုကြီးတို့ နှစ်ယောက်ချန်ခဲ့တဲ့ ကြောင်ကလေးကိုသာ ရယူရရှာတယ်။





ဒါကြောင့် 'တွမ်'က -

"အစ်ကိုတို့ကတော့ အစ်ကိုတို့ရယူသွားတဲ့ ကြိတ်စက်နဲ့ မြည်းတို့နဲ့လုပ်ကိုင်စားသောက်လို့ရကြပေမယ့် ကျွန်တော့်မှာတော့ ဒီကြောင်ကလေးနဲ့ ဘာလုပ်ကိုင်စားသောက်လို့ ရနိုင်မလဲဗျာ။ ဒီကြောင်ကလေးကို သတ်စားရင်သာရမယ်" လို့ ညည်းညူပြောဆိုလေတယ်။




www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် တွမ်နဲ့ ကြောင်ကလေးကျန်ခဲ့ရာမှာ ကြောင်ကလေးက တွမ်ရဲ့ပေါင်ပေါ်တက်ကာ "သခင်…သိပ်လည်းဝမ်းနည်းမနေပါနဲ့။ ဘယ်အရာမဆို ထင်ထားသလို ဆိုးလှတာမဟုတ်ပါဘူး။ ကျွန်ုပ်ကို အိတ်တစ်လုံးနဲ့ ဘွတ်ဖိနပ်တစ်ရံသာပေးပါ"လို့ ကြောင်ကလေးက ပြောတယ်။



ကြောင်က စကားပြောလို့ 'တွမ်' က အလွန်အံ့အားသင့်သွားတယ်။ ကြောင်တွေဟာ ကြွက်ကလေးတွေကို လိမ္မာပါးနပ်စွာ မယုံနိုင်စရာ ဖမ်းဆီးနိုင်ကြတာကို တွမ် သတိရသွားတယ်။



'တွမ်'ဟာ ကြောင်ကလေးရှာခိုင်းတဲ့ သားရေအိတ်နဲ့ အရောင်တောက်နေတဲ့ ဘွတ်ဖိနပ်တစ်ရံကိုရှာပြီးပေးတယ်။ ဒါ့ပြင် အပေါ်ရုံလွှာတစ်ထည်နဲ့ ခပ်ဖားဖား ဦးထုပ်တစ်လုံးကိုလည်း ပေးလိုက်တယ်။




www.burmeseclassic.com


www.burmeseclassic.com

ကြောင်ကလေးလည်း သားရေအိတ်ထဲသို့ မုန်လာဥနီတွေထည့်ပြီး ယာခင်းများဆီသို့ ကြွားကြွားဝင့်ဝင့်လျှောက်လှမ်းသွားလေတော့တယ်။

ကြောင်ကလေးဟာယာခင်းဆီ သွားနေရတာက ယာခင်းတွေဆီမှာ ယုန်တွေအများကြီးရှိတယ် ဆိုတာ သိထားတယ်လေ။ ကြောင်ကလေးဟာ ယာခင်းဆီ ရောက်ရှိလာတဲ့အခါ မြေကြီးပေါ်လှဲချကာ ဆန့်ဆန့် အနေအထားဖြင့် သေချင်ယောင်ဆောင်နေလိုက်တယ်။



ကြောင်ကလေး မျှော်လင့်ထားသလိုပဲ နုံနုံအအ ယုန်ငယ်ကလေးတစ်ကောင်ဟာ ခုန်လွှားရောက်ရှိလာပြီး မုန်လာဥနီတွေကို အနံ့ခံကြည့်နေတယ်။ ယုန်ကလေးဟာ အိတ်ထဲသို့ဝင်ကာ မုန်လာဥနီတွေကို ရှာဖွေနေတုန်း ကြောင်ကလေးက လှဲနေရာကထကာ အိတ်ကို ကြိုးဖြင့် အမြန်ချည်လိုက်လေတယ်။





ကြောင်ကလေးလည်း ဝမ်းသာအားရဖြင့် ယုန်ထည့်ထားတဲ့ အိတ်ကိုလွယ်ကာ ဘုရင့်နန်းတော်ဆီသို့ လာခဲ့လေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်ရှေ့တော်မှောက်ရောက်တဲ့အခါ ကြောင်ကလေးဟာ သလွန်ပေါ်ထိုင်နေတဲ့ဘုရင်ကြီးကို ဦးညွှတ်အလေးပြုကာ -

"ကျွန်တော်မျိုး ဘုန်းတော်ကြီးမြတ်လှတဲ့အရှင်မင်းကြီးအတွက် ကျွန်တော်မျိုးရဲ့အရှင်သခင် ကာရာဘတ်စ်မြို့စားကြီး ဆက်သလိုက်တဲ့ လက်ဆောင်တော်ကို ယူဆောင်လာခြင်းဖြစ်ပါတယ်ဘုရား။"



"သင့်သခင်ရဲ့ ငါကိုယ်တော်မြတ်အပေါ် လေးစားမှုပြုမှုအတွက် သင့်သခင်ကို ကျေးဇူးအထူးပဲ တင်ပါပေတယ်"လို့ ဘုရင်ကြီးက ပြန်ပြောတယ်။



နောက်တစ်နေ့မှာ ကြောင်ကလေးဟာယာကွင်းတွေဆီ ပြန်သွားပြန်တယ်။ ခုတစ်ကြိမ်မှာတော့ ကြောင်ကလေးဟာ ရွှေဝါရောင်သီးနှံပင်တွေကြားမှာ ပုန်းအောင်နေပြီး သူ့သားရေအိတ်ကြီးကိုဖွင့်ကာ ကိုင်ထားတယ်။ မကြာမီ ခါငှက်နှစ်ကောင်ဟာ ယာခင်းဆီပျံဆင်းလာကြတာကိုတွေ့ရတယ်။ ကြောင်ကလေးဟာ ခါငှက်နှစ်ကောင်ကို အုပ်ဖမ်းလိုက်ပြီး အိတ်ကိုကြိုးဖြင့် ခပ်မြန်မြန်ချည်လိုက်လေတယ်။




အဲဒီနောက် ကြောင်ကလေးလည်း ဘုရင့်နန်းတော်ဆီသို့ လာခဲ့ကာ ခါငှက်နှစ်ကောင်ကို သူ့သခင်ဆက်သတဲ့အနေနဲ့ ပေးအပ်လေတယ်။ ဘုရင်ကြီးကလည်း သူ့သခင်အတွက် လက်ဆောင်တွေချီးမြှင့်တယ်။ ဒီလိုနဲ့ ကြောင်ကလေးဟာ နန်းတော်ရဲ့လာနေကျဧည့်သည်တော်တစ်ဦးဖြစ်လာခဲ့တယ်။ မကြာခင် ဘုရင်ကြီးက စေတနာထက်သန်လှတဲ့ မြို့စားကြီးဟာ ဘယ်သူလဲဆိုတာ သိချင်လာတယ်။




www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ ကြောင်ကလေးနဲ့ တွမ်တို့ဟာ မြစ်ကမ်းဘေးမှာ လမ်းလျှောက်လာကြတယ်။ ကြောင်ကလေးက ဘုရင်ကြီးဟာ သူ့သမီးတော်ချောချောလှလှကလေး အရာဘယ်လာနဲ့အတူ ဒီနေ့ရာကို မြင်းရထားစီးပြီး ရောက်နေကျဖြစ်တာကို သိထားတဲ့အတွက် အကြံတစ်ခုကြံစည်ထားတာရှိတယ်။



ကြောင်ကလေးဟာ ဘုရင့်မြင်းရထားလာနေတာကို မြင်တဲ့အခါ 'တွမ်'ကို -

"သခင်...အကျီအဝတ်အစားတွေ ချွတ်ပြီး မြစ်ထဲသို့ ခုန်ချပါ"လို့ ပြောလေတယ်။



ကြောင်ကလေးရဲ့စကားကိုကြားတဲ့အခါ ပထမတော့ ဝေခွဲမရဖြစ်သွားတယ်။ ဒါပေမဲ့ 'တွမ်'ဟာ ကြောင်ကလေးကို ယုံကြည်တဲ့အတွက် အကျီအဝတ်အစားတွေချွတ်ပြီး ရေထဲသို့ ခုန်ချလိုက်လေတယ်။

သိပ်မကြာလိုက်တဲ့အချိန်မှာ "တွမ်"အဖို့ ဝို၍ ဝို၍ ထူးဆန်းတာတွေ တွေ့ရတယ်။ ဦးစွာ ကြောင်ကလေးဟာ သူ့အဝတ်အစားအားလုံးကို ကျောက်တုံးကြီးတစ်တုံးအောက်မှာ သွားဖွက်နေတာကို တွေ့ရခြင်းဖြစ်တယ်။ အဲဒီနောက် ကြောင်ကလေးက -

"ကယ်ကြပါ...ကယ်ကြပါ။ ကျေးဇူးပြုပြီး ကျွန်ုပ်ရဲ့သခင် ကာရာဘတ်စ်မြို့စားကြီးကို ကယ်ကြပါ"လို့ အော်ဟစ်အကူအညီတောင်းနေတာ တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ဘုရင့်မြင်းရထား ဖြတ်သွားတဲ့အချိန်နဲ့ကြုံနေလို့ ဘုရင်ကြီးဟာ ကြောင်ကလေးကို မှတ်မိသွားတယ်။ ဘုရင်ကြီးက သူ့ရဲ့မက်တော်တွေကို -

"အခုချက်ချင်း ရေထဲကလူကို အမြန်ဆုံးကယ်တင်ပါ" လို့ အမိန့်ပေးတယ်။

တဖန် ကြောင်ကလေးက -

"ကျွန်တော်မျိုးရဲ့သခင်ကို ဓားပြတွေက တိုက်ခိုက်လုယက်ကြပြီး သူ့အဝတ်အစားတွေကို ယူငင်သွားကြပါတယ်ဘုရား" လို့ လျှောက်တင်ပြန်လေတယ်။



ဘုရင်ကြီးက -

"အလွန်ဆိုးဝါးတဲ့ဖြစ်ရပ်ပါလား" လို့ဆိုကာ သူ့အမှုတော်ထမ်းတစ်ဦးအားခေါ်ပြီး မြို့စားကြီးဝတ်ဆင်ဖို့ အဝတ်အစားများကို ယူဆောင်လာရန် နန်းတော်သို့ စေလွှတ်လိုက်လေတယ်။

- ရှေ့လဆက်ဖတ်ပါရန်

မောင်ခေတ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# နံနက်ခင်း၏အားမာန်

သုဝဏ္ဏလှိုင်(ဝင်းက)

ရှဉ့်ကလေးတွေပျော်
ခုန်အော်လို့ ပြေး၊
နံနက်ချိန် ရောင်နီဦးမှာ
မြူးကြတယ်လေး။

ငှက်ကလေးတွေညံ
ဆိုသံကဆေး၊
ချိုသာသာ၊ သံစဉ်လေးကို
အေးမြမြလေး။

ပန်းကလေးတွေလှိုင်
ဝေမြိုင်လို့မွှေး၊
ထက်ဝန်းကျင်၊ ရနံ့ခင်းတယ်
သင်းထုံလို့ပြေး။

ငါ့စိတ်တွေကြည်လင်
အားအင်တွေမွေး
နေ့သစ်မှာ အားမာန်ပွားလို့
ကြိုးစားစို့လေး။

□






www.burmeseclassic.com

www.burmeseclassic.com

[ကိုယ်တိုင်ရေးပုံပြင်]

# ရွှေငါးမယ်ခုနစ်ကော်

မြတ်နှင်းသင်းဇော်
(မကွေး၊ တက္ကသိုလ်)

တစ်ခါက 'ရွှေဝါးရုံ' ဆိုတဲ့ ရွာငယ်လေးတစ်ရွာမှာ ဦးဖိုးမှန်ဆိုတဲ့ သစ်ခုတ်သမားကြီး နေထိုင်တယ်။ ဦးဖိုးမှန်ရဲ့ ဇနီးသည်က ဒေါ်ကြိုးကြာလို့ အမည်ရတယ်။ ဒေါ်ကြိုးကြာကတော့ အိမ်ရှင်မပဲ။ တစ်ခါတစ်ရံမှာ ဦးဖိုးမှန်နဲ့အတူ တောထဲလိုက်ပြီး မှိုနဲ့ ဟင်းသီးဟင်းရွက်တွေ ရှာဖွေလေ့ရှိတယ်။ သူတို့ ဇနီးမောင်နှံမှာ အသက်ရှစ်နှစ်အရွယ် မရွှေဖြူနဲ့ မငွေဖြူလို့ အမည်ရတဲ့အမြွှာ သမီးလေးနှစ်ယောက်ရှိတယ်။

အမြွှာညီအစ်မဟာ အဆော့သန်ပေမယ့် မိဘကို ကူညီပေးတတ်တဲ့ ကလေးနှစ်ယောက်ပဲဖြစ်တယ်။ တစ်နေ့မှာ မရွှေဖြူတို့က ဖခင်ကြီးကို တောထဲသွားရင် လိုက်ပါခွင့်ပြုဖို့ တောင်းဆိုတယ်။ မိဘနှစ်ပါးက ရွာထဲမှာပဲ နေစေချင်ပေမယ့် ကလေးနှစ်ယောက်က အတင်းပူစာတာကြောင့် လိုက်ပါခွင့် ပြုလိုက်တော့တယ်။

တစ်မနက်စောစောမှာ သူတို့မိသားတစ်စု ရွာကနေ တောထဲကို ထွက်လာခဲ့ကြတယ်။ တောထဲရောက်တော့ ဦးဖိုးမှန် သစ်ခုတ်နေတဲ့မလှမ်းမကမ်းမှာ ဒေါ်ကြိုးကြာက ဟင်းသီးဟင်းရွက် တချို့ လိုက်ရှာဖွေပြီး ခူးတယ်။ မရွှေဖြူနဲ့ မငွေဖြူလဲ မိခင်ကို ကူညီပေးရင်း ပျော်ရွှင်စွာဆော့ကစားလို့နေတယ်။

နေ့လယ်စာစားပြီးချိန် မိသားစု ခေတ္တအနားယူချိန်မှာ မရွှေဖြူက ဇယ်ခုတ်တမ်းကစားဖို့ ပြောခဲ့တယ်။

"ငွေဖြူရေ၊ ငါတို့ ဇယ်ခုတ်တမ်းကစားရအောင်"

"ကစားမယ်လေ ဒါပေမဲ့ ကျောက်ခဲလုံးမှ မရှိတာ ရွှေဖြူရဲ့။"

"ဟိုနားက စမ်းချောင်းမှာ တို့တွေ သွားကောက်ရင်ကော။"

"ဟုတ်သားပဲ ဒါဆို အဖေနဲ့ အမေကိုပြောလိုက်ဦးမှ"

မရွှေဖြူနဲ့ မငွေဖြူဟာ အဖေနဲ့အမေကို ခွင့်ပန်ပြီး ထွက်လာခဲ့ကြတယ်။ စမ်းချောင်းလေးက သူတို့နေတဲ့နေရာနဲ့ နီးနီးလေးပဲ။ စမ်းချောင်းလေးမှာ စီးဆင်းနေတဲ့ရေဟာ သိပ်ကို ကြည်လင်အေးမြတယ်။

သူတို့ စမ်းချောင်းနားဆီရောက်လာချိန်မှာ ရယ်မောသံတွေကြားရတယ်။ မိန်းမလေးတွေရဲ့ ရယ်မောသံပဲ။ ရယ်မောသံတွေဟာ အရမ်းကိုသာယာပြီး ငွေဆည်းလည်းသံနဲ့တောင်တူတယ်။ ကလေးတွေဟာ ဘယ်ရွာသူတွေများပါလိမ့်လို့ တွေးမိတယ်။

ဒါနဲ့အမြွှာနှစ်ယောက်ဟာ စူးစမ်းတတ်သူတွေဖြစ်ပြီး စမ်းချောင်းဘေး ချုံပုတ်တွေ ကြားကနေ ချောင်းကြည့်လိုက်ကြတယ် ဆိုရင်ပဲ။

သိပ်ကိုလှပလွန်းတဲ့ မိန်းမပျိုလေးခုနစ်ယောက် စမ်းချောင်းထဲမှာ ရေကစားနေကြတာကိုတွေ့လိုက်ရတယ်။ မိန်းမပျိုလေးများဟာ ရှည်လျားတဲ့ အညိုရင့်ရောင် ဆံကေသာတွေ ပိုင်ဆိုင်ထားကြတယ်။ အသားအရည်ကလဲ ဆင်စွယ်ရောင်လို ဝင်းနှစ်နေတာပဲ။ ဒီလို အပြစ်ပြောစရာ မရှိအောင် လှလွန်းချောမောလွန်းတာမျိုး မရွှေဖြူရော မငွေဖြူပါ မတွေ့ဖူးကြဘူး။

အမြွှာညီအစ်မနှစ်ယောက်ဟာ မိန်းမပျိုလေးတွေကို ငေးကြည့်နေတာအကြာကြီးပဲ။ နောက်တော့ နည်းနည်းညောင်းလာတာနဲ့ လှုပ်လိုက်လို့ ချုံကလဲ နည်းနည်းလှုပ်သွားတယ်။

ဒါကို မိန်းမပျိုလေးတွေထဲက တစ်ယောက်က သတိပြုမိသွားပြီး သူတို့အချင်းချင်း ချက်ချင်း တီးတိုး သတိပေးလိုက်တယ်။ နောက်ပြီး ခုနစ်ယောက်လုံး ရေထဲကို ပြိုင်တူငုပ်လျှိုး ကူးခတ်သွားကြတယ်။ မကြာခင်မှာပဲ ရွှေရောင်ငါးခုနစ်ကောင်အဖြစ် ပြောင်းလဲသွားပြီး ရေနက်ထဲကို ကူးခတ်ပျောက်ကွယ်သွားခဲ့ကြတယ်။

မရွှေဖြူနဲ့ မငွေဖြူတို့က မိဘတွေကို ဒီအကြောင်းပြောပြခဲ့ပေမယ့် မိဘတွေက ကလေးငယ်တွေ ပြောတတ်တဲ့ ပုံပြင်သဖွယ် သဘောထားပြီး မယုံကြည်ခဲ့ကြဘူး။ သူတို့

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဘဝတစ်လျှောက်လုံးမှာလဲ ဒီလိုမျိုး တစ်ခါမှ မကြားခဲ့ဘူး လေ။

နောက်နေ့မှာလဲ မရွှေဖြူနဲ့ မငွေဖြူတို့ဟာ စမ်းချောင်းနားကိုလာပြီးကြည့်ကြပေမယ့် မိန်းမပျိုလေးတွေကို မတွေ့ရတော့ဘူး။ ဒါနဲ့ ရွာကိုပြန်ခဲ့ကြတယ်။

ရွာကိုရောက်ပြီး ဆယ်ရက်ခန့်အကြာမှာ အမြွာညီအစ်မဟာ မိခင်နဲ့အတူ ဖခင်သစ်ခုတ်တဲ့ နေရာကိုရောက်လာခဲ့ကြပြန်တယ်။ ဒီအခါမှာ နှစ်ယောက်သားစမ်းချောင်းရှိရာကို အရောက်လာခဲ့ကြတယ်။ ဒီအကြိမ်မှာတော့ စမ်းချောင်းထဲမှာ ဆော့ကစားနေတဲ့ မိန်းမလှလေးခုနစ်ယောက်ကို တွေ့ခဲ့ရပြန်တယ်။

အမြွာညီအစ်မဟာ တိတ်တိတ်လေးချောင်းကြည့်ရင်း မိန်းမပျိုလေးတွေကို ခင်မင်စိတ်၊ ချစ်ခင်စိတ်တွေပေါ်နေတော့တယ်။

ဒီအချိန်မှာ မငွေဖြူလေးကို ပုရွက်ဆိတ် ကိုက်လိုက်တာကြောင့် နာလို့ လန့်ပြီး အော်လိုက်တယ်။ မရွှေဖြူလဲ လန့်သွားတယ်။ ပြီးတော့ နှစ်ယောက်သား ချုံထဲကနေ ခုန်ထွက်လိုက်ကြတယ်။

မိန်းမပျိုလေးတွေဟာ ရုတ်တရက် လန့်သွားကြတယ်။ ဒါပေမဲ့ ချစ်ခင်ဖွယ် ကောင်းလှတဲ့ အမြွာညီအစ်မနှစ်ယောက်က မိန်းမပျိုလေး ခုနစ်ယောက်စလုံးကို ချစ်ခင်လိုလားဟန်နဲ့ တရင်းတနှီး အရင်တစ်ခါ မြင်ဖူးတဲ့အကြောင်း ပြောပြလိုက်တယ်။

ဒါနဲ့ ရိုးသားပြီး အပြစ်ကင်းစင်တဲ့ အမြွာညီအစ်မကို မိန်းမချောလေး ခုနစ်ယောက်က ပြန်လည် ခင်မင်သွားကြတယ်။ ပြီးတော့ သူတို့နဲ့အတူ ရေကစားဖို့ ခေါ်ခဲ့တယ်။

ကလေးနှစ်ယောက်ဟာ မိန်းမပျိုလေးတွေနဲ့ အတူ ရေထဲမှာ ပျော်ရွှင်စွာနဲ့ ကစားခဲ့ကြတယ်။ ထူးဆန်းတာက အမြွာညီအစ်မနှစ်ယောက်စလုံးအရင်က ရေမကူးတတ်ကြဘူး။ ဒါပေမဲ့ မိန်းမပျိုလေးတွေက သူတို့ရဲ့လှပတဲ့ လက်ချောင်းကလေးတွေနဲ့ ကလေးနှစ်ယောက်ရဲ့ လက်ကလေးတွေကို ထိကိုင်ပြီးတဲ့နောက် မိန်းမပျိုလေးတွေလိုပဲ ကူးခတ်နိုင်ကြတယ်။ မောပန်းခြင်း လုံးဝ မရှိခဲ့ကြဘူး။ တော်တော်လေး ကြာလာတော့ မိန်းမပျိုလေးတွေက နှုတ်ဆက်ပြီး သူတို့နဲ့ ဆုံတွေ့တဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောဖို့ သတိပေးခဲ့တယ်။ အမြွာညီအစ်မ နှစ်ယောက်စလုံးကလဲ ပြန်မပြောပါဘူးလို့ ကတိ အထပ်ထပ်ပေးခဲ့တယ်။

နောက်ရက်တွေမှာလဲ အမြွာညီအစ်မဟာ စမ်းချောင်းလေးရှိရာကိုလာပြီး မိန်းမပျိုလေးတွေနဲ့အတူ ရေထဲမှာ ဆော့ကစားခဲ့တယ်။ သူတို့အားလုံးဟာ သိပ်ကို ပျော်ရွှင်ခဲ့ကြတာပဲ။

မိန်းမပျိုလေးတွေက သူတို့ဟာ ရေအောက်အဏ္ဏဝါဘုရင်ကြီးရဲ့ သမီးတော်ရွှေငါးမယ် ခုနစ်ဖော်ဖြစ်ကြောင်း ပြောပြခဲ့တယ်။ ဖခင်ဘုရင်ကြီးအလစ် လူ့ပြည်တောထဲက စမ်းချောင်းမှာ ဆော့ကစားဖို့ လာခဲ့ကြောင်းလဲ ပြောပြခဲ့တယ်။

ဒီအချိန်မှာ သူတို့နေထိုင်တဲ့ ရွာငယ်လေးဆီကို ဆေးဆရာကြီးတစ်ယောက် ရောက်ရှိလာခဲ့တယ်။ ရွာကလူတော်တော်များများက သူ့ရဲ့ကုသပေးမှုကြောင့် ရောဂါတွေ ပျောက်ကင်းသွားတာကြောင့် သိပ်ကိုယုံကြည်ကြတယ်။ သူ့အမည်က ဦးဓာတ်သီးလို့ခေါ်တယ်။

တကယ်တမ်းတော့ ဦးဓာတ်သီးဟာ ရိုးရိုးလူမဟုတ်ပဲ မှော်ဆရာသာ ဖြစ်လေတယ်။ မှော်ဆရာကြီး ဦးဓာတ်သီးပေါ့။ သူဟာ မကောင်းဆိုးဝါး အတတ်ပေါင်းစုံ တတ်ကျွမ်းတဲ့ မှော်ဆရာကြီးဖြစ်ပြီး ဒီရွာအနီးအနားမှာ အဏ္ဏဝါသမီးတော် ခုနစ်ယောက် လာလည်လေ့ရှိတာကို သူ့တပည့် မှင်စာလေးတစ်ကောင်ဆီက သတင်းရခဲ့တာကြောင့် ရောက်လာခဲ့ခြင်းဖြစ်တယ်။ သူ့အကြံက ရွှေငါးမယ်ခုနစ်ဖော်ကို ပြန်ပေးဆွဲပြီး ဖခင်အဏ္ဏဝါ ဘုရင်ကြီးဆီက အဖိုးတန်ကျောက်မျက်များနဲ့ လဲလှယ်စေဖို့ပဲဖြစ်တယ်။

ဦးဓာတ်သီးဟာ အမြွာညီအစ်မဆီကို မယောင်မလည် ရောက်လာပြီး မသိမသာ စုံစမ်းခဲ့တယ်။ အမြွာနှစ်ယောက်က ပြောမပြခဲ့ဘူး။ မရွှေဖြူနဲ့ မငွေဖြူတို့ဟာ ဦးဓာတ်သီး ဘာကြောင့်မေးမှန်း မသိပေမယ့် အမြဲတမ်း ငြင်းခဲ့တယ်။ ဒါကြောင့် ဦးဓာတ်သီးဟာ တိတ်တိတ်ချောင်းပြီး မေးပေမယ့် အချည်းအနှီးပဲ။

အမြွာညီအစ်မဟာ စမ်းချောင်းလေးဆီကို မရောက်တာကြာပြီဖြစ်လို့ လွမ်းဆွတ်နေကြတယ်။ တစ်နေ့မှာ အမြွာညီအစ်မနှစ်ယောက်သား ဘယ်သူ့ကိုမှပြောမနေတော့ဘဲ တိတ်တိတ်လေးရောက်လာခဲ့ကြတယ်။ မမျှော်လင့်ပဲ ရွှေငါးမယ် ခုနစ်ဖော်နဲ့ တွေ့ရပြီး ဝမ်းသာသွားကြတယ်။ ကလေးတွေက သူတို့သိတဲ့အကြောင်းကို ပြောပြတယ်။ ရွှေငါးမယ်လေးတွေကလဲ ပြောပြတယ်။

"ဒီလူ့ပြည်ရောက်ရောက်လာနေတာကို မမတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

ဖခင်သိသွားလို့ဆူတယ်။ အခုညီမလေးတို့ နှစ်ယောက်ကို နှုတ်ဆက်ဖို့ စောင့်နေတာ။ နောက်ဆို သွားခွင့် မပြုတော့ဘူး။ ညီမလေးတို့ဆော့ဖို့ မမတို့ရဲ့ လက်ဆောင်ပေးခဲ့မယ်"

ရွှေငါးမယ်ခုနစ်ဖော်က အလ္လာဝါနန်းတော်က ယူဆောင်ခဲ့ကြတဲ့ သဲဝါမှုန့် တစ်ထုပ်ပေးလိုက်တယ်။ ဒါတွေက လူ့ပြည်မှာတော့ ရွှေမှုန့်တွေပဲပေါ့။ ပြီးတော့ အားလုံးနှုတ်ဆက်ပြီးပြန်လာခဲ့ကြတယ်။

အပြန်လမ်းမှာ အမြွှာညီအစ်မနှစ်ယောက်ဟာ ရွှေငါးမယ်လေးတို့နဲ့ ခွဲခွာရလို့ ဝမ်းနည်းစွာငိုကြွေးကြတယ်။ ပြီးတော့ အချင်းချင်း ပြောကြတယ်။

"ရွှေဖြူရယ်၊ ငါတော့မမတို့နဲ့ ဆော့တဲ့ စမ်းချောင်းလေးကို ခဏပြန်ကြည့်ချင်သေးတယ်။"

"ငါလဲ ဒီလိုပါပဲဟယ်။"

အမြွှာညီအစ်မနှစ်ယောက်သား စမ်းချောင်းဆီကို နောက်တစ်ကြိမ် ပြန်လှည့်လာခဲ့ချိန်မှာ စမ်းချောင်းလေးဆီက အသံတွေကြားရပြီး ကြည့်လိုက်တော့ မှော်ဆရာကြီး ဦးဓာတ်သီးက သူ့ရဲ့အထူးစီရင်ထားတဲ့ ပိုက်ကွန်နဲ့ ရွှေငါးမယ်လေးတွေကိုအုပ်ပြီး အတင်းဆွဲနေတာကိုတွေ့ရတယ်။ ငါးအသွင် ရောက်နေတဲ့ ရွှေငါးမယ်ကလေးတွေဟာ ပိုက်ထဲကနေ အတင်းရုန်းကန်နေကြတယ်။

မရွှေဖြူနဲ့ မငွေဖြူအမြွှာညီအစ်မဟာ တအားပြေးလာပြီး ရွှေငါးမယ်တို့ပေးတဲ့ ရွှေမှုန့်တွေနဲ့ မှော်ဆရာကြီးမျက်နှာကို ပက်ထည့်လိုက်တယ်။ ဦးဓာတ်သီးဟာ မျက်စေ့ထဲကို ဝင်လာတဲ့ ရွှေမှုန့်တွေကြောင့် ပိုက်ဆွဲအားလျော့သွားတယ်။ မရွှေဖြူနဲ့ မငွေဖြူတို့ဟာ ပိုက်ကိုဝင်လုကြတယ်။ ဒီမှာ ပိုက်ဟာရေထဲကို ပြန်ကျသွားပြီး ပြန်ပြေသွားတော့ ရွှေငါးမယ်လေးတွေဟာ လူ့အသွင်ပြောင်းလိုက်ကြပြီး သိပ်ကိုစိတ်ဆိုးနေကြတယ်။ ပြီးတော့ မှော်ဆရာကြီးဦးဓာတ်သီးကို ရေအောက်ဆီကို ဝိုင်းပြီးဆွဲခေါ်သွားကြတယ်။

ကြောက်လန့်နေတဲ့ မှော်ဆရာကြီး ဦးဓာတ်သီးဟာ မရုန်းကန်နိုင်ဘဲ ရွှေငါးမယ်တို့ရဲ့ ခေါ်ရာနောက်ပါသွားတော့တယ်။ အငယ်ဆုံး ရွှေငါးမယ်လေးက မရွှေဖြူနဲ့ မငွေဖြူကို ကျေးဇူးတင်ကြောင်း ပြောပြီး အစ်မတွေနောက်ကို လိုက်ပါသွားတော့တယ်။

ဒီနောက်ပိုင်း ရွာထဲမှာ မှော်ဆရာကြီးဦးဓာတ်သီး ပျောက်ဆုံးသွားတာနဲ့ ပတ်သက်လို့ ရွာသူရွာသားတွေ စဉ်းစားမရဖြစ်နေဆဲပဲ။ သူတို့ဟာ မှော်ဆရာကြီး ဦးဓာတ်သီးကို ဆေးဆရာကြီးအဖြစ်သာထင်မှတ်နေဆဲပဲ။

နောင်နှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့ပြီး မရွှေဖြူနဲ့ မငွေဖြူတို့ဟာ ရေထဲမှာ ငါးတမျှ ကျင်လည်စွာကူးခတ်နိုင်သူတွေအဖြစ်ထင်ရှားလာခဲ့ကြတယ်။ ဘယ်လောက်ကူးကူး မောပန်းခြင်း အလျှင်းမရှိခဲ့ကြဘူး။

ဒီလိုဖြစ်ခဲ့တာဟာ ရွှေငါးမယ်ခုနစ်ဖော်ရဲ့အကြောင်းကို အခြားလူ တစ်ဦးတစ်ယောက်မှ မပြောဘဲ သစ္စာရှိရှိနဲ့ ကတိကို ထိန်းခဲ့ကြလို့ပဲ။

ကဲ၊ ကလေးတို့တတွေလဲ ကိုယ်ပေးခဲ့တဲ့ ကတိဆို တည်ရမယ်နော်။

**မြတ်စန္ဒီထင်းဇော် (မကွေးတက္ကသိုလ်)**

## စာမူရှင်များသို့မေတ္တာရပ်ခံခြင်း

စာမူပါရှိသည့် စာမူရှင်အချို့သည် စာမူခနှင့် မေတ္တာလက်ဆောင်စာအုပ်များ လာရောက်ထုတ်ယူခြင်းမရှိကြသည်ကို တွေ့ရှိရပါသည်။

နယ်မှစာမူရှင်များသို့ စာတိုက်မှတဆင့် စာမူခနှင့် လက်ဆောင်မဂ္ဂဇင်းတို့ကို ပေးပို့သော်လည်း မဂ္ဂဇင်းတိုက်သို့ စာတိုက်မှတဆင့် ပြန်လည်ရောက်ရှိလာသည်ကို တွေ့ရပါသည်။

သို့ပါ၍ စာမူခနှင့် မေတ္တာလက်ဆောင်မရရှိသည့် စာမူရှင်များသည် မိမိစာမူပါဝင်သည့်လကို ဖော်ပြ၍ လိပ်စာတိတိကျကျဖော်ပြကာ ထပ်မံတောင်းခံကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*ရုတနာပန်းခင်းရုပ်စုံမဂ္ဂဇင်း*

□



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




# တီထွင်မှုများသမိုင်း

(A to Z)

| တီထွင်မှု | တီထွင်သူ | တီထွင်သည့်နှစ် (မူပိုင်ခွင့်မှတ်ပုံတင်နှစ်) |
|---|---|---|
| မော်တာဖြင့်မောင်းသည့်လေယာဉ်<br>Airplane with motor (Flying Machine) | အိုဗီလီရိုက်နှင့် ဝေဗာရိုက်<br>Orville Wirght, Wilbur Wright | ၁၉၀၆ |
| အဖျားအနာကို သက်သာစေသည့်ဆေး<br>Aspirin (Acetylsalicylic Acid) | ဟာမင်ဒရက်ဆာနှင့် ဖီးလစ်ဟော့ဖ်မင်း<br>Hermann Dresser, Felix Hoftman | ၁၈၉၉ |
| ဘောလ်ပင်<br>Ball point pen | ဂျွန်ဂျေလောက်ဒ်<br>John J.Loud | ၁၈၈၈ |
| ငွေမှတ်စက်<br>Cash Register and Indicator | ဂျိမ်းရစ်တီနှင့်ဂျွန်ရစ်တီ<br>James Ritty, John Ritty | ၁၈၇၉ |
| အသားလိမ်းအလှဆေး<br>Cosmetics | ဂျော့ဝါရှင်တန်ကာဗာ<br>George Washington Carver | ၁၉၂၅ |
| ဝါကြိတ်စက်<br>Cotton gin | အီလီဝှစ်တနီ<br>Eli Whitney | ၁၇၉၄ |
| ဆလင်ဒါသော့ခလောက်<br>(တံခါးသော့ခလောက်)<br>Cylinder Lock (Door Lock) | လီနပ်ယေး<br>Linus Yale, Jr | ၁၈၆၅ |
| ဒီဇယ်အင်ဂျင်စက်<br>Diesel Engine | ရူဒေါ့ဒီဇယ်<br>Rudolf Diesel | ၁၈၉၈ |
| ဆံမှတ်ဆိတ်ရိတ်စက်ကိရိယာ<br>Electric Razor (Shaving Implement) | ဂျက်ကော့ချစ်ခ်<br>Jacob Schick | ၁၉၂၈ |

(**The Kids' World Almanac of Records and Facts** စာအုပ်မှ ..)

မောင်ခေတ်ထွန်း





www.burmeseclassic.com

www.burmeseclassic.com



## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၁]

### [အဖြေမှန်သူများစာရင်း]

၁။ ဆလိုင်းပေါင်းပေါင်း (နေပြည်တော်၊ တပ်ကုန်းမြို့) ၂။ မောင်ကျော်ထက်ကို (နန်းမားမြို့) ၃။ မောင်ထက်ဝေယံလင်း (မိတ္ထီလာမြို့) ၄။ မပိုပိုအောင် (မြင်းခြံမြို့) ၅။ နန်းမိမိသန့် (လင်းခေးမြို့) ၆။ မဖြူစင်ချမ်းမြေ့ဦး (လဲချားမြို့) ၇။ မရွှေရည်ဖြိုး (သရက်မြို့) ၈။ မောင်ပြည့်ပိုင်မှူး (မိတ္ထီလာမြို့) ၉။ မောင်ကောင်းခန့်သူ (စစ်ကိုင်းမြို့) ၁၀။ မမြတ်သန္တာထွန်း (လသာ၊ ရန်ကုန်မြို့) ၁၁။ မမျိုးသန္တာအောင် (တောင်ရင်း၊ စစ်ကိုင်းမြို့) ၁၂။ မောင်ခင်မောင်သန်း (ကျောက်ဆည်မြို့) ၁၃။ မမေသူကျော် (ဖူးကုန်းမြို့)

[ ဤပြိုင်ပွဲတွင် အဖြေမှန်သူ ၁၃ ဦးရှိရာ အဖြေမှန်သူများထဲမှတစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ခဲ့ရာ အမှတ်စဉ် ၆၊ **မဖြူစင်ချမ်းမြေ့ဦး၊** သတ္တမတန်း (ဂ)၊ အ.ထ.က၊ လဲချားမြို့သည် ကံထူးရှင်အဖြစ် ရွေးချယ်ခံရကြောင်း ကြေညာအပ်ပါသည်။ ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်မဂ္ဂဇင်းတို့ကို ချီးမြှင့်မည် ဖြစ်ပါသည်။]

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၂]

### [အဖြေမှန်သူများစာရင်း]

၁။ မဖြူစင်ချမ်းမြေ့ဦး (လဲချားမြို့) ၂။ မအိမ့် (ပခုက္ကူမြို့) ၃။ ဆလိုင်းပေါင်းပေါင်း (နေပြည်တော်၊ တပ်ကုန်းမြို့) ၄။ မောင်ဘိုဘိုအောင် (မြင်းခြံမြို့) ၅။ မမေဖွန်အောင် (ထန်းတပင်မြို့) ၆။ မေလမင်း (လဲချားမြို့) ၇။ မောင်မြင့်ဟိန်း (ပုသိမ်မြို့) ၈။ မောင်သာထက်ထူး (သာစည်မြို့) ၉။ မအိမ့်ဖူးပွင့်ကျော် (ချောက်မြို့) ၁၀။ မသွဲ့ဦးခင် (တောင်သာမြို့) ၁၁။ မဟန်နီချို (မုံရွာမြို့) ၁၂။ မအေးလင်းလင်းထူး (နေပြည်တော်၊ တပ်ကုန်းမြို့) ၁၃။ မဆုသဒ္ဒါအောင် (ချောက်မြို့) ၁၄။ နန်းမိမိသန့် (လင်းခေးမြို့) ၁၅။ မောင်ဖွဲ့ထွန်းအောင် (မိုင်းမြို့၊ ဆားလင်းကြီးမြို့နယ်) ၁၆။ မသော်သော်ဟန် (ကျုံပျော်မြို့) ၁၇။ မခင်ရတနာမိုး (ခ) ချိုချိုချစ် (ရွှေညောင်မြို့) ၁၈။ မောင်ဇင်ပြည့်ဖြိုးပိုင် (ပုသိမ်မြို့) ၁၉။ မောင်သက်ပိုင်စိုး (နေပြည်တော်၊ တပ်ကုန်းမြို့) ၂၀။ မရွှေရည်ဖြိုး (သရက်မြို့) ၂၁။ မောင်ပြည့်ပိုင်မှူး (မိတ္ထီလာမြို့) ၂၂။ မသီရိဆွေ (အောင်မြေသာစံ၊ မန္တလေးမြို့) ၂၃။ မကြည်သွယ်မြေ့မွန် (ချောင်းဦးမြို့) ၂၄။ မောင်ကောင်းခန့်သူ (စစ်ကိုင်းမြို့) ၂၅။ မဆုဝင့်သော် (လသာ၊ ရန်ကုန်မြို့) ၂၆။ မောင်ထက်ဝေယံလင်း (မိတ္ထီလာမြို့) ၂၇။ မမျိုးသန္တာအောင် (တောင်ရင်း၊ စစ်ကိုင်းမြို့) ၂၈။ မမြတ်သန္တာထွန်း (လသာ၊ ရန်ကုန်မြို့) ၂၉။ မထက်ထက်ဝင်းမွန် (မြင်းခြံမြို့) ၃၀။ မမြတ်ဆုမွန် (မိုးညှင်းမြို့) ၃၁။ မောင်ခင်မောင်သန်း (ကျောက်ဆည်မြို့) ၃၂။ မအိဖြူစင် (ညောင်ဦးမြို့) ၃၃။ မစန္ဒာဝင်း (ကော့ကရိတ်မြို့)

[ ဤပြိုင်ပွဲတွင် အဖြေမှန်သူ ၃၃ ဦးရှိရာ အဖြေမှန်သူများထဲမှတစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ခဲ့ရာ အမှတ်စဉ် ၂၆၊ **မောင်ထက်ဝေယံလင်း၊** ပဉ္စမတန်း (H)၊ အ.ထ.က (၁)၊ မိတ္ထီလာမြို့သည် ကံထူးရှင်အဖြစ် ရွေးချယ်ခံရကြောင်းကြေညာအပ်ပါသည်။ ကျန် ၃၂ ဦးထဲမှ ဂုဏ်ပြုဆုရှင် ၂ ဦးကို ကံစမ်းမဲစနစ်ဖြင့် ရွေးချယ်ခဲ့ရာ အမှတ်စဉ် ၆၊ **မေလမင်း၊** VI A၊ အ.ထ.က၊ လဲချားမြို့နှင့် အမှတ်စဉ် ၂၃၊ **မကြည်သွယ်မြေ့မွန်၊** သတ္တမတန်း (A)၊ အ.ထ.က၊ ချောင်းဦးမြို့တို့နှစ်ဦးသည် ဂုဏ်ပြုဆုရှင်များအဖြစ် ရွေးချယ်ခံရကြောင်း ကြေညာအပ်ပါသည်။

ဆုအဖြစ် ပထမဆုရှင်အား ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်မဂ္ဂဇင်းတို့ကို ချီးမြှင့်မည်ဖြစ်ပြီး ဂုဏ်ပြုဆုရှင်နှစ်ဦးအား ရတနာပန်းခင်မဂ္ဂဇင်း တစ်အုပ်စီချီးမြှင့်သွားမည် ဖြစ်ပါသည်။]

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၃]

### [အဖြေမှန်သူများစာရင်း]

[ အဖြေမှန်သူတစ်ဦးမျှမရှိပါ ]



www.burmeseclassic.com

www.burmeseclassic.com

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၄]

### [အဖြေမှန်သူများစာရင်း]

၁။ မိုးပွင့်ချိုဖော် (တောင်သာမြို့) ၂။ စိုင်းအောင်ဝင့်သူ (မြင်းခြံမြို့) ၃။ ဆုသဒ္ဒါအောင် (ချောက်မြို့) ၄။ မောင်ဥက္ကာကိုကို (ပခုက္ကူမြို့) ၅။ မောင်သာထက်ထူး (သာစည်မြို့) ၆။ ဆလိုင်းပေါင်းပေါင်း (နေပြည်တော်၊ တပ်ကုန်းမြို့) ၇။ မမေဇွန်အောင် (ထန်းတပင်မြို့) ၈။ မမျိုးသန္တာအောင် (တောင်ရင်း၊ စစ်ကိုင်းမြို့) ၉။ မောင်ကောင်းခန့်သူ (စစ်ကိုင်းမြို့) ၁၀။ မောင်ပြည့်ပိုင်မှူး (မိတ္ထီလာမြို့) ၁၁။ မထက်ထက်ဝင်းမွန် (မြင်းခြံမြို့)

[ ဤပြိုင်ပွဲတွင် အဖြေမှန်သူ ၁၁ ဦးရှိရာ အဖြေမှန်သူများထဲမှတစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ခဲ့ရာ အမှတ်စဉ် ၇၊ **မမေဇွန်အောင်**၊ နဝမတန်း (က)၊ အ.ထ.က၊ ထန်းတပင်မြို့သည် ကံထူးရှင်အဖြစ် ရွေးချယ်ခံရကြောင်း ကြေညာအပ်ပါသည်။

ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner Pocket Dictionary 2005 နှင့် ရတနာပန်းခင်းမဂ္ဂဇင်းတို့ကို ချီးမြှင့်မည် ဖြစ်ပါသည်။]

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၅]

### [အဖြေမှန်သူများစာရင်း]

**မထက်ယမုံအောင်**၊ ဆဋ္ဌမတန်း၊ ဖောင်တော်ဦးကျောင်း၊ အကွက် ၄၅ နန်းရှေ့၊ မန္တလေးမြို့သည် စာတန်း ၅ ခုတွင် ၄ ခုမှန်၍ တစ်ခုမှားဖြေထားသည်ကို တွေ့ရပါသည်။ သို့ပါ၍ မထက်ယမုံအောင်အား ဂုဏ်ပြုဆုအဖြစ် ရတနာပန်းခင်းမဂ္ဂဇင်းတစ်အုပ်ကို လက်ဆောင်အဖြစ် ချီးမြှင့်မည်ဖြစ်ပါသည်။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၆]


### [အဖြေမှန်သူများစာရင်း]

[ သတ်မှတ်ထားသည့်အမှတ်အဆင့်ထိ မီအောင်ဖြေဆိုနိုင်သူတစ်ဦးမျှမရှိပါ။ **မောင်ပြည့်ပိုင်မှူး** X(B) အ.ထ.က (၁) မိတ္ထီလာမြို့ တစ်ဦးတည်းသာ အဖြေများကို ကြိုးစားဖြေဆိုထားသည်ကို တွေ့ရပါသည်။ သို့သော် တတိယဆုအတွက် သတ်မှတ်ထားသည့် အမှတ်အဆင့်ကိုမှု မီအောင်မဖြေနိုင်ပါ။ သို့သော် မောင်ပြည့်ပိုင်မှူး၏ ကြိုးစားဖြေဆိုမှုကို ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုလက်ဆောင်အဖြစ် ရတနာပန်းခင်းမဂ္ဂဇင်းတစ်အုပ်ကို ချီးမြှင့်လိုက်ပါသည်။]

ရတနာပန်းခင်း
ရုပ်စုံမဂ္ဂဇင်း

အတွဲ ၁၅၊ အမှတ် ၁၊ ၂၀၁၀ ပြည့်နှစ်၊ မတ်လ

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ[၁]အဖြေ




**အဖြေ – (က) ASH**

LASH = (v) ကြာပွတ်ဖြင့်ရိုက်သည်။
BASH = ပြင်းထန်စွာထိခိုက်သည်။
SASH = (n) စလွယ်၊ ခါးစည်း၊ ရွှေ့လျားမှန်ဘောင်
STASH = (v) ဝှက်ထားသည်။
GASH = (v) ခုတ်ခွဲသည်။ (n) ခွဲရာ၊ ထိရှရာ
CASH = (n) လက်ဝယ်ရှိငွေ
MASH = (n) စုချေနယ်ထားသောအရာ၊ ဖွဲကို ရေဖြင့်နယ်ထားသော မြင်းစာ
PASH = ခဏတစ်ဖြုတ်စိတ်ရူးပေါက်စွဲလန်းမှု
WASH = (v) ဆေးကြောသည်၊ လျှော်ဖွပ်သည်။

**အဖြေ – (ခ) ORE**

LORE = (n) ပုရာဏ်ကျမ်းအတတ်၊ လူမျိုးစုထုံးဓလေ့
BORE = (v) အပေါက်ဖောက်သည် (n) အပေါက်



www.burmeseclassic.com

www.burmeseclassic.com

ငြီးငွေ့စရာကောင်းသောသူ

SORE = (adj) အနာရှိသော၊ နာသော၊ နာကျဉ်သော (n) အနာ

STORE = (n) သိမ်းဆည်းသိုလှောင်ထားသော ပစ္စည်း (v.t) သိုမှီးသိမ်းဆည်းထားသည်

GORE = (n) သွေးတုံး၊ သွေးခဲ (v.t) ဝှေ့သည်၊ ခတ်သည်၊ ထိုးစိုက်သည်။

CORE = (n) အူတိုင်၊ ဗဟိုမဏ္ဍိုင်

MORE = (adj) ပို၍များပြားသော (adv) များများ (n) အများ

PORE = (n) မွေးညှင်းပေါက်၊ အပေါက်ကလေး (v) လေ့လာသည်။ လေးနက်စွာစဉ်းစားသည်။

WORE = (v) ဝတ်ဆင်ခဲ့သည်။ မှန်းတီးခဲ့သည်။ ကိုင်ဆောင်ထားခဲ့သည်။ မောပန်းနွမ်းနယ်ခဲ့သည်။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(၂)အဖြေ

**အဖြေ – 69**

**သက်သေပြချက် (၁)**

ပထမမြောက်ကိန်းကို 2 နှင့်မြှောက်၍ 1 ထည့်ပေါင်းပါက ဒုတိယမြောက်ကိန်းကိုရရှိ၍ ဒုတိယမြောက်ကိန်းကို 2 နှင့်မြှောက်၍ 1 နုတ်ပါက တတိယမြောက်ကိန်းကိုရရှိကာ တတိယမြောက်ကိန်းကို 2 နှင့်မြှောက်၍ 1 ပေါင်းပါက စတုတ္ထမြောက်ကိန်းကိုရရှိမည်ဖြစ်သည်။ ထို့အတူ စတုတ္ထမြောက်ကိန်းကို 2 နှင့်မြှောက်၍ 1 နုတ်ပါက မေးခွန်းသင်္ကေတဖြစ်သည့် ပဉ္စမမြောက်ကိန်းကို ရရှိပါမည်။ အဆိုပါ ပဉ္စမမြောက်ကိန်းကို 2 နှင့်မြှောက်၍ 1 ပေါင်းပါက ဆဋ္ဌမမြောက်ကိန်းကို ရရှိမည်ဖြစ်သည်။

$(4\times2) + 1 = 8 + 1 = 9$ ဒုတိယမြောက်ကိန်း

$(9\times2) - 1 = 18 - 1 = 17$ တတိယမြောက်ကိန်း

$(17\times2) + 1 = 34 + 1 = 35$ စတုတ္ထမြောက်ကိန်း

$(35\times2) - 1 = 70 - 1 =$ (69) ပဉ္စမမြောက်ကိန်း (မေးခွန်းသင်္ကေတတွင်ဖြည့်ရမည့်ကိန်း)

$(69\times2) + 1 = 138 + 1 = 139$ ဆဋ္ဌမမြောက်ကိန်း

**သက်သေပြချက်(၂)**

ပထမကိန်းကို 2 နှင့်မြှောက်၍ရရှိသော ရလဒ်ကို ဒုတိယကိန်းနှင့်ပေါင်းပါကရရှိလာမည့် ရလဒ်သည် တတိယမြောက်ကိန်းဖြစ်နေသည်။ ထို့အတူ ဒုတိယကိန်းကို 2 နှင့်မြှောက်၍ တတိယမြောက်ကိန်းနှင့်ပေါင်းပါက စတုတ္ထမြောက်ကိန်းကို ရရှိမည်ဖြစ်သည်။ တဖန်တတိယမြောက်ကိန်းကို 2 နှင့်မြှောက်၍ စတုတ္ထမြောက်ကိန်းနှင့်ပေါင်းပါက ပဉ္စမမြောက်ကိန်း (မေးခွန်းသင်္ကေတပြ)ကို ရရှိမည်ဖြစ်ပါသည်။ ထို့နောက် စတုတ္ထမြောက်ကိန်းကို 2 နှင့်မြှောက်၍ ပဉ္စမမြောက်ကိန်းနှင့်ပေါင်းပါက ဆဋ္ဌမမြောက်ကိန်းကို ရရှိမည်ဖြစ်ပါသည်။


$4 \times 2 = 8 + 9 = 17$

$9 \times 2 = 18 + 17 = 35$

$17 \times 2 = 34 + 35 =$ (69)

$35 \times 2 = 70 + 69 = 139$

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(၃)အဖြေ




**အဖြေ – 25**

**သက်သေပြချက်**

ပထမစက်ဝိုင်း $\frac{32^2}{2} = 512\ (16 \times 32)$


ဒုတိယစက်ဝိုင်း $\frac{48^2}{2} = 1152\ (8 \times 144)$

ထို့ကြောင့် တတိယစက်ဝိုင်း

$\frac{40^2}{2} = 800\ (32 \times 25)$

ထို့ကြောင့် တတိယမြောက်စက်ဝိုင်း၏ ကွက်လပ်နေရာ၌ လိုနေသောကိန်းမှာ 25 ဖြစ်ပါသည်။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(၄)အဖြေ




**အဖြေ – ပုံ (2)**



www.burmeseclassic.com

www.burmeseclassic.com

<u>သက်သေပြချက်</u>

ကျွန်ပုံများသည် အပိတ်ပုံစံဖြစ်ကြသည်။ လိုင်းဖြောင့်များပါရှိသည်။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(၅)အဖြေ

**STEAK, YORNB, CREHUCA**
**RANIBAS, THROWDOWRS**

အဖြေ – **KEATS, BYRON, CHAUCER WORDSWORTH, SABRINA**

ကမ္ဘာကျော် ကဗျာဆရာ ၅ ဦး၏အမည်များ ဖြစ်ကြပါသည်။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(၆)အဖြေ

**၁။ အင်္ဂုလိမာလ သို့သော် အဇာတသတ်ဘုရင်က ဂေါတမမြတ်စွာဘုရားကို "ဘယ်လိုအသက်ရှင်တဲ့ပုဂ္ဂိုလ်ရဲ့ အသက်ရှင်ခြင်းမျိုးကို အမြတ်ဆုံးသော အသက်ရှင်ခြင်းဟူ၍ ဘုရား။ ပစ္စေကဗုဒ္ဓါ၊ အရိယာသူတော်ကောင်းတွေ မိန့်ဆိုခဲ့ကြပါသည်"ဟူ၍ မေးရာ မြတ်စွာဘုရားသခင်က အာဠာဝကဏ်မေးခွန်းကို မည်သို့ပြန်လည် ဖြေကြားခဲ့ပါသနည်း။**

အဠာဝကဘီလူးက ဂေါတမမြတ်စွာဘုရားကို "ဘယ်လိုအသက်ရှင်တဲ့ပုဂ္ဂိုလ်ရဲ့ အသက်ရှင်ခြင်းမျိုးကို အမြတ်ဆုံးသော အသက်ရှင်ခြင်းဟူ၍ ဘုရား။ ပစ္စေကဗုဒ္ဓါ၊ အရိယာသူတော်ကောင်းတွေ မိန့်ဆိုခဲ့ကြပါသည်"ဟူ၍ မေးရာ မြတ်စွာဘုရားသခင်က အာဠာဝကဏ်မေးခွန်းကို 'ပညာဇီဝိတမာ ဟု သေဋ္ဌံ' အို အာဠာဝက၊ နာလော့၊ ပညာဖြင့် အသက်ရှင်သူ၏ အသက်ရှင်ခြင်းကို အထူးသဖြင့် ချီးမွမ်းအပ်မြတ်သော အသက်ရှင်ခြင်းဟူ၍ ဘုရားအစ၊ များလှဘိတောင်း၊ ပညာရှိအပေါင်းတို့ ငြိမ့်ညောင်းသံချို၊ မိန့်တော်မူကြကုန်ပြီဟူ၍ ဖြေကြားခဲ့သည်။

**၂။ နိုင်ငံခြားသမိုင်းပညာရှင် မစ္စတာလုပ်စ်က 'ပုဂံ'နှင့် ပတ်သက်၍ သမိုင်းပညာရှင် ဗိုလ်မှူးဘရှင်ကို ပြောကြားခဲ့သည့်စကားမှာ မည်သည့်စကား ဖြစ်ပါသနည်း။**

နိုင်ငံခြားသမိုင်းပညာရှင် မစ္စတာလုပ်စ်က 'ပုဂံ'နှင့် ပတ်သက်၍ သမိုင်းပညာရှင်ဗိုလ်မှူးဘရှင်ကို ပြောကြားခဲ့သည့်စကားမှာ "ပုဂံရောက်ပြီးတဲ့ မြန်မာတစ်ယောက်ဟာ သူ့ကိုယ်သူ 'မြန်မာပေါ့'လို့ ရင်ကော့ပြီး ပြောရဲတဲ့ သတ္တိတွေ ရှိလာလိမ့်မယ်"ဟူသော စကားဖြစ်ပါသည်။

**၃။ 'မှတ်သားလူ့တွင်၊ တနည်းဆင်ပိမ့်၊ သွန့်သင်လွယ်ရာ၊ ငယ်စဉ်ခါက၊ ပညာမရ၊ ဒုတိယဥ္စ၊ မဲ့ထဥစွာ၊ တတိယာတွင်၊ ဓမ္မာမပျော်၊ ကျင့်ယွင်းချော်မူ၊ မှည့်ရော်သက်ကြီး၊ သေချိန်နီးတွင် ကိုယ်ထီးလက်ချ၊ သုံးမကျတည့်'ဟူသော 'လောကနီတိ'ကဗျာကို မည်သူရေးစပ်ခဲ့ပါသနည်း။**

'မှတ်သားလူ့တွင်၊ တနည်းဆင်ပိမ့်၊ သွန့်သင်လွယ်ရာ၊ ငယ်စဉ်ခါက၊ ပညာမရ၊ ဒုတိယဥ္စ၊ မဲ့ထဥစွာ၊ တတိယာတွင်၊ ဓမ္မာမပျော်၊ ကျင့်ယွင်းချော်မူ၊ မှည့်ရော်သက်ကြီး၊ သေချိန်နီးတွင် ကိုယ်ထီးလက်ချ၊ သုံးမကျတည့်'ဟူသော 'လောကနီတိ'ကဗျာကို 'ဦးရှင်ကလေး'က ရေးစပ်ခဲ့ပါသည်။

**၄။ အနာဂတ်တွင် အသက်ရှင်ရပ်တည်ဖို့ ၁။ အနာဂတ်အတွက် မျှော်မှန်းလုပ်ဆောင်ခြင်း Anticipation ၂။ တီထွင်ကြံဆခြင်း Innovation ၃။ အကောင်းဆုံးဖြစ်အောင် ကြံဆခြင်း Excellence ဆိုသည့် သော့သုံးချောင်းလိုအပ်သည်ဟူသော ယူဆချက်ကို မည်သူက ရေးသားခဲ့ပါသနည်း။**

အနာဂတ်တွင် အသက်ရှင်ရပ်တည်ဖို့ ၁။ အနာဂတ်အတွက် မျှော်မှန်းလုပ်ဆောင်ခြင်း Anticipation ၂။ တီထွင်ကြံဆခြင်း Innovation ၃။ အကောင်းဆုံးဖြစ်အောင်ကြံဆခြင်း Excellence ဆိုသည့် သော့သုံးချောင်းလိုအပ်သည်ဟူသော ယူဆချက်ကို ဘာကာ Barker ဆိုသူက ရေးသားခဲ့ပါသည်။

**၅။ မြန်မာနိုင်ငံသုတေသနအသင်း Burma (Myanmar) Research Society မှ ထုတ်ဝေခဲ့သော ပညာရပ်ဆိုင်ရာဂျာနယ်မှာ မည်သည့်ဂျာနယ်ဖြစ်၍ မည်သည့်ခုနှစ်တွင် ထုတ်ဝေခဲ့ကာ ဒုတိယကမ္ဘာစစ်မတိုင်မီအထိ မြန်မာဆောင်းပါးစာတန်းများကို မည်သူတို့က အများဆုံးရေးသားခဲ့ပါသနည်း။**

မြန်မာနိုင်ငံသုတေသနအသင်း Burma (Myanmar) Research Society မှ ထုတ်ဝေခဲ့သော ပညာရပ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ရာဂျာနယ်မှာ Burma (Myanmar) Research Journal ဖြစ်၍ ၁၉၁၁ ခုနှစ်၊ ဖွန်လတွင်ထုတ်ဝေခဲ့ကာ ဒုတိယကမ္ဘာစစ်မတိုင်မီအထိ မြန်မာဆောင်းပါးစာတန်းများကို ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း) ဆရာကြီးဦးဘဖေ၊ ပုဂံဝန်ထောက်ဦးတင် စသော မြန်မာပညာရှင်ကြီးများက ရေးသားခဲ့ကြပါသည်။

**၆။ ကမ္ဘာပေါ်တွင် မီးခြစ်ဆံကို မည်သည့်ခုနှစ်က မည်သူတို့ တီထွင်ခဲ့ကြပါသနည်း။**

ကမ္ဘာပေါ်တွင် မီးခြစ်ဆံကို အေဒီ ၁၇၈၀ ပြည့်နှစ်တွင် ပြင်သစ်သိပ္ပံပညာရှင်တစ်စုက တီထွင်ခဲ့ကြပါသည်။

*[ ဤမီးခြစ်ဆံမှာ အလုံပိတ်ထားသော ဖန်ပြွန်ငယ်တစ်ခုကို ထိပ်ဖျားတွင် 'ဖော့စဖိုရပ်စ်' သုတ်လိမ်းထားသော စက္ကူတပ်ဆင်ထားသည်။ ]*

**၇။ အသက် ၈–နှစ်သားအရွယ်ကပင် ၃၆၅ ကို ၆ဆက် (၃၆၅×၃၆၅×၃၆၅×၃၆၅×၃၆၅×၃၆၅) စိတ်တွက် တွက်၍ တစ်မိနစ်အတွင်း အဖြေမှန် ၁၃၃, ၄၉၁, ၈၅၀, ၂၀၈, ၅၆၆, ၉၂၅, ၀၁၆, ၆၅၈, ၂၉၉, ၉၄၁, ၅၈၃, ၂၅၅ ကို ပြောကြားနိုင်သူမှာ မည်သူဖြစ်ပါသနည်း။**

အသက် ၈–နှစ်သားအရွယ်ကပင် ၃၆၅ ကို ၆ဆက် (၃၆၅×၃၆၅×၃၆၅×၃၆၅×၃၆၅×၃၆၅) စိတ်တွက် တွက်၍ တစ်မိနစ်အတွင်း အဖြေမှန် ၁၃၃, ၄၉၁, ၈၅၀, ၂၀၈, ၅၆၆, ၉၂၅, ၀၁၆, ၆၅၈, ၂၉၉, ၉၄၁, ၅၈၃, ၂၅၅ ကို ပြောကြားနိုင်သူမှာ အမေရိကန်နိုင်ငံသား သင်္ချာပါရဂူ 'ထရူးမန်းဆက်ဖို' ဖြစ်ပါသည်။

**၈။ ၁၉၄၇ ခုနှစ် ၁၉၅၅ ခုနှစ်အထိ မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးက တင်ဆက်ကပြခဲ့သော စာဆိုတော်နေ့အထိမ်းအမှတ်ပြဇာတ်များဖြစ်ကြသည့် ခုံတော်မောင်ကျာဘမ်း၊ ဝန်ဖင်းမင်းရာဇာ၊ နတ်ရှင်နောင်၊ မြဝတီမင်းကြီးဦးစ၊ လှိုင်ထိပ်ခေါင်တင်ပြဇာတ်များတွင် အဓိကဇာတ်ဆောင်အဖြစ်ပါဝင်ကာ မင်းသမီး မေသန်း၊ မေနွဲ့၊ မေသစ်၊ မေချစ်တို့နှင့် တွဲဖက်ကပြသရုပ်ဆောင်ခဲ့သူမှာ မည်သူဖြစ်ပါသနည်း။**

၁၉၄၇ ခုနှစ် ၁၉၅၅ ခုနှစ်အထိ မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးက တင်ဆက်ကပြခဲ့သော စာဆိုတော်နေ့အထိမ်းအမှတ် ပြဇာတ်များဖြစ်ကြသည့် ခုံတော်မောင်ကျာဘမ်း၊ ဝန်ဖင်းမင်းရာဇာ၊ နတ်ရှင်နောင်၊ မြဝတီမင်းကြီးဦးစ၊ လှိုင်ထိပ်ခေါင်တင်ပြဇာတ်များတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ကာ မင်းသမီး မေသန်း၊ မေနွဲ့၊ မေသစ်၊ မေချစ်တို့နှင့် တွဲဖက်ကပြသရုပ်ဆောင်ခဲ့သူမှာ 'ရွှေညာမောင်' ဖြစ်ပါသည်။

**၉။ ၁၂၇၀ ပြည့်နှစ်တွင် ဖွားမြင်ခဲ့ပြီး ယခု ၁၃၇၀ ပြည့်နှစ်တွင် နှစ် ၁၀၀ တင်းတင်းပြည့်ခဲ့ကြသော ပုဂ္ဂိုလ်များအနက် ထင်ရှားကျော်ကြားခဲ့သည့် အနည်းဆုံး ပုဂ္ဂိုလ် ၁၀ ဦးကို ဖော်ပြပါ။**

၁၂၇၀ ပြည့်နှစ်တွင် ဖွားမြင်ခဲ့ပြီး ယခု ၁၃၇၀ ပြည့်နှစ်တွင် နှစ် ၁၀၀ တင်းတင်းပြည့်ခဲ့ကြသော ပုဂ္ဂိုလ်များအနက် ထင်ရှားကျော်ကြားခဲ့သည့် ပုဂ္ဂိုလ်များမှာ (၁) မြကေတု (၂) သထုံဘသိန်း (၃) မေမေဝင်း (၄) အလင်္ကာကျော်စွာအေဝမ်းဦးတင်မောင် (၅) အလင်္ကာကျော်စွာစောင်းဦးဘသန်း (၆) ကုလသမဂ္ဂမအတွင်းရေးမှူးချုပ်ဦးသန့် (၇) ခေတ်စမ်းကဗျာဆရာကြီးမင်းသုဝဏ် (၈) အလင်္ကာကျော်စွာရွှေပြည်အေး (၉) အလင်္ကာကျော်စွာ မြို့မငြိမ်း (၁၀) အလင်္ကာကျော်စွာ ဒဂုန်ဆရာတင် (၁၁) စာပေပညာရှင်ကြီး ဦးထင်ဖတ် (၁၂) အမျိုးသားဂီတစာဆိုရွှေတိုင်ညွန့် (၁၃) ဦးသုခ စသည်တို့ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ရတနာပန်းခင်း

ရုပ်စုံမဂ္ဂဇင်း

အတွဲ ၁၅၊ အမှတ် ၄၊ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ

## ဗဟုသုတဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၆]

၁။ 'ကိုလံဘတ်နေ့' Columbus Day ကို မည်သည့်နိုင်ငံများက နှစ်စဉ် မည်သည့်လ၊ မည်သည့်ရက်တွင် ကျင်းပကြသနည်း။

၂။ အမေရိကန်ပြည်ထောင်စုတွင် အရောင်းကောင်းဆုံးစာအုပ်ချီးမြှင့်ရာ၌ Gold Record ဆုနှင့် Platinum Record ဆုများအတွက် စာအုပ်မည်မျှစီရောင်းချရကြကန့်ပါမှ ဆုချီးမြှင့်ကြပါသနည်း။

၃။ Swahili ဘာသာစကားကို မည်သည့်ဒေသများတွင် ပြောဆိုကြပါသနည်း။

၄။ Cleveland ကို မည်သူ စတင်တွေ့ရှိခဲ့ပါသနည်း။

၅။ ကမ္ဘာပေါ်ရှိ ငှက်များမျိုးသုဉ်းမပျောက်ကွယ်ရေးအတွက် 'ငှက်နေ့' Bird Day ကို နှစ်စဉ် မည်သည့်နိုင်ငံက မည်သည့် လ၊ ရက်တို့တွင်း ကျင်းပနေသနည်း။

၆။ အမေရိကန်နိုင်ငံတွင် ပထမဆုံးဂုဏ်ထူးဆောင်နိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်းခံရသူမှာ မည်သူဖြစ်ပါသနည်း။

၇။ မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် မန္တလေးတောင်ခြေ၌ မင်းတုန်းမင်းတရားကြီး ထွင်းထုလှူဒါန်းခဲ့သည့် ကုသိုလ်တော် ပိဋကတ်ကျောက်စာထက် ၉ ချပ်သာလျော့သော်လည်း ပိဋကတ်သုံးပုံ အပြည့်အစုံပါရှိကာ ဝိနည်းကျောက်ချပ်ရေ ၁၁၂၊ အဘိဓမ္မာကျောက်ချပ်ရေ ၂၀၅၊ သုတ္တန်ကျောက်ချပ်ရေ ၄၀၃၊ စုစုပေါင်း ကျောက်ချပ်ရေ ၇၂၀ ပါရှိသော မြန်မာသက္ကရာဇ် ၁၂၈၆ ခုနှစ်တွင် ပိဋကတ်ကျောက်စာများ ထွင်းထုကာ ကျောက်စာများကို တန်ဆောင်းငါးဆောင်းဆောက်လုပ်ထားရှိလှူဒါန်းခဲ့သော ကျောက်စာဒါယကာမှာ မည်သူဖြစ်၍ အဆိုပါကျောက်စာများကား မည်သည့်မြို့တွင် တည်ရှိနေပါသနည်း။

၈။ Cinco de Mayo ဟူသည် အဘယ်နည်း။

၉။ 'ကျွန်ုပ်သည် ဂုဏ်မြောက်သောကဗျာများကို တန်ဖိုးထားရေးဖွဲ့ခဲ့ခြင်းမရှိခဲ့ပါ။ ကျွန်ုပ်၏ကဗျာများကို ချီးမွမ်းသည်ဖြစ်စေ၊ ကဲ့ရဲ့သည်ဖြစ်စေ ကျွန်ုပ်မမှုပါ။ သို့ရာတွင် လူသားလွတ်မြောက်ရေးစစ်ပွဲ၌ စစ်သည်တော်တစ်ဦး ကျွန်ုပ်ဖြစ်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်သေလွန်သောအခါ ကျွန်ုပ်၏ ခေါင်းတလားပေါ်၌ ဓားတစ်လက်တင်ထားပေးပါ' ဟူသော ကမ္ဘာကျော်စာသားကိုရေးသားခဲ့သူမှာ မည်သည့်နိုင်ငံက မည်သည့် ကဗျာစာဆိုဖြစ်ပါသနည်း။

[အဖြေမှန်သူကို ဆုအဖြစ် ပထမ ၅၀၀၀ ကျပ်၊ ဒုတိယ ၃၀၀၀ ကျပ်၊ တတိယ ၂၀၀၀ ကျပ်နှင့် Oxford learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတစ်အုပ် ချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှတစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့်သာ ပါဝင် ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ပြိုင်ပွဲအဖြေလွှာများကို **ရတနာပန်းခင်း ရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ် ၈၀ (A)၊ အပေါ်ဆုံးထပ်၊ ၁၂၄–လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့** သို့ လိပ်မူ၍ ၁–၇–၂၀၁၀ ရက်နေ့ အရောက် ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာမျက်နှာ ၁၅၉ တွင် ဖော်ပြပေးထားပါသည်။]

www.burmeseclassic.com

# SOLUTIONS

### မတူတဲ့ မုန့်လာဥနီတစ်လုံးကို ရွေးပေးပါမှအဖြေ

မုန့်လာဥနီ D

### အဖြေညှိကြည့်လိုက်ပါလားမှအဖြေ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁ ၁ မ | ရဟာ | သ | ၂ ဇာ | | ၂ ၃ အ | ဝိ | ပ | ၄ တိ | လမ်း |
| ဟ | | | ၃ တု | သိ | တာ | | | ဝိ | |
| ဆို | | | က | | ကျူး | | ၆ ဝိ | ဋ | တတ် |
| ၅ ဓ | ဝင် | | လျာ | | သည့် | | | က | |
| ဂ | | | | | ၆ တန် | ဆောင် | | ၇ ● | လေ့ |
| နို | | | ၈ ၅ သစ် | | ဗူး | | ၉ ၈ ဝိ | ရ | |
| | ၇ လယ် | | ပ | | လ | | ရို | | ၈ ဆ |
| ၁၀ ၉ ဘာ | ဂျာ | ပ | ၁၀ ဓွေ | နဲ့ | | | ၁၁ ယ | ၁၁ မုန် | နာ |
| လီ | | ဦ | | | | ၁၂ မွဲ | | ညင်း | |
| ရည် | | ၁၂ ပတ် | ဇ | ရွာ | ဖျာ | သိမ်း | | ၁၃ ပင် | စိမ်း |

### ဘာတွေယူဆောင်သွားသလဲမှအဖြေ

1. Sun Cream နေပူခံလိမ်းဆေးဆီ 2. Cloths အဝတ်အစားများ 3. Money ငွေ 4. Walkman နားကြပ်ကက်ဆက် 5. Books စာအုပ်များ 6. Tooth-brush သွားတိုက်တံ 7. Bikini တိုနံ့နံ့ရေကူးအင်္ကျီ 8. Sandals လွှာချင်းဖိနပ်


### မတူတဲ့အချက် ၁၀ချက်ကိုရှာပါမှအဖြေ

မတူတဲ့အချက် ၁၀ ချက်ကို အမည်းဝိုင်းဖြင့် ဖော်ပြပေးထားပါတယ်။



### ဘာတွေမှားနေပါသလဲမှအဖြေ

မှားနေတဲ့ ၁၀ ခုကို အမည်းဝိုင်းဖြင့် ဝိုင်းပြထားပါတယ်။




### တူတဲ့ပုံနှစ်ခုကိုရွေးပေးပါမှအဖြေ

B နှင့် C


**စာမူပေးပို့ရန်လိပ်စာ**

အယ်ဒီတာအဖွဲ့

ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတိုက်

အမှတ် ၈၀(အေ)၊ အပေါ်ဆုံးထပ်၊

၁၂၄လမ်း၊ သပြေကုန်းရပ်ကွက်၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊

ရန်ကုန်မြို့။

ဖုန်း – ၀၉၅၁၇၄၅၂၁၊

၀၁–၂၉၉၉၄၂


www.burmeseclassic.com